# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၂)


## ဥပဒေသစ်၌ နိုင်ငံခြားသား ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သည့် ကုမ္ပဏီကို မြန်မာနိုင်ငံသား ကုမ္ပဏီအနေဖြင့် သတ်မှတ်

## မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများ ပူးပေါင်းလုပ်ကိုင်ခွင့်ရလာတော့မည်ဖြစ်၍ အခွင့်အရေးကို ထိရောက်စွာအသုံးချ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် ဦးဝင်းမော်ထွန်း၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီဝင်းရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❋




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
သတင်းစဉ်

## ကလေးစာပေပွဲတော်ကို ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

စာ - ၅



## တည်ပင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့် လက်ကားဈေးသစ်ကြီး ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည်

စာ - ၈

## တရုတ်နိုင်ငံ ပေကျင်းတွင် မောင်းသူမဲ့ရထားလမ်း အပါအဝင် အဆင့်မြင့် ရထားလမ်းများ ဖွင့်လှစ်မည်

စာ - ၁၄

### အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်ပြည်မကြီးမှ ရွေ့လျားနေသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ ရွေ့လျားလာသော လေနွေးများစုဆုံမှုကြောင့် လေထုမငြိမ်သက်မှုဖြစ်ကာ ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြု**

သို့ဖြစ်၍ မိဘပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်း၊ မိုးထစ်ချုန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများအား ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ




မြန်မာ့အလင်း

# မေတ္တာတရားပွားများခြင်းဖြင့် အတွင်းရန် အပြင်ရန်တို့ကို ရှောင်ရှား

ကမ္ဘာသုံးပြက္ခဒိန်နှစ် တစ်နှစ်ကုန်ဆုံးရန် နာရီပိုင်းမျှသာ လိုတော့သည်။ နှစ်ဟောင်းကို နှုတ်ဆက်ကာ နှစ်သစ်ကို ကြိုဆိုကြသည့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများ ကျင်းပကြရန်လည်း လှုပ်ရှားတက်ကြွနေကြပြီ။ နှစ်သစ်ကူး အခါသမယသည် နှစ်ဟောင်းမှ ချစ်ခြင်းမေတ္တာနှင့် ကရုဏာတရားတို့ကို ပြန်လည်အမှတ်တရရှိကြဖို့နှင့် နှစ်သစ်ဆီသယ်ဆောင်သွားကြဖို့ ပြင်ဆင်သည့်ကာလဖြစ်သည်ဟု အကောင်းမြင်သူ မေတ္တာဝါဒီတို့က ဆိုကြသော်လည်း အမုန်းတရားနှင့် အမျက်ဒေါသတို့၏ မီးတောက်မီးလျှံတို့က ကုန်ဆုံးအံ့ဆဲဆဲ နှစ်တစ်နှစ်၏ နောက်ဆုံးနေ့ရက်များသို့ တိုင်အောင် တောက်လောင်နေဆဲ။ ဖောက်ခွဲတိုက်ခိုက်မှု၊ ပစ်ခတ်သတ်ဖြတ်မှုများက ကမ္ဘာ့သတင်းများပေါ်တွင် ထိပ်စီးသတင်းများအဖြစ် နေရာယူနေဆဲ။

တစ်သက်၊ နှစ်သက် သို့မဟုတ် အသက်ပေါင်းများစွာ သေကျေပျက်စီးရခြင်း၊ ထိခိုက်နာကျင်စေခြင်းအတွက် ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေး စသည်ဖြင့် မည်သို့ပင် အကြောင်းများပြကြစေကာမူ လောကပါလ တရားများ ပျောက်ဆုံးခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အစရှိသော ၁၀ ပါးသော ကိလေသာမီးတို့ လောင်မြိုက်ခြင်းကသာ အဓိက အကြောင်းရင်းခံ ဖြစ်သည်။ မေတ္တာတရားအကြောင်း၊ သည်းခံခြင်းအကြောင်း၊ အကြမ်းမဖက်ခြင်းအကြောင်းတို့ကို ဘာသာတရားတို့က မည်သို့ပင် လမ်းညွှန်ပြသဆုံးမထားကြစေကာမူ အနိုင်အထက်ပြုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းစသည့် သားရိုင်းတိရစ္ဆာန်တို့၏ အပြုအမူမျိုးကို အဓမ္မဝါဒီတို့က ပြုမူနေကြခြင်းလည်း ဖြစ်သည်။

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ် အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ။ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန် အပြင်ရန်ဟူ၍ မရှိနိုင်ဟူ၍ ဗုဒ္ဓဝါဒက ဆိုဆုံးမထားသည်။ ကံနှင့် ကံ၏အကျိုးတို့ကို ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်များက မေတ္တာတရားသည် အကျိုးအာနိသင် လွန်စွာများပြား ကြီးမားမြင့်မြတ်ပြီး ဘဝသမ္ပတ္တိ အကျိုးပေးသန်သည့် ကောင်းသောကံများအနက် အထွတ်အမြတ်ဆုံးအဖြစ် ယုံကြည်ကြသည်။

မျက်မှောက်ကာလတွင် မိမိတို့သည် ရန်များသော ကမ္ဘာကြီးတွင် နေထိုင်ရှင်သန်နေကြရသည်။ မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သို့ပေါ်လာမည်ဟု မသိနိုင်သော အကြမ်းဖက် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုများအတွက် စိုးရိမ်ကြောင့်ကြနေကြရသည်။ နှစ်သစ်ကူး အခါသမယကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲဖြတ်သန်းကြရေးအတွက် လုံးပန်းနေကြသလို အနိဋ္ဌာရုံဖြစ်ရပ်များ ပေါ်ပေါက်မလာစေရေးအတွက်လည်း ကြောင့်ကြစိုက် ဆောင်ရွက်နေကြရသည်ကို ကမ္ဘာတစ်ခွင်၌ တွေ့မြင်နိုင်သည်။

မိမိတို့နိုင်ငံသည်လည်း နှစ်ဟောင်း၏ လက်ကျန်ပြုဖွယ်ရှိသော အလုပ်တို့ကို နှစ်သစ်ဆီသို့ ဆက်လက်သယ်ဆောင်လုပ်ကိုင်ကြရဦးမည် ဖြစ်သည်။ လာမည့် နှစ်သစ်သည် လူတိုင်းအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းတို့ကို သယ်ဆောင်လာဦးမည်ဖြစ်ရာ မည်သို့ကြုံရသည်ဖြစ်စေ လက်ခံနိုင်သည့်အင်အားတို့ ဖြည့်တင်းထားပြီးလည်း ဖြစ်ရမည်။ မည်သို့ပင် ဆိုစေ မေတ္တာတရားဖြင့် အတွင်းရန် အပြင်ရန်တို့ကို ကျော်လွှားကာ ဘေးမသမ်းဘဲ အေးချမ်းကြပါစေကြောင်း။ ။

# တရားစွဲမှုနှင့် အမှုလိုက်လုပ်ငန်း မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်




**ထားဝယ် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ Hotel Dawei အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေအရာရှိများသည် ဥပဒေအရာရှိကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်ကြရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် ဥပဒေစိစစ်ရေး၊ ဥပဒေအကြံဉာဏ်ပေးရေး၊ တရားစွဲမှုနှင့် အမှုလိုက်လုပ်ငန်း၊ စီမံရေးရာနှင့် ဘဏ္ဍာရေးကိစ္စများတွင်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

# ဖျာပုံ-ရန်ကုန် ပုဂ္ဂလိက နှစ်ထပ်ရေယာဉ်လိုင်း ခရီးသည် နည်းပါး

**ဖျာပုံ ဒီဇင်ဘာ ၃၀**

ဖျာပုံ-ရန်ကုန်ပုဂ္ဂလိက ရေယာဉ်လိုင်းသည် တစ်ချိန်က မြစ်ဝကျွန်းပေါ်ဒေသခွဲမှ ရောဝတီ သုံးထပ်၊ နှစ်ထပ်ရေယာဉ်များနှင့် နေ့စဉ်ယှဉ်ပြိုင်ပြေးဆွဲခဲ့ရကြောင်း သိရသည်။

ဖျာပုံ-ရန်ကုန် မော်တော်ကားလမ်းများ ပေါ်ပေါက်လာပြီး မကြာမီ ရောဝတီရေယာဉ်များတွင် ခရီးသည်နှင့် ကုန်ပစ္စည်းများနည်းပါးသွားသဖြင့် ပြေးဆွဲခြင်းမပြုသည်မှာ ကာလကြာမြင့်နေပြီဖြစ်သည်။

ပုဂ္ဂလိကနှစ်ထပ်ရေယာဉ်များမှာ စီးပွားရေးဆန်ဆန် ကုန်တင်သည့် ကုန်သည်များ ပွဲရုံမှရရှိမည့် ကုန်ဖိုးငွေများ ကြိုတင်ပေးစနစ်ကျင့်သုံးခြင်း၊ ရန်ကုန်-ဖျာပုံ လွှဲငွေများ လက်ခံဆောင်ရွက်ခြင်းတို့ဖြင့် ရေယာဉ်များ နေ့စဉ်ထွက်ရှိနိုင်ရေး ယာဉ်ပိုင်ရှင်များ၊ ရေယာဉ်စာရေးများနှင့် ကုန်တာဝန်ခံ (စူကာနီ)တို့ ကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် ဖျာပုံ- ရန်ကုန်၊ ရန်ကုန်-ဖျာပုံ နေ့စဉ်နှစ်ထပ်ရေယာဉ်တစ်ရက်တစ်စင်း ပုံမှန်ထွက်လျက်ရှိကြောင်း သိရသည်။



ရေယာဉ်စာရေးတစ်ဦးက ရေယာဉ်လိုင်းတွင် နှစ်ထပ်ရေယာဉ်ငါးစင်းရှိကြောင်း၊ ဖျာပုံ-ရန်ကုန်၊ ရန်ကုန်-ဖျာပုံ နေ့စဉ်ညနေပိုင်းတွင် တစ်စင်းပုံမှန်ထွက်ရှိကြောင်း၊ ရေယာဉ်စီးခလူတစ်ဦး ငွေကျပ် ၁၅၀၀ သတ်မှတ်ထားပြီး ခရီးသည်နည်းပါးကြောင်း၊ ဖျာပုံအထွက်မှာ ဒေသထွက်ပစ္စည်းများဖြစ်သည့် ဆန်၊ ဘဲဥကြက်ဥ၊ ရေထွက်ကုန်များ အဓိကတင်ဆောင်ကာ ရန်ကုန်မှ ကုန်ခြောက်ပစ္စည်း၊ လူသုံးကုန်နှင့် ရေလုပ်ငန်းသုံးပစ္စည်းများ အဓိကတင်ဆောင်ရပြီး ကုန်တင်တန်ဆာခများကိုလည်း မော်တော်ကားများထက် လျှော့ယူနေရကြောင်း ပြောသည်။

**အောင်ဝင်း(ဖျာပုံ)**

# ရတနာသိင်္ခတံတားတွင် ရှောင်တခင်ပိတ်ဆို့စစ်ဆေး

**ကျောက်မြောင်း ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့၌ ရတနာသိင်္ခတံတားအထွက်တွင် မူးယစ်ဆေးဝါးရောင်းဝယ် သုံးစွဲမှုပပျောက်ရေး၊ လူကုန်ကူးမှု အန္တရာယ် ပပျောက်ရေး၊ ကာကွယ်တားဆီးရေးတို့အတွက် ရှောင်တခင်ပိတ်ဆို့စစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၈ ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသန့်၊ စခန်းမှူး ရဲအုပ်ဌေးလှိုင်နှင့် အဖွဲ့ဝင်များ၊ မီးသတ် ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်လင်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ရွှေ၊ ငွေ၊ စက် သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၁၂-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၇၅/၈၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၅/၈၂၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၂ | ・၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ | ・၇ |
| ထိုင်း | တစ်ဘတ် | ၄၁ | ・၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၂ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ・၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ | ・၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် စက်မှုမိသားစုနှင့် လမင်းသာ စားသောက်ဆိုင်တို့မှ ကြီးမှူးကျင်းပသော (စတုတ္ထအကြိမ်မြောက်) အမျိုးသားပိုက်ကျော်ခြင်း အားကစား ပြိုင်ပွဲကို တိုက်အမှတ် ၅၃၀၅ အနီးရှိ ပိုက်ကျော်ခြင်း အားကစားပြိုင်ကွင်း၌ ဒီဇင်ဘာ ၃၀ ရက်နံနက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ နံနက် ၇ နာရီတွင် နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ကျင်းပမည်ဖြစ်ကာ ပထမဆု ငွေကျပ်ခုနစ်သောင်း၊ ဒုတိယဆု ငွေကျပ်ငါးသောင်း၊ တတိယဆု ငွေကျပ်သုံးသောင်းတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်သည် ၂၀၁၇ ဇွန်လတွင် ပျဉ်းမနားမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နေပြည်တော် ကောင်စီနယ်မြေ အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲတွင်လည်း ပထမဆုကို ရရှိခဲ့ဖူးကြောင်း သိရသည်။

**ကိုပေါက်**

✻ ရွှေဖုံးမှ

အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကွမ်လုံ-ဟိုပန်-ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (UMFCCI)၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ ယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်းနှင့် မြန်မာနိုင်ငံ ဂျုံလုပ်ငန်းအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။


ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်။

**ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနား ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါ ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သည်မှာ တစ်နှစ်ကျော်ပြီ ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ဆောင်ရွက်မှသာ နိုင်ငံ၏အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေ တိုးပွားပြီး လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးကိုပါ တိုးတက်လာမည် ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် အခက်အခဲများ နည်းနိုင်သမျှနည်းအောင် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ဖြေရှင်းပေးလျက်ရှိ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီငါးရပ်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို နှစ်လတစ်ကြိမ် ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးလျက်ရှိသကဲ့သို့၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွေ့ကြုံနေရသည့် ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံလျက်ရှိပါကြောင်း၊ ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ (၁၂)ကြိမ် တွေ့ဆုံခဲ့ပြီး အခက်အခဲတင်ပြချက် စုစုပေါင်း အချက် ၂၀၀ ရှိပါကြောင်း။

**စိစဉ်ဆောင်ရွက်**

အဆိုပါ တင်ပြချက် ၂၀၀ စလုံးကို တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများသို့ ထပ်မံပေးပို့ခဲ့ရာ ပြန်ကြားချက်အားလုံး ရရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ပြန်ကြားချက်အားလုံးကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ အချို့ကိစ္စရပ်များသည် ဝန်ကြီးဌာန နှစ်ခု၊ သုံးခုနှင့် သက်ဆိုင်သည့်အပြင် အဆင့်နှစ်ဆင့်၊ သုံးဆင့် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အချိန်ယူ ဆောင်ရွက်ရပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဖြေရှင်းပြန်ကြားချက်များအပေါ် ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များအနေဖြင့် အပြည့်အဝ ပြီးပြတ်သည်အထိ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသည့် ကိစ္စရပ်များကို ပြန်လည်တင်ပြပေးစေလိုပါကြောင်း၊ မပြီးပြတ်သေးသည့် အချက်များကို အခြေခံပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Private Public Dialogue)များ ဆက်လက် စီစဉ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**တိုက်တွန်းပြောကြား**

မကြာသေးမီက ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သည့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေသစ်တွင် နိုင်ငံခြားသား ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သည့် ကုမ္ပဏီကို မြန်မာနိုင်ငံသားကုမ္ပဏီအနေဖြင့် သတ်မှတ်သည့်အတွက် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများသည် ပြည်ပလုပ်ငန်းရှင်များဖြင့် ပူးပေါင်းလုပ်ကိုင်ခွင့်ရလာတော့မည်ဖြစ်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် အဆိုပါအခွင့်အရေးကို ထိထိရောက်ရောက် အသုံးချကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့အပြင် နိုင်ငံတော်အနေဖြင့် ပြည်တွင်းပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်ခွဲများအား ပို့ကုန်ချေးငွေဖြည့်ဆည်းမှု (Export Financing) နှင့် ပို့ကုန်လုပ်ငန်းနှင့် ဆက်စပ်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ (Related Banking Services for Export Financing)ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်က ခွင့်ပြုပေးထားပြီး ဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ပြည်ပကုန်သွယ်မှု အခြေအနေကို ကြည့်လျှင် ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံကျော် တိုးတက်ခဲ့ပြီး အဆိုပါကုန်သွယ်မှု ပမာဏတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ ပြည်ပပို့ကုန် တိုးတက်မှုများသည် ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း။

**ဖွဲ့စည်းမိန့်ထုတ်ပြန်**

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ၉၉ ရာခိုင်နှုန်း ပါဝင်နေကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး စွမ်းရည်မြှင့်တင်ပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် (၁/၂၀၁၇) အစည်းအဝေးကို ကျင်းပခဲ့ပြီး လုပ်ငန်းများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့စသည့် အဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းနိုင်ရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့် တွဲဖက်ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ ခွင့်ပြုချက်ရယူပြီး မကြာခင် ဖွဲ့စည်းမိန့်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် ဆွေးနွေးမည့် ကဏ္ဍများအလိုက် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည့်အတွက် ပါဝင်ဆွေးနွေးကြမည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုကြောင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ရည်မှန်းချက်အတိုင်း အောင်မြင်မှုများရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် မူဝါဒများကို လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ချင်းရွှေဟော်နယ်စပ်ဂိတ် ဖွင့်လှစ်နိုင်ရေးနှင့် အနည်းဆုံးတစ်ရက်လုပ်ခလစာ အခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း**

ထို့နောက် ကွမ်လုံ-ဟိုပန်-ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (UMFCCI)၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများ အသင်း၊ မြန်မာနိုင်ငံဂျုံလုပ်ငန်းအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# အသေးစား စက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများမှတစ်ဆင့် အဆင့်မြင့်ကုန်ပစ္စည်းများအဖြစ် နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး NGO၊ INGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နည်းပညာပေး သင်တန်းများတွင် သင်ကြားပေးမှု



သာမက တတ်မြောက်သည့် ပညာရပ်များ လက်တွေ့လိုက်နာဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းအရင်းအနှီးပြု ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများက သမဝါယမအသင်းစုများ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစား စက်မှုလုပ်ငန်းဦးစီးဌာန၏ ဒုတိယ လေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ က ပြောကြားသည်။ (ဓါတ်ပုံ)

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

စီမံကိန်းလုပ်ငန်းများ ကာလတို၊ ကာလရှည် သတ်မှတ်ဆောင်ရွက်ရာတွင် နိုင်ငံတော် အစိုးရကချမှတ်ထားသည့် မူဝါဒများအား လိုက်နာပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ လျင်မြန်စွာ ဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် ခေါင်းဆောင်တစ်ဦးတွင် ရှိရမည့် အရည်အချင်းများ ပြည့်ဝစေရေးနှင့် နောက်လိုက်များအတွက် စံပြဖြစ်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများအနေဖြင့် အများအကျိုးအတွက် ဆောင်ရွက်ရန်နှင့် လိုက်နာရမည့် ကျင့်ဝတ်၊ စည်းမျဉ်း စည်းကမ်းများကို စောင့်ထိန်းလိုက်နာ ဆောင်ရွက်ရေး၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လှန်သုံးသပ် ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် တောင်သူလယ်သမားများ ဝင်ငွေနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် အသိပညာပေးလုပ်ငန်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေအိမ်တစ်လုံး ဆောက်လုပ်လှူဒါန်း

**နောင်ချို ဒီဇင်ဘာ ၃၀**

နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စု ဟိုခိုတောင်ရွာ၌ နေထိုင်သူ ဦးကျော်သူ (၃၃ နှစ်)သည် မကျန်းမာပြီး အောက်ပိုင်းလေဖြတ်ဝေဒနာကို ခံစားနေရကာ ဇနီးဖြစ်သူကလည်း စွန့်ပစ်သွားသဖြင့် (၆) နှစ်၊ (၃) နှစ်အရွယ်သမီးနှစ်ဦးနှင့် သားအဖသုံးယောက် နေထိုင်လျက်ရှိသည့် နေအိမ်မှာ ပြိုလဲမည့် အခြေအနေအထိ ပျက်စီးနေသောကြောင့် မြို့နယ်စေတနာမွန် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦးနှင့် ပရဟိတလူငယ်အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် မြို့နယ် ရပ်ကွက်စေတနာရှင်များက သွပ်မိုး၊ သွပ်ကာ၊ ၁၂ ပေခန်း တည်ဆောက်ပေးမည်ဖြစ်ရာ မြို့နယ်စေတနာမွန်အသင်းရုံးသို့ အလှူငွေများ လာရောက်လှူဒါန်းကြရာ လှူဒါန်းငွေကျပ် လေးသိန်းကျော် ရရှိနေပြီဖြစ်သည်။ ဒီဇင်ဘာ ၂၇ ရက်က အိမ်ဆောက်ရန် ပန္နက်ရိုက် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဗိသုကာပြပွဲ (၂၀၁၇-၂၀၁၈)ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

**"ပြည်သူ့အတွက်ဗိသုကာ"ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ဗိသုကာအသင်းက ကြီးမှူးကျင်းပသည့် ဗိသုကာပြပွဲ (၂၀၁၇-၂၀၁၈)-Architects' Fair (2017-2018)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမော်လင်းက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။**

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးသော်နှင့် မြန်မာနိုင်ငံ ဗိသုကာအသင်းဥက္ကဋ္ဌ ဦးဆန်းဦးတို့က ပြပွဲဖွင့်ပွဲ အမှတ်တရ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဗိသုကာအသင်းဂုဏ်ထူးဆောင်နာယက ဦးထွန်းသန်းက ဗိသုကာပြပွဲ (၂၀၁၇-၂၀၁၈)ကို ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဗိသုကာပြပွဲ (၂၀၁၇-၂၀၁၈)စကားဝိုင်း ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ပြည်သူ့အတွက် ဗိသုကာ ဆိုသကဲ့သို့ ပြည်သူများအတွက် ပိုမိုထိရောက်စွာတာဝန်ယူရေး၊ အများပြည်သူ အကျိုးစီးပွားကို ရေရှည်ကာကွယ်ရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် ဆောက်လုပ်ရေးကဏ္ဍ၌ အဓိကရှေ့ဆောင်ရှေ့ရွက်ပြုရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ယနေ့ကျင်းပသည့်ပွဲတွင် နိုင်ငံ့အရည်အသွေးမြင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာရေး၊ မြန်မာနိုင်ငံသား ဗိသုကာများနှင့် အင်ဂျင်နီယာများ၏ ကြိုးပမ်းချက် လုပ်ငန်း လက်ရာပြပွဲများကို ဂုဏ်ယူစွာ ပြသထားပြီး အထောက်အကူပြုမည့် ဆောက်လုပ်ရေး ပစ္စည်းအသစ်များ၊ နည်းပညာအသစ်များကိုလည်း ပါဝင်ပြသထားသည့်အတွက် ယခုလိုကျင်းပခြင်းသည် နိုင်ငံအတွက် အလွန်အကျိုးရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**






ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဗိသုကာအသင်းဥက္ကဋ္ဌ ဦးဆန်းဦးက ဆွေးနွေးပွဲအတွက် အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဗိသုကာ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့အတွက် ဗိသုကာ၊ ရန်ကုန်မြို့တော်အတွက် ကျွန်ုပ်တို့ ရည်မှန်းချက်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆောက်လုပ်ရေးကဏ္ဍ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး စာတမ်းပေါင်း ၁၁ စောင်ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အမျိုးသားဇာတ်ရုံဝင်းအတွင်း၌ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ မိတ်ဖက်အသင်းများနှင့် ကုမ္ပဏီများက ပြသသည့် ပြခန်းများ၊ ဆောက်လုပ်ရေး ပစ္စည်းအရောင်းပြခန်းများကိုခင်းကျင်း ပြသထားသည်။

အဆိုပါပြပွဲကို ယနေ့မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ အမျိုးသားဇာတ်ရုံ၌ နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့အထက်ပန်းဆိုးတန်း လမ်းရှိ Rose Garden Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းမှ နာယက ဗိုလ်မှူးချုပ်အေးဘဲလ်(ငြိမ်း)က အဖွင့်မိန့်ခွန်းပြောကြားပြီး ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်တို့က ရှေ့ဆက်လက် လုပ်ဆောင်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကိုတင်ပြရာ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အတည်ပြုကြပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေစာရင်းရှင်းတမ်း အစီရင်ခံစာကို ငွေစာရင်းဌာနမှ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးကိုကိုဇော်က လည်းကောင်း၊ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း (မန္တလေးမြို့)မှ ဒေါ်ခင်အေးမြင့်က ကင်ဆာဝေဒနာရှင်များအား ကုသပေးနေသည့် အခြေအနေများကို လည်းကောင်း တင်ပြရာ တက်ရောက်သည့် အဖွဲ့ဝင်များက ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြပြီးနောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ စာရင်းစစ်အဖြစ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် စာရင်းစစ်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ ဦးဝမ်းတင်အား ဆက်လက်ဆောင်ရွက်ရန် သဘောတူပြီးနောက် တက်ရောက်လာကြသည့် အလှူရှင်များက တန်ဖိုးငွေကျပ် ၁၃၃ သိန်းရှိ စမ်းသပ်စစ်ဆေးသည့် စက်တစ်လုံးနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နာယကကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးသို့ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ သမားတော်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ကင်ဆာလူနာ တစ်ဦးအတွက် တစ်ရက်လျှင် ဆေးဝါးနှင့် ကျွေးမွေးစရိတ် ငွေကျပ်တစ်သောင်းခန့် ကျခံကုသပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင် လူနာ ၅၀ ဝန်းကျင်နှင့် မန္တလေးမြို့တွင် လူနာ ၅၀ ကျော်ခန့်အား လက်ခံကုသ စောင့်ရှောက်ပေးသည့်အပြင် ဝေဒနာရှင်များ၏ မိသားစုများကိုလည်း အားပေးထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။



ဆရာတော် သံဃာတော်များနှင့် သီလရှင်များကိုလည်း သီးသန့်အဆောင်များဖြင့် ကုသစောင့်ရှောက်ပေးလျက်ရှိသည့်အပြင် စိတ်ချမ်းသာ ပျော်ရွှင်မှုဖြစ်စေရန် Palliative Care အနေဖြင့် ကိုးကွယ်ယုံကြည်ရာ ဘာသာအလိုက် ဆုတောင်းမေတ္တာပို့သခြင်းနှင့် ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင် စာရင်းစစ်နှင့် ဘဏ္ဍာရေး အတိုင်ပင်ခံ ဦးလှထွန်းက ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းကို ရန်ကုန်မြို့တွင် ၁၉၉၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်တွင်လည်း ၂၀၀၃ ခုနှစ်တွင် ဖွင့်လှစ်၍ ကင်ဆာဝေဒနာရှင်အဖြေထွက်သူများကို လက်ခံကုသပေးလျက်ရှိရာ မြန်မာနိုင်ငံ အနှံ့အပြားမှ ကင်ဆာဝေဒနာရှင် ၃၃၃၈ ဦးကို ကုသစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာ ကင်ဆာထိန်းချုပ်ရေးအဖွဲ့ကြီး (UICC)က လာရောက်လေ့လာကာပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**နှစ်သစ်ကူး New Year Count Down ဆင်နွှဲရန် မန္တလေးမြို့တော် စည်ပင်သာယာရုံးရှေ့၌ LED လျှပ်စစ်မီးများ အလှဆင်ထားစဉ်။**

# မန္တလေးမြို့ နှစ်သစ်ကူးပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့ နှစ်သစ်ကူး New Year Count Down ပွဲကို ကျုံးတောင်ဘက်ခြမ်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရုံးရှေ့၌ ပြုလုပ်မည်ဖြစ်သည်။

မန္တလေးမြို့တွင် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်သို့ ကူးပြောင်းသည့် ကာလဖြစ်သော ဒီဇင်ဘာ ၃၁ ရက် ည နှစ်သစ်ကူး New Year Count Down ပွဲကို မြို့သူ မြို့သားများ စနစ်တကျနှင့် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မြို့တော်စည်ပင်သာယာရုံးရှေ့ ကျုံးတောင်ဘက်ခြမ်းတွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

"မန္တလေးမှာ နှစ်သစ်ကူး Count Down နှစ်စဉ်လုပ်ကြတယ်၊ ပျော်ကြတယ်၊ သူတို့ပျော်တာကို ကျယ်ကျယ်ဝန်းဝန်းနဲ့ စနစ်တကျရှိအောင် ဒီနှစ်မှာ စည်ပင်ရုံးရှေ့မှာလုပ်ဖို့ စီမံပေးတာပါ၊ အရင်နှစ်တွေက ဆီဒိုးနားဟိုတယ်နားမှာ လုပ်ကြတယ်၊ အခုဆိုရင် စည်ပင်ရုံးရှေ့မှာ လျှပ်စစ်မီးလုံးတွေ ထွန်းညှိဖို့ ပြင်ဆင်နေပြီ"ဟု ၎င်းက ပြောသည်။

ယင်းကဲ့သို့ ပြုလုပ်ရာတွင် မြို့တော်စည်ပင်ဘတ်ဂျက်ငွေကို အသုံးမပြုဘဲ မြို့တော်စည်ပင်တွင်ရှိသော လျှပ်စစ်မီးလုံးများဖြင့် အလှဆင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

"ပျော်ပွဲရွှင်ပွဲတွေ မပါဘူး၊ စည်ပင်ဘတ်ဂျက်ငွေလည်း သုံးစွဲမှာ မဟုတ်ဘူး၊ မြို့သူမြို့သားတွေနဲ့ တစ်သားတည်းဖြစ်အောင်နဲ့ စိတ်ချမ်းသာ ပျော်ရွှင်စေချင်လို့ တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းပေးတာပါ၊ လုံခြုံရေးပိုင်းလည်း စီစဉ်ထားပါတယ်"ဟု စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က ပြောသည်။

New Year Count Down နှစ်သစ်ကူးပွဲပြုလုပ်ရာတွင် လုံခြုံရေးအတွက် နယ်မြေခံ ရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ယူနီဖောင်းနှင့် တပ်ဖွဲ့ဝင်များအပြင် အရပ်ဝတ်များဖြင့်လည်း လုံခြုံရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၁ -၁၂-၂၀၁၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၅ - ပြည်မကြီးမှ စားဖွယ်ရာများ
- ၁၂း၃၀ - This Week's Special Interest
- ၁၂း၄၅ - မြန်မာ့ဂန္တဝင်ရုပ်ရှင် **ဒူးမ ထောက် လက်မမြှောက်** (ညွန့်ဝင်း၊အောင်အောင်၊ ဆွေဇင်ထိုက်၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-ထူးကျော်)

**ညပိုင်း**

- ၁၆း၅၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီး၏ ဆောင်ရွက်ချက်များ(၁၇)**
- ၁၇း၂၀ - New Year Ender (Sports) (Part-1)
- ၁၈း၂၀ - New Year Ender (Sports) (Part-2)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာ လှည့်ကွက်**(အပိုင်း- ၅၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၄၀ - News Year Ender (Sports) (Part-3)
- ၂၁း၂၀ - " 2018 New Year Countdown IC Live Show"

# ရင်ခုန်သံချင်း တူဖို့လိုသည်

မင်းသိမ်း(နေပြည်တော်)

အေးချမ်းသိမ်မွေ့စွာ နှုတ်ခွန်းဆက်လို့ ဝင်ရောက်လာတဲ့ဆောင်းဟေမာန်ရဲ့ လတ်ဆတ်အေးမြတဲ့လေကို ရှူရှိုက်ရင်း ဒီကာလမျိုးမှာ မြန်မာလူမျိုးတို့အတွက် မမေ့ပျောက် နိုင်တဲ့အတိတ်ဖြစ်ရပ်များကို တစိမ့်စိမ့်တွေးမိရင်း ဆောင်းနှင်းမှုန်ကြား ဒေါင်းအလံ လွှင့်လျက် နယ်ချဲ့တို့ရဲ့တက္ကသိုလ်စာသင်ခန်းအတွင်းက ကျောခိုင်းကာ ပြည်သူလူထု တစ်ရပ်လုံးနဲ့အတူ မီးခဲပြာဖုံးနေတဲ့ အမျိုးသားရေးစိတ်ဓာတ်ကို ဟုန်းဟုန်းတောက်လောက်အောင် လှုံ့ဆော်ပေးခဲ့တဲ့ ဒီကာလ၊ သွေးချင်းသားချင်း တိုင်းရင်းသား ကိုယ်စားလှယ်များနဲ့အတူ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင် ပြည်ထောင်စု စိတ်ဓာတ်ပြည့်ဝမှုကြောင့် လက်မှတ်ရေးထိုးခဲ့သည့်လက်များနွေး နေခဲ့တဲ့ ဒီကာလ၊ ဗြိတိသျှယူနီယံဂျက်အလံ မြေသို့ချလို့ အထွတ်အမြတ်ဖြစ်တဲ့ မြန်မာနိုင်ငံတော်အလံကို အလံတိုင်ထိပ်သို့ တလွင့်လွင့်လွှင့်ထူနိုင်ခဲ့တဲ့ ဒီကာလ။ ဒီအဖြစ်သနစ်တွေ အားလုံးဟာ ဆောင်းဟေမာန်နဲ့ဆက်စပ်နေလို့ ဘယ်အခါမှ ဟောင်းနွမ်းမေးမှိန်သွားမည်မဟုတ်သလို တစ်ဆောင်းသစ်ပြီဆိုတာနဲ့ ပြန်လည် သစ်လွင်လတ်ဆတ်လာလို့ သတိတရဖြစ်၍သာနေပါတော့သည်။

**ဆောင်းတွင်းပန်းကလေးများ**

ဆောင်းတွင်းပန်းကလေးများဖြစ်တဲ့ ခဝဲ၊ သဇင်၊ ခွာညို၊ ပေါက်နဲ့လဲပန်းတို့တစ်ပွင့်ပြီးတစ်ပွင့် ဆင့်ကာဆင့်ကာ ပွင့်လာကြပေမယ့် အများစုက အဆင်းလှသော်လည်း ရနံ့မရှိကြပါ။ သို့ပေမယ့်လည်း ဆောင်းတွင်းပန်းများအနက် “သဇင်” ပန်းကတော့ အဆင်းထူးခြားသလို ရနံ့ကလည်း သင်းပျံ့မွှေးကြိုင်ကာ အပင်ပေါက်တော့လည်း မြေမှာမဟုတ်၊ တောတောင်ထဲရှိ အပင်ကြီးများပေါ် တက်ရောက်ပေါက်ကာ ဆောင်းနှင်းရည်စက်လေးများတွဲခိုနေတတ်လို့ သဇင်ခက်လေးများနှင့်အတူ ဆောင်းဟေမာန်ဟာ မြန်မာတို့အတွက် အေးလည်းအေး၊ မွှေးလည်းမွှေး၊ နွေးလည်းနွေးစေတယ်သားလို့ ပြောသွားခဲ့တဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ လွတ်လပ်ရေးမော်ကွန်းဝင် ဇနီးမောင်နှံ၊ ကျေးဇူးရှင်ဖေဖေနဲ့မေမေတို့ရဲ့စကားလေးတွေကို မကြာမီရောက်ရှိတော့မည့် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုရင်း ပြန်လည်ဝေငှလိုက်ပါတယ်ခင်ဗျား…။

**အသက်သွေးချွေးများစွာ စတေးခဲ့ရ**

“ ‘လွတ်လပ်ရေး’ ဆိုတဲ့ စကားသုံးလုံးကို ရေးပြရုံ၊ ဖတ်ပြရုံသက်သက်ဆိုရင်တော့ ခက်ခဲတဲ့ အရာတစ်ခုမဟုတ်ဘူး သား…။ ဒါပေမယ့် လက်ဝယ်ရရှိပိုင်ဆိုင်ဖို့ ကြိုးပမ်း အားထုတ်ရတဲ့အခါမှာတော့ ခက်ခဲကြမ်းတမ်းခဲ့တာကို အားလုံးသိပါတယ်၊ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားပြည်သူများစွာရဲ့အသက်သွေးချွေးတွေကို စတေးခဲ့ရပြီး နှစ်ပေါင်းများစွာဒုက္ခဆင်းရဲခံကာ လှုပ်ရှားရုန်းကန်ခဲ့ရလို့ ဖေဖေတို့ဟာ လွတ်လပ်တဲ့နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့တာပါ၊ ဒါကြောင့် လွတ်လပ်ရေးရဖို့အတွက် မြှုပ်နှံခဲ့ရတဲ့အရင်းအနှီးဟာ ကြီးမားတယ် သား၊ လွတ်လပ်ရေးကို ပုံပမာနှိုင်းပြရရင် လေနဲ့တူသလို၊ ရေနဲ့လည်းတူတယ်၊ တစ်ခါ ကျန်းမာခြင်းနဲ့လည်း တူပြန်တယ် သား။

“လေကို အလွယ်တကူရှူရှိုက်နေတုန်းက၊ ရေကိုအလွယ်တကူအသုံးပြုခွင့်ရနေတုန်းက၊ ကျန်းမာလို့ပျော်ရွှင်စွာနေထိုင်နေရတုန်းက၊ အရေးမထားမိပေမယ့် လေမရလို့ အသက်ရှူကျပ်တဲ့အခါ၊ ရေမရလို့ ရေငတ်တဲ့အခါ၊ မကျန်းမာလို့မသွားနိုင် မလာနိုင်တဲ့အခါ အဲဒီတော့မှ သူတို့တွေရဲ့တန်ဖိုးကို သိလာကြတယ်၊ ဘာနဲ့မှအစားထိုးလို့မရမှန်း ကိုယ်တွေ့ကြုံမှယုံလာကြတယ်။

**လွတ်လပ်ခြင်းရဲ့တန်ဖိုး**

“ဒီလိုပါပဲ လွတ်လပ်ရေးဆိုတာဟာလည်း လွတ်လပ်နေချိန်မှာ လွတ်လပ်ခြင်းရဲ့ တန်ဖိုးကို မသိပေမယ့် လွတ်လပ်ရေးရှုံးမှသာ လွတ်လပ်ခြင်းရဲ့အရသာနဲ့ တန်ဖိုးကို ကောင်းစွာသိမြင်လာကြတယ်သား၊ ဒါကြောင့် မလွတ်လပ်တဲ့ဘဝကို ရောက်ခဲ့ဖူးသူတိုင်းဟာ နောက်တစ်ကြိမ်အဲဒီလိုဘဝမျိုးပြန်မရောက်ချင်ကြဘူး၊ သူ့ကျွန်ဖြစ်ခဲ့ဖူးပြီး နယ်ချဲ့ရဲ့ဖိနှိပ်မှု၊ ဖက်ဆစ်စနစ်ရဲ့ကြမ်းကြုတ်ရက်စက်မှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရပြီးဖြစ်လို့ လွတ်လပ်ခြင်းရဲ့တန်ဖိုးကို ဖေဖေတို့လူမျိုးတွေ ကောင်းကောင်းသိပါတယ်၊ လက်ဝယ်ရရှိပြီးဖြစ်တဲ့ လွတ်လပ်ရေးကြီးထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းနိုင်ဖို့ဆိုရင်တော့ ပြည်သူတွေအားလုံးဟာ လွတ်လပ်ရေးနဲ့ ထိုက်တန်အောင်နေတတ်ရမယ်၊ စည်းနဲ့ကမ်းနဲ့လည်းနေတတ်ရမယ်၊ မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာမယ့် ပြည်တွင်း ပြည်ပအဖျက်ရန်ကိုလည်း အမြဲတစေသတိထားပြီး ရှင်းလင်းသုတ်သင်နေရမယ်သား။

“လွတ်လပ်ပြီးဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာအောင်၊ တိုင်းပြည်တိုးတက်အောင်လုပ်နိုင်ပါမှ ပြည်သူတွေရဲ့ဘဝဟာလည်း သာယာဝပြောမှာဖြစ်တယ် သား၊ မိမိတိုင်းပြည်နဲ့လူမျိုးရဲ့ အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကို ရဲရဲရင့်ရင့် ယုံယုံကြည်ကြည်လုပ်ကိုင်ဆောင်ရွက်ရင်း အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသွားကြတဲ့သူတွေရဲ့ကျေးဇူးကို သတိရနေရမယ်၊ ချစ်မြတ်နိုးနေရမယ်၊ တန်ဖိုးထားလေးစားနေရမယ်၊ သူတို့အသက်နဲ့လဲပြီး ယူပေးခဲ့တဲ့လွတ်လပ်ရေးကို ဖေဖေတို့ သားတို့ကလည်း အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်နိုင်ရမယ်…။

**အထူးအရေးကြီး**

“မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲတဲ့ ရေ၊ မြေ၊ ပိုင်နက် နယ်နိမိတ်နဲ့ ခိုင်မာတဲ့လူမျိုးသမိုင်းရှိတဲ့ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်တယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဟာ ပြည်သူတွေအပေါ်မှာ မူတည်လို့ တိုင်းပြည်ရဲ့ကံကြမ္မာကို ပါတီခေါင်းဆောင်များက ဦးဆောင်ရပေမယ့် ရွေးချယ်အာဏာအပ်နှင်းသူက ပြည်သူတွေဖြစ်ကြောင်း သိရပါမယ်၊ ဒါကြောင့် အာဏာရပါတီ ခေါင်းဆောင်တွေဟာ အကျင့်သီလပျက်ပြီး ကိုယ်ကျိုးရှာနေသူများ ဖြစ်နေမယ်ဆိုရင် တိုင်းပြည်တိုးတက်ဖို့ထက် ဆုတ်ယုတ်ဖို့ကများတယ် သား၊ ဒါကြောင့် ခေါင်းဆောင်ကောင်းများရရှိရေးသာ ပြည်သူများအတွက် အထူးအရေးကြီးတယ်၊ ပြည်သူတွေရဲ့ စိတ်ဓာတ်ကို သတင်းမီဒီယာ၊ ကပွဲ၊ ပြပွဲများနဲ့ဟောပြောပွဲတွေက ဆွဲဆောင်နိုင်တယ်၊ ဖေဖေက သတင်းစာဆရာဆိုတော့ ပြည်သူကို ဘယ်လိုသတင်းတွေ ဖော်ပြပေးရမယ်ဆို တာ နားလည်တယ် သား၊ ဖေဖေတို့ခေတ်က ကပွဲတွေ၊ ဟောပြောပွဲတွေဆိုရင် ‘လွတ်လပ်ရေး’ အတွက် ရည်စူးပြီး တညီတညွတ်တည်းဇာတ်တိုက်စရာမလိုဘူး၊ ‘အနစ်နာခံလိုစိတ်’ ကို မွေးဖွားပေးလိုက်နိုင်တာချည်းပဲ သား၊ ပြည်သူနဲ့ ထိတွေ့ရတဲ့ လုပ်ငန်းတိုင်းမှာ တာဝန်မဲ့မလုပ်မိဖို့ သတိထားရမယ်၊ ပြည်သူပြည်သားများကလည်း မိမိတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို သိကြသလို၊ မိမိတို့ထမ်းဆောင်ရမယ့် တာဝန်နဲ့ဝတ္တရားတွေကို သိကြမယ်ဆိုရင် နှစ်သစ်တိုင်းဟာ တိုင်းပြည်အတွက် မင်္ဂလာတွေချည်းပဲသား” လို့ လွန်ခဲ့တဲ့ ၃၅နှစ်က ပြောခဲ့တာတွေကို ပြန်ပြောင်းသတိရနေ မိပါတော့သည်။

**ကမ္ဘာတည်သရွေ့**

အစဉ်အလာဆိုတာဟာ လူကထူထောင်ရတဲ့အရာပါ။ အစဉ်အလာကြီးမားမှလည်း လူရဲ့တန်ဖိုးရှိပါတယ်။ အစဉ်အလာကြီးတဲ့ ရှေးလူကြီးတွေရဲ့ ကျေးဇူးရိပ်ကို ခိုလှုံခွင့်ရနေမှတော့ ဂုဏ်ယူရုံသာမက ဆတက်ထမ်းပိုးကြိုးစားချင်စိတ်များ ပေါ်ပေါက်ရပါ့မယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ တက်ကြွနိုးကြားစွာကျင်းပလေ့ရှိတဲ့ ‘လွတ်လပ်ရေးနေ့’ အခမ်းအနားကြီးကို ရင်ထဲအသည်းထဲကနေပြီး စနစ်တကျ ခိုင်ခိုင်မာမာနဲ့ ဂုဏ်ယူဝင့်ကြွားစွာ လုပ်ဆောင်လိုစိတ်များပွားများကာ ကမ္ဘာတည်သရွေ့ကျင်းပနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

မြန်မာနိုင်ငံဟာ စီမံကိန်းစီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းခဲ့ကြတဲ့ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများ (အရှေ့ဥရောပနိုင်ငံများအပါအဝင်) မှာ ဈေးကွက် စီးပွားရေးစနစ်အတွက် ဥပဒေရေးရာအဆောက်အအုံ (Legal Infrastructure) ပြည့်စုံတဲ့နိုင်ငံဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်မတိုင်မီ ကတည်းက ရှိခဲ့တဲ့ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုတဲ့ ဥပဒေများရှိခဲ့သလို ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာလည်း ဥပဒေသစ်များပေါ်ပေါက်ခဲ့ပါတယ်။ လူ့လောကမှာ အယူဝါဒအမျိုးမျိုးကို နားလည်ပေးခြင်း၊ လူတိုင်းရဲ့လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုကို လေးစားစွာအတူတူယှဉ်တွဲနေထိုင်ခြင်းဟာ ယဉ်ကျေးမှုဖြစ်လို့ ဒီမိုကရေစီရဲ့အနှစ်သာရလည်း ဖြစ်ပါတယ်။

အထူးသတိပြုရမည်မှာ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရများကြား ဆုံးဖြတ်ပေးနိုင်တဲ့အရာသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်သလို အခြေခံဥပဒေအရခွဲဝေသတ်မှတ်ချက်အတွင်းမှာပဲ ဆောင်ရွက်ရပ့ါမယ်။ ဒီမိုကရေစီအစိုးရရဲ့ လှုပ်ရှားမှုတွေကို နောက်က ထိန်းကျောင်းနေတဲ့ အင်အားစုဟာ ပြည်သူများပဲ ဖြစ်ပါတယ်။ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့သဘောထားဟာသွယ်ဝိုက်တဲ့ နည်းနဲ့ ပါတီခေါင်းဆောင်များအပေါ် လွှမ်းမိုးမှုရှိပါတယ်။ အကယ်၍ ပြည်သူများရဲ့ဆန္ဒရေစီးကြောင်းဟာ အလွန်ပြင်းထန်နေမယ်ဆိုရင်တော့ အစိုးရအနေနဲ့ သူတို့ရဲ့ဝါဒလမ်းစဉ်ကိုပြုပြင်ပြီး ပြည်သူ့ဆန္ဒရေစီးကြောင်းအတိုင်း စုန်လိုက်ရတာမျိုးလည်းရှိပါတယ်။ အရေးကြီးဆုံးသိထားရမှာက ‘ရင်ခုန်သံချင်းတူ’ ဖို့ပဲဖြစ်ပါတယ် …။

**စည်းလုံးညီညွတ်မှုပေါ်မူတည်**

နိုင်ငံတစ်နိုင်ငံရဲ့ ကောင်းကျိုး၊ ဆိုးကျိုး၊ တိုးတက်မှုနဲ့ ဆုတ်ယုတ်မှုတွေဟာ တိုင်းရင်းသား လူမျိုးစုများရဲ့စည်းလုံးညီညွတ်မှုပေါ်မှာ မူတည်နေတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်၊ ဒေသစွဲ၊ ပါတီစွဲ၊ ဝါဒစွဲများလွန်ကဲပြီး အစွန်းရောက်အတွေးအခေါ်တွေကို ရှေ့တန်းတင်နေကြမယ်ဆိုရင်တော့ နိုင်ငံတော်ရဲ့ အင်အား ယိုင်နဲ့ လျော့နည်းကာ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့ လူမှုရေးအခြေအနေအဆင့်အတန်းများ နိမ့်ကျသွားမှာကို သတိပြုမိကြဖို့ လိုပါတယ်…။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟာ အမျိုးသားနိုင်ငံရေးရဲ့အဓိကအချက်ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်များမှာအားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်တာတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိသလို လက်ကမ်းဖိတ်ခေါ်မှုများကို ပြုလုပ်လျက်ရှိပါတယ်။ ဒီမိုကရေစီရဲ့ အခြေခံဖြစ်တဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ထင်သာမြင်သာရှိခြင်းနဲ့ တာဝန်ခံ၊ တာဝန်ယူမှုတွေကိုလည်း စံပြုထိုက်တဲ့ကျင့်စဉ်အဖြစ်ခံယူပြီး ရည်မှန်းချက် ပန်းတိုင်အဖြစ် သတ်မှတ်ဆောင်ရွက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

**တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူ**

ယခုနောက်ပိုင်းနိုင်ငံသစ်တွေထူထောင်ကြ၊ နိုင်ငံဟောင်းတွေ ပြန်လည်ဖွဲ့စည်းကြရာမှာ အာဏာခွဲဝေထားရှိမှုကို ပုံသဏ္ဌာန်တစ်ခုခုအနေနဲ့ ထည့်သွင်းလာကြပါတယ်။ ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်း၊ ရွေးချယ်ထားတဲ့ နိုင်ငံရေးလမ်းစဉ်၊ ဦးဆောင်သူတွေရဲ့ရည်ရွယ်ချက်နဲ့စေတနာများ ပေါ်မူတည်ပြီး အာဏာခွဲဝေမှုတို့ရဲ့ သဘာဝဟာ ကွဲပြားကြပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံအချင်းချင်းမှာတောင် တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူကြပါဘူး။ တိုင်းပြည်တစ်ပြည်မှာ နိုင်ငံရေးဆွေးနွေးမှုတွေ တိုးပွားရှင်သန်နေမှ မှန်ကန်တဲ့ ၊ တရားမျှတတဲ့၊ အများလက်ခံနိုင်တဲ့ သဘောထားများ ထွန်းကားပေါ်ပေါက်လာမှာဖြစ်လို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့်ကမ္ဘာ့အလယ်မှာ ဝင့်ဝင့်ထည်ထည်နဲ့ တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ဖို့ဆိုရင် မကြုံစဖူးထူးကဲစွာရရှိပြီးဖြစ်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံနဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြပါ။

မတူတာတွေကို ညှိနှိုင်းပြီး တူတာတွေကို ပေါင်းစည်းလို့ “ရင်ခုန်သံချင်းတူကြပါစေ” လို့ နှစ်သစ်အတွက်ဆုမွန်ကောင်းတောင်းရင်း နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် ငါးရပ်ပါ ထာဝရငြိမ်းချမ်းရေး ပန်းတိုင်ကိုရောက်ရှိအောင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကြီးမှ ကြိုးပမ်းကြပါစို့ တိုင်းရင်းသား လူမျိုးစုအပေါင်းတို့။ ။

**“တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟာ အမျိုးသားနိုင်ငံရေးရဲ့အဓိကအချက်ဖြစ်ပါတယ်၊ ဒါကြောင့် အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်များမှာ အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်တာတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိသလို လက်ကမ်းဖိတ်ခေါ်မှုများကို ပြုလုပ်လျက်ရှိပါတယ်၊ ဒီမိုကရေစီရဲ့အခြေခံဖြစ်တဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ထင်သာမြင်သာရှိခြင်းနဲ့ တာဝန်ခံ၊ တာဝန်ယူမှုတွေကိုလည်း စံပြုထိုက်တဲ့ ကျင့်စဉ်အဖြစ်ခံယူပြီး ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ဆောင်ရွက်နေတာ အားလုံးအသိပဲဖြစ်”**

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် “ ထာဝရငြိမ်းချမ်းရေး” ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့် အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

---

## စလင်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လှည့်လည်သတိပေး

စလင်း ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဒီဇင်ဘာလနောက်ဆုံးပတ်က မီးဘေးကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ခြင်းကို စလင်းမီးသတ်ဦးစီးဌာနက ဦးဆောင် ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးမှူး ဦးဌေးမော်နှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များသည် အုပ်ချုပ်မှုမီးသတ်ယာဉ်ဖြင့် မြို့ပေါ်ခြောက်ရပ်ကွက်နှင့် မြို့ဆင်ခြေဖုံးကျေးရွာများအထိ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတိပေးဆောင်ရွက်ထားကြရန်၊ ရပ်ကွက်အလိုက်မီးကင်းများချထား၍ မိမိရပ်ကွက်၊ ကျေးရွာအလိုက် အရန်မီးသတ်များစုဖွဲ့ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားကြရန်နှင့် ပြည်သူများကို အသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြရန် လိုက်လံသတိပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စစ်ကြည်(စလင်း)

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စနစ်တကျပူးပေါင်းပြီး မသမာဖြေဆိုမှုများ မရှိစေရေး ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲသင်တန်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။(**ယာပုံ**)

**တန်ဖိုးထားဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးပွဲ သင်တန်းတွင် စာစစ်ဌာနများ လျာထားစီစဉ်ခြင်း၊ စာမေးပွဲကြီးကြပ်ခြင်း၊ စာမေးပွဲစစ်ဆေးသည့် ကာလနှင့် တစ်နေ့တာ ဆောင်ရွက်ရမည့် အချိန်ဇယားများ၊စာဖြေသူများ စာရင်းပြုစုရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန်စည်းကမ်းချက်များ အစရှိသည့် လုပ်ငန်း လက်စွဲပါအချက်များကို ညှိနှိုင်းဆွေးနွေး၍လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ လုပ်ငန်းဆိုင်ရာများကို ယခင်နှစ် အတွေ့အကြုံများအရ အားသာချက်များကို ပိုမိုကောင်းမွန်စေရေးနှင့် အားနည်းချက်များ လျော့နည်းလာအောင် ပြင်ဆင်၍ အောင်မြင်စွာကျင်းပနိုင်ရေး စနစ်တကျ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စာမေးပွဲပြီး၍ စာစစ်လုပ်ငန်းဆောင်ရွက်ရာတွင် ကျန်းမာရေးကောင်းမွန်ပြီး လက်ရှိသင်ကြားပို့ချနေသည့် ဘာသာရပ်နှင့်ကိုက်ညီသော ဆရာ ဆရာမဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းအောင်မြင်ရေးအတွက် မိဘအုပ်ထိန်းသူ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီဖေးမ၍ တန်ဖိုးထားဆောင်ရွက်ရန် လိုပါကြောင်း၊ စာမေးပွဲတွင် မသမာဖြေဆိုမှုများ လုံးဝမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

**ဆွေးနွေးတင်ပြ**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးမြင့်ပညာရေးကို ဖော်ဆောင်ရာတွင် ပညာရေးတက္ကသိုလ်၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ အရည်အသွေးရှိသော B.Ed ဘွဲ့ရ ဆရာ ဆရာမများ မွေးထုတ်နိုင်ရေးအတွက် တက္ကသိုလ် ဆရာ ဆရာမများအနေဖြင့် အထူးပြုဘာသာရပ်ကျွမ်းကျင်မှုအပြင် အင်္ဂလိပ်စာ၊ ICT အရည်အသွေးများ တိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် စာများများဖတ်၍ သုတေသနစာတမ်း၊ သုတေသနလုပ်ငန်းများ၊ ထိရောက်အကျိုးရှိအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း သင်တန်းတက်နေသည့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအနေဖြင့် ဘွဲ့ရသည့်အခါ ကိုယ်တာဝန်ကျရာကျောင်းမှ ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်ရန်၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ရန်၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်ရန်၊ တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူငယ်များဖြစ်ရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ပညာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရန် အဝင်မုခ်ဦးပြင်ဆင်ထားမှုများကို ဒီဇင်ဘာ ၃၀ ရက်က တွေ့မြင်ရစဉ်။ တင်စိုး

# သစ်ကတိုးအိုင်နှင့် မိုးမခတို့တွင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများဖွင့်

**ပုသိမ် ဒီဇင်ဘာ ၃၀**

ဆင်ထိန်းသိမ်းစောင့်ရှောက်မှုကို ပြည်သူများသိရှိလေ့လာနိုင်ကြစေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် သစ်ထုတ်လုပ်ရေး ဒေသက သစ်ကတိုးအိုင်နှင့် မိုးမခတို့တွင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ဖွင့်လှစ်လိုက်သည်။

သစ်ကတိုးအိုင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသည် ပုသိမ်မြို့မှ ပုသိမ်-မော်တင်စွန်း မော်တော်ကားလမ်း မိုင်တိုင်အမှတ် -၂၁/၆၏ လက်ယာဘက်ဘေး၌တည်ရှိပြီး နိုဝင်ဘာ ၁ ရက်က စတင် ဖွင့်လှစ်ခဲ့သည်။ မိုးမခဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသည် ပုသိမ်-ငွေဆောင်ကားလမ်းမိုင်တိုင်အမှတ် ၃၈ ငွေဆောင်ကမ်းခြေဘူးကွဲရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာ၌ တည်ရှိပြီး ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ဖွင့်လှစ်လိုက်သဖြင့် ဆင်များ၏ သဘာဝနှင့် လိမ္မာယဉ်ကျေးသည့် သရုပ်ပြဖျော်ဖြေမှုများကို ကြည့်ရှုနိုင်ခြင်း၊ ဆင်များကို အစာကျွေးနိုင်ခြင်း၊ ဆင်များနှင့်အတူ ဓာတ်ပုံ ဗီဒီယိုရိုက်နိုင်ခြင်း၊ ဆင်များကို ကိုယ်တိုင် ရေချိုးရေချျိုးပေးနိုင်ခြင်း၊ ဆင်စီး၍ တောတောင်ရေမြေသဘာဝနှင့် ဆင်စခန်း၏ ဖွဲ့စည်းထားမှုအခြေအနေအား လေ့လာနိုင်ခြင်း၊ ဆင်ဝန်ထမ်းများ၏လူနေမှုဘဝများအား လေ့လာနိုင်ခြင်းနှင့် တောချက်ဟင်းလျာများ သုံးဆောင်နိုင်ခြင်း စသည့် ဝန်ဆောင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သစ်ကတိုးအိုင်နှင့် မိုးမခ ဆင်ထိန်းသိမ်းရေးစခန်းများသို့ အဖွဲ့လိုက်လာရောက်လေ့လာမည်ဆိုပါက ပိုမိုအဆင်ပြေ ချောမွေ့စေရန်အတွက် တာဝန်ခံများဖြစ်သည့် ဦးသူရထွန်း လက်ထောက်မန်နေဂျာ (သစ်ထုတ်လုပ်ရေး) ဖုန်း-၀၉ ၄၃၀၁၉၅၇၂၊ ဦးစိုးထက်ကျော် သစ်အုပ်ကြီး (သစ်ထုတ်လုပ်ရေး)ဖုန်း-၀၉ -၇၈၃၈၀၈၃၁၃၊ ဦးလင်းလင်းထွန်း (ဒုတိယ တိရစ္ဆာန်ဆေးကုမှူး)ဖုန်း-၀၉- ၇၆၁၀၃၉၉၇၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ခရမ်း-စိုးမြင့်**



သစ်ကတိုးအိုင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတွင် ပြည်တွင်းပြည်ပ ခရီးသွားများ တောတွင်းခရီးလေ့လာစဉ်။

# မယ်ဆိုင်ချောင်းအတွင်းရှိ အတားအဆီးများအား ထိုင်းဘက်မှ ဖယ်ရှားဆောင်ရွက်မှု လတ်တလောပြီးစီး

တာချီလိတ် ဒီဇင်ဘာ ၃၀

**မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့အကြားရှိ မယ်ဆိုင်-မယ်ဟောက် ချောင်းအတွင်း ကျန်ရှိနေသည့် အတားအဆီးများအား ထိုင်းဘက်မှ ရှင်းလင်းဖယ်ရှားမှုမှာ ဒီဇင်ဘာ ၂၉ ရက်တွင် လတ်တလော ပြီးစီးကြောင်း သိရသည်။**

**ချောင်းရေအနည်းငယ်တက်**

အဆိုပါ မယ်ဆိုင်-မယ်ဟောက် ချောင်းအတွင်းရှိ ရေတားများ ရှင်းလင်းဖယ်ရှားခြင်းကို ထိုင်းနိုင်ငံဘက်မှ တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်အနီး BRP-458 (ဂရင်းဆိပ်)၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ အလျား ပေ ၃၀၊ အနံ ၁၅ ပေ၊ အနက် သုံးပေရှိ ကွန်ကရစ် ကျောက်တန်းစွယ်များ၊ ကျောက်ခဲများ၊ နုန်းနှင့် သဲများကို ဘက်ဟိုးယာဉ်တစ်စီးဖြင့် ဖယ်ရှားခြင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် ရန်အောင်မြေရပ်ကွက်အနီး BRP-392 (ငှက်ပျောဆိပ်)ရှိ ထု ငါးပေ၊ အကျယ် ၁၅ ပေ၊ ကျောက်တန်းအဖြစ် စုပုံထားသည့် ကျောက်ကြီးများကို ရှင်းလင်းရာ ဝါးငုတ်အချို့ပေါ်လာ ချောင်းရေတစ်ပေခန့်ကျဆင်းပြီး ချောင်းမှာ မူလထက် ၁၂ ပေခန့် ပိုကျယ်လာခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ပုန်းထွန်ရပ်ကွက်အနီး BRP-492 (ဝါးဆိပ်)၌ အကျယ် ပေ ၅၀၊ အနံ ပေ ၈၀၊ အနက်လေးပေရှိ ဧရိယာတွင် ကျောက်တုံးများ၊ ကျောက်များ၊ နုန်းများနှင့် ကိုင်းပင်များ ဖယ်ရှားခဲ့ပြီး ယနေ့ နံနက်တွင် ဂရင်းဆိပ်မှ ကျန်ရှိသည့် ကျောက်များကို ဆက်လက် ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ချောင်းရေအနည်းငယ် တက်လာသည့်အတွက် ရေစီးရေလာပိုမိုကောင်းမွန်ရေး ရေကျချိန်၌ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**အပြီး ပြန်လည်ဖယ်ရှားမည်**

ထိုင်းနိုင်ငံဘက်မှ မယ်ဆိုင်ချောင်းအတွင်း ငှက်ပျောဆိပ်နှင့် ဂရင်းဆိပ်အနီး၌ ဝါးဖြင့် ယာယီရေတားဆောက်၍ စိုက်ပျိုးရေရယူရာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ကာလအတွင်းသာ ဖျက်သိမ်းရန် လွယ်ကူသည့်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းယာယီ ဝါးရေတားများကို ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်မှ ၇ ရက်အတွင်းအပြီး ပြန်လည် ဖယ်ရှားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံဘက်မှ ဖယ်ရှားရှင်းလင်းခြင်းမပြုပါက မြန်မာနိုင်ငံဘက်မှ မိုးရာသီကာလတွင် မြေနိမ့်ပိုင်းများ၌ ရေကြီးရေလျှံမှုများ ကာကွယ်ရန်အလို့ငှာ ဝင်ရောက်ဖျက်သိမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ မယ်ဆိုင်-မယ်ဟောက် ချောင်းအတွင်း ရေတားများဖယ်ရှားရှင်းလင်းခြင်းကို မြန်မာ-ထိုင်းနှစ်နိုင်ငံ မယ်ဆိုင်-မယ်ဟောက်ချောင်းရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးမှ နှစ်ဖက်သဘောတူ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသို့ ဖယ်ရှားဆောင်ရွက်ရာတွင် ဆပ်ကော်မတီအတွင်းရေးမှူး တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင် ဦးဆောင်သည့် ဌာနဆိုင်ရာများ၊ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်မှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး Mr. Paskom Boonyalug ဦးဆောင်သည့် ဌာနဆိုင်ရာများက ကြီးကြပ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း**

# မန္တလေးတောင်တက် စက်ဘီးစီးပြိုင်ပွဲနှင့် မန္တလေးတောင်ဆင်းလမ်းကြမ်း (Down Hill) စက်ဘီးစီးပြိုင်ပွဲများကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ကြီးမှူး၍ Mandalay Free Rider နှင့် MBA Mandalay Bike Adventures တို့ပူးပေါင်းကာ (၆) ကြိမ်မြောက် Mountain Bike မန္တလေး တောင်တက်ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲနှင့် မန္တလေးတောင်ဆင်းလမ်းကြမ်း (Down Hill) ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက သတ်မှတ်နေရာများ၌ ကျင်းပခဲ့သည်။

(၆) ကြိမ်မြောက် Mountain Bike မန္တလေးတောင်တက်ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီခွဲက မန္တလေးမြို့ ၇လမ်းနှင့် ၃၃လမ်းထောင့် အိုစတိုးရှေ့စုရပ်နေရာ၌ ကျင်းပရာ အသက်အလိုက် အတန်း ခြောက်တန်းတို့မှ ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများ အပါအဝင် တောင်ဆင်းလမ်းကြမ်း (Down Hill )စက်ဘီးစီးပြိုင်ပွဲတွင် အတန်းသုံးတန်းတို့မှ စက်ဘီးစီး အားကစားသမား စုစုပေါင်း ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး ဆုများပေးအပ်ချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီး ဦးစိုင်းကျော်ဇော နှင့် တာဝန်ရှိသူများက အသက် ၆၀ နှင့် အထက်တွင် ပထမဆုရ ဦးလှရွှေ၊ ဒုတိယဆုရ ဦးရဲကြည်၊ တတိယဆုရ ဦးလှသိန်းနှင့် ဆုရရှိသူများနှင့် သက်တမ်းအလိုက် ဆုရရှိခဲ့ကြသော ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီး အားကစားသမားများကို ဆုချီးမြှင့်ခဲ့ကြပြီး မန္တလေးတောင်တော် ဂေါပကအဖွဲ့သို့ မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့် လက်ကားဈေးသစ်ကြီး ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည်

**တွေ့ဆုံမေးမြန်း-ဇော်ကြီး (ပဏီတ)**

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာအက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက် (MAEX) တို့ အကျိုးတူပူးပေါင်းတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်ရှိ တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့် လက်ကားဈေးသစ်ကြီးတွင် သစ်သီး လက်ကားဈေးရုံ၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သုံး သစ်သီးဝလံပစ္စည်း လက်ကားဈေးရုံ၊ တောင်သူလက်လီရောင်း (Ground Market ) ဈေးရုံကြီးသုံးရုံတို့ တည်ဆောက် ပြီးစီးပြီဖြစ်၍ ဒီဇင်ဘာ ၂၆ ရက်က အကြိုဖွင့်လှစ်မှု ပြုလုပ်ခဲ့သည်။**



MAEX ကုမ္ပဏီမှ CEO ဦးအောင်ကြီး

ထို့အပြင် အဆိုပါဈေးကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စတင်၍ ၂၄ နာရီဖွင့်လှစ်သည့် ဈေးကြီးအဖြစ် ဆိုင်ခန်းများကို တရားဝင်ဖွင့်လှစ်ကာ စားသုံးကုန်ပစ္စည်းများ ရောင်းချတော့မည်ဖြစ်သဖြင့် ဈေးစီမံကိန်းနှင့် တည်ဆောက်ပြီးစီးမှုအပိုင်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်သွားမည့် အခြေအနေများ၊ လာရောက်ရောင်းဝယ်မည့် သူများအတွက် ဆောင်ရွက်ပေးထားသည့် ဝန်ဆောင်မှုများ ပြုလုပ်ထားသည့် အပေါ် MAEX ကုမ္ပဏီမှ CEO ဦးအောင်ကြီးနှင့် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မေး။ ။ ဒီဈေးကြီးရဲ့စီမံကိန်းနဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်မှုကိုသိပါရစေ။**

ဖြေ။ ။ ဈေးစတင်ဖြစ်ပေါ်လာပုံကတော့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ တညင်းကုန်း ကုန်စိမ်းဈေး မြေနေရာအပါအဝင် မြေ ၈၅ ဧကပေါ်မှာ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နဲ့ ပန်းမန်အဆင့်မြင့်လက်ကားဈေးကြီး တည်ဆောက်ဖို့တင်ဒါခေါ်ယူခဲ့ပါတယ်။ အဲ့ဒီလို တင်ဒါခေါ်ယူတဲ့အခါမှာ ဒဂုံအင်တာနေရှင်နယ်ဆိုပြီး ကျွန်တော်တို့ ကုမ္ပဏီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် မတ်လမှာ အဆင့်မြင့် လက်ကားဈေးကြီး တည်ဆောက်ဖို့အတွက်ဆိုပြီး ကျွန်တော်တို့ ကုမ္ပဏီကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ချပေးခဲ့ပါတယ်။ အဲ့ဒီလိုချပေးတဲ့အခါမှာ တင်ဒါစည်းမျဉ်း စည်းကမ်းအရ တင်ဒါအောင်တဲ့ ကုမ္ပဏီဟာ အများပိုင်ကုမ္ပဏီ ဖွဲ့စည်းပေးရမယ်လို့ ပါတဲ့အတွက် ဒဂုံအင်တာနေရှင်နယ်လီမိတက်ဟာ ပထမဆုံး ၄၅ ရာခိုင်နှုန်း ရှယ်ယာထည့်ဝင်ပြီးတော့ မြန်မာအက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက်(MAEX) အများပိုင်ကုမ္ပဏီကိုစတင်ဖွဲ့စည်းခဲ့တာပါ။ စတင်ဖွဲ့စည်းစဉ်က ရှယ်ယာ HOLDERS ၁၁ ဦးနဲ့ ဖွဲ့စည်းခဲ့တာပါ။

အခုအချိန်မှာတော့ ရှယ်ယာ HOLDERS ပေါင်း ၂၂၇၄ ဦးနဲ့ အစုရှယ်ယာငွေကျပ် ( ၂၂ ဘီလီယံ )ကျော်နဲ့ ဒီဈေးကြီးကို ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်။ ဒီဈေးကို အဓိကအားဖြင့် ကျွန်တော်တို့က သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နဲ့ ပန်းမန်အပါအဝင် စားသောက်ကုန်တွေကို လက်ကားရောင်းဝယ်ဖြန့်ဖြူးဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ထားတဲ့ ဈေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဈေးတွေထဲမှာ အကြီးဆုံးဈေးကြီးဖြစ်ပါတယ်။

**မေး။ ။ ဒီဈေးကြီးမှာ အဓိကအားဖြင့် ဘယ်လိုကုန် ပစ္စည်းတွေကို အရောင်း၊ အဝယ် ပြုလုပ်သွားမှာလဲ။ ဈေးတည်ဆောက်ထားမှုနဲ့ ပြီးစီးမှုအပေါ် ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဒီဈေးမှာဆိုရင် ဈေးရုံကြီးပေါင်းရှစ်ရုံ ပါရှိမှာဖြစ်ပါတယ်။ အဲဒီဈေးရုံတွေကတော့ ဈေးရုံအမှတ်တစ် သစ်သီးလက်ကားရောင်းဝယ်ရေးဈေးရုံ၊ ဈေးရုံအမှတ်နှစ်က ဟင်းသီးဟင်းရွက်ပန်းမန်၊ စားဖိုဆောင်သုံး သစ်သီးဝလံပစ္စည်း လက်ကားရောင်းဝယ်ရေးဈေးရုံ၊ အမှတ်သုံးကတော့ ဟင်းသီးဟင်းရွက် ပန်းမန် တောင်သူလက်လီရောင်းဈေးရုံဖြစ်ပါတယ်။

ရုံအမှတ်လေးကတော့ ရာသီပေါ်သီးနှံ လက်ကားရောင်းဝယ်ရေးဈေးရုံအပြင် နောက်ပိုင်းမှာ တင်ဒါစနစ်ကို ကျင့်သုံးဖို့အတွက် တင်ဒါခန်းမတို့ အဲ့ဒီထဲမှာပါဝင်မှာဖြစ်ပါတယ်။ ရုံအမှတ်ငါးကတော့ နှစ်ထပ်စားသောက်ဆိုင်တွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ နှစ်ထပ်ဈေးရုံ ဖြစ်ပါတယ်။ ရုံအမှတ်ခြောက်မှာကတော့ အသင့်စားသုံးနိုင်တဲ့ သားငါးနဲ့ ငါးပိ၊ ငါးခြောက် ကုန်ခြောက်မျိုးစုံ ရောင်းဝယ်တဲ့ နှစ်ထပ်ဈေးရုံဖြစ်ပါတယ်။ ရုံအမှတ်ခုနစ်နဲ့ ရှစ်ကတော့ အအေးခန်းပါဝင်တဲ့ အလတ်စားပွဲရုံပါ။ အကြီးစားပွဲရုံ လူနေဆိုင်ခန်း အဆောက်အအုံ နှစ်ခန်းတွဲ သုံးထပ်၊ လေးထပ်တို့အပါအဝင် ပွဲရုံအဆောက်အအုံ ၂၀၀ ပါဝင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဆင့်မြင့် Hyper Market တစ်ခုပါမယ်။ ဈေးကို လာရောက်တဲ့သူတွေ တည်းခိုနိုင်ဖို့ အဆင့်မြင့် ရှစ်ထပ်မိုတယ်တွေအပြင် စက်သုံးဆီရောင်းဝယ်ရေးဆိုင်တစ်ဆိုင်ပါဝင်မယ်။ ဒီဈေးကြီးဟာဆိုရင် နိုင်ငံတကာကို Export လုပ်ဖို့အထိ ရည်ရွယ်ထားတဲ့အတွက်ကြောင့် အသင့်ထုပ်ပိုးထားတဲ့ ပစ္စည်းတွေကို ထားဖို့ အအေးခန်းစက်ရုံ သုံးရုံလည်းပါဝင်သွားမှာဖြစ်ပါတယ်။

အခုလက်ရှိ PHASE-1 အနေနဲ့ကတော့ ဈေးရုံကြီး သုံးရုံ ပြီးစီးသွားပါပြီ။ ဒီဇင်ဘာ ၂၆ ရက်က အကြိုဆိုင်ခန်း ဖွင့်လှစ်မှု လုပ်ခဲ့ပါတယ်။ အဲဒီဈေးရုံတွေကတော့ ဈေးရုံအမှတ်တစ် သစ်သီးလက်ကားရောင်းဝယ်ရေးဈေးရုံ၊ ဈေးရုံအမှတ်နှစ်က ဟင်းသီးဟင်းရွက်၊ ပန်းမန်၊ စားဖိုဆောင်သုံးသစ်သီးဝလံပစ္စည်း လက်ကားရောင်းဝယ်ရေးဈေးရုံ၊ အမှတ်သုံးကတော့ ဟင်းသီးဟင်းရွက်၊ ပန်းမန် တောင်သူ လက်လီရောင်းဈေးရုံဖြစ်ပါတယ်။ အဲဒီမှာကတော့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေအပြင် ပန်းမန်တွေကို ထုတ်လုပ်သူတွေနဲ့ လက်လီရောင်းတဲ့သူတွေ တစ်ခါတည်း လာရောက်ရောင်းချနိုင်တဲ့ ဈေးရုံဖြစ်ပါတယ်။ အဲဒီဈေးရုံ သုံးရုံထဲမှာဆိုရင် အမှတ်တစ်နဲ့နှစ် ဈေးရုံတစ်ရုံစီမှာ ဆိုင်ခန်းအကျယ် (၅×၁၁) ပေ၊ (၅×၁၃)ပေ ဆိုင်ခန်းပေါင်း ၁၁၂၀ နဲ့ ဈေးရုံအမှတ်သုံးဖြစ်တဲ့ တောင်သူလက်လီရောင်းဈေးရုံမှာတော့ (၅×၅) ပေ၊ (၅×၈) ပေ ဆိုင်ခန်း ၃၃၆၀ ရှိပါတယ်။ အားလုံးပေါင်း ဆိုင်ခန်း ၅၆၀၀ ပြီးစီးသွားပြီဖြစ်ပါတယ်။



ဓာတ်ပုံ-ဖေဇော်

တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့်ဈေး အဆောက်အအုံများကို တွေ့ရစဉ်။

**မေး။ ။လက်ရှိပြီးစီးဖွင့်လှစ်တော့မယ့်အပေါ် ဈေးရောင်းချလိုသူတွေအတွက် ဆိုင်ခန်းငှားရမ်းမှု အခြေအနေနဲ့ ဈေးစီမံကိန်း တည်ဆောက်မှုအပြီးသတ် ကာလကိုသိပါရစေ။**

ဖြေ။ ။အခုပြီးစီးသွားတဲ့ ဈေးဆိုင်ခန်း ၅၆၀၀ အနက်က ယခင် တညင်းကုန်း ကုန်စိမ်းဈေးဟောင်းမှာရှိတဲ့ ဈေးရောင်းချသူတွေအတွက် ဆိုင်ခန်းပေါင်း ၂၀၀၀ ကို စာချုပ်ပါစည်းကမ်းအရ ယာယီဖယ်ထားပြီး ကျန်ရှိတဲ့ ဆိုင်ခန်းတွေကို အပြင်ကနေပြီး လာရောက်ရောင်းချမယ့် သူတွေအတွက် ဆိုင်ခန်းငှားရမ်းခွင့် ခွင့်ပြုခဲ့ပါတယ်။ ဆိုင်ခန်းလာရောက်လျှောက်ထားသူအတွက် ဆိုင်ခန်းပေါင်း ၂၅၀၀ ကျော်ကို ငှားရမ်းခဲ့ပြီး ဆိုင်ခန်းငှားရမ်းခဲ့တဲ့သူတွေကို ဒီဇင်ဘာ ၂၆ ရက်က ဈေးစတင်ရောင်းချခွင့်ပြုခဲ့ပါတယ်။ ဆိုင်ခန်းငှားရမ်းခကိုတွက်ချက်ပြီး အမှန်တကယ်ဈေးဆိုင်ခန်း စတင်ဖွင့်လှစ်မှုကိုတော့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ သတ်မှတ်ရက်မှာ ဆိုင်ခန်းတွေ ဖွင့်လှစ်နိုင်ဖို့အတွက် အခုလည်း တော်တော်များများက ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဈေးစီမံကိန်းကြီး အားလုံးအပြီးသတ် ပြီးစီးမှုကိုတော့ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းလောက် မျှော်မှန်းထားပါတယ်။ အခုလည်း ဆက်လက်ပြီးတော့ PHASE(1.1 )အကောင်အထည်ဖော် တည်ဆောက်မှုအဖြစ် ရာသီပေါ်သီးနှံ အဆောက်အအုံနဲ့ နှစ်ထပ်စားသောက်ကုန်ဈေးရုံ၊ အအေးခန်းပါဝင်တဲ့ အလတ်စားပွဲရုံ၊ သားငါးနဲ့ ကုန်ခြောက်မျိုးစုံ နှစ်ထပ်ဈေးရုံတွေကိုလည်း ဆက်လက်ပြီး တည်ဆောက် လျက်ရှိပါတယ်။ အမှတ်လေး ဈေးရုံဖြစ်တဲ့ ရာသီပေါ် သီးနှံဈေးရုံဆိုရင်လည်း နောက်တစ်လအတွင်းမှာ အပြီးသတ် တည်ဆောက်ပြီးစီးတော့မှာ ဖြစ်ပါတယ်။

**မေး။ ။ဒီဈေးကြီးကို ဘယ်လိုဒေသတွေကနေ ကုန်စည်စီးဆင်းမှုတွေ အဓိကပြုလုပ်မှာဖြစ်ပါသလဲ။ လာရောက်ရောင်းဝယ်သူတွေအတွက်ကိုလည်း အဆင်ပြေအောင် ဘယ်လိုစီစဉ်ဆောင်ရွက်ပေးထားပါသလဲ သိပါရစေ။**

ဖြေ။ ။ ဒီဈေးကိုဝင်တဲ့ ကုန်ပစ္စည်းတွေကတော့ ရှမ်းပြည်နယ်ဘက်ကလာတဲ့ စားသုံးကုန်တွေ၊ ဗမာကုန်လို့ ခေါ်တဲ့ နေပြည်တော်၊ ကျောက်ဆည်၊ လယ်ဝေးဘက်က စားသောက်ကုန်တွေ၊ ပြည်၊ သဲကုန်း၊ မှော်ဘီ၊ တိုက်ကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးဘက်က စားသောက်ကုန်တွေ အဓိက ဝင်ရောက်ရောင်းချတာ ဖြစ်ပါတယ်။ ဒီဈေးကြီးမှာဆိုရင် အဆင့်မြင့် အမှိုက်သိမ်းစနစ်၊ ဈေးရေိယာ တစ်ခုလုံးအတွက် ၂၄ နာရီ လုံခြုံရေးစနစ်တွေအပြင် ဈေးလာရောက် ရောင်း၊ ဝယ်သူတွေအတွက် ကုန်စည်တွေ အတင်အချ အလွယ်တကူ ပြုလုပ်နိုင်ဖို့နဲ့ ယာဉ်ရပ်နားနိုင်ဖို့အတွက် ဈေးတည်ဆောက်ပုံအရ ဈေးရုံတွေ ပတ်ပတ်လည်မှာ ယာဉ်ရပ်နားတဲ့ နေရာတွေ တည်ဆောက်ထားပါတယ်။ ယာဉ်အစီးရေ ၂၀၀၀ ကျော် ရပ်နားနိုင်တဲ့ ကားပါကင်ရှိပါတယ်။ ဒါ့အပြင် ဈေးပတ်ပတ်လည်ကိုလည်း ကွန်ကရစ်လမ်းတွေ တည်ဆောက်ပေးထားပြီး သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ထားပါတယ်။ တောင်သူလက်လီရောင်းသူတွေ အတွက်ဆိုရင်လည်း ဈေးရုံထဲအထိ ဝင်ရောက်ပြီး ကုန်ပစ္စည်းတွေ ချနိုင်တဲ့အထိ ပြုလုပ်ပေးထားပါတယ်။ ဒါ့ကြောင့် ရောင်းဝယ်သူတွေအနေနဲ့ ကုန်ပစ္စည်းသယ်ယူရတဲ့ အလုပ်သမားခကို သက်သာစေမှာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ကတော့ လာရောက်ရောင်းချတဲ့ စားသောက်ကုန်တွေကို စားသုံးရန်သင့်မသင့် စစ်ဆေးပေးသွားမှာ ဖြစ်တဲ့အတွက် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်ကုန်ပစ္စည်းတွေကို ဝယ်ယူစားသုံးနိုင်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်သူတွေအတွက်ကိုလည်း လိုအပ်တဲ့ နည်းပညာ အကူအညီပံ့ပိုးပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဈေးက ကုန်ပစ္စည်းတွေဟာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်ကုန်များကို ရရှိစေမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင် စိုက်ပျိုးထုတ်လုပ်ပြီး လာရောက်ရောင်းချတဲ့သူတွေအတွက်လည်း ဒီဈေးကြီးမှာ ပွဲရုံတွေရှိတဲ့အပြင် ကိုယ်တိုင်လာရောက် ရောင်းချနိုင်မှာဖြစ်တဲ့အတွက် သူတို့အနေနဲ့ တန်ဖိုးမြင့်တဲ့ ဈေးတွေရရှိသွားမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာဆိုရင် ဒီဈေးကြီးမှာ လာရောက်ရောင်းချတဲ့ ကုန်ပစ္စည်းတွေအတွက်ကိုလည်း အအေးခန်းစနစ်ကိုလည်း ရည်ရွယ်ထားပါတယ်။ အဓိကကတော့ Export လုပ်ငန်းလုပ်တဲ့သူတွေအတွက် ရည်ရွယ်ထားတာပါ။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ တဖြည်းဖြည်းနဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စားသောက်ကုန်ပစ္စည်းတွေအတွက် Export လုပ်နိုင်တဲ့ အလားအလာတွေ ပိုပြီးတော့ ကောင်းမွန်စေနိုင်မှာဖြစ်ပါတယ်။

အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

## စစ်တောင်းမြစ် ရေဘေးသင့်ခဲ့ရသည့် ကျေးရွာများအား Family Kit များ ထောက်ပံ့

**ရေတာရှည် ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးရာသီကာလအတွင်း စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ရေဘေးသင့်ခဲ့ကြရသည့် ကျေးရွာများအား မြို့နယ်ကျေးလက်ဦးစီးဌာနမှ Family Kit များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားအား ဒီဇင်ဘာ ၂၉ ရက် နံနက် ၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးအောင်ဇော်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ရေဘေးသင့်ခဲ့ကြရသော ကျေးရွာဒေသခံများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ရေဘေးသင့်ပြည်သူများအား Family Kit များ ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝဲဒေါင့်ကျေးရွာအုပ်စု လက်ပံခုံ ကျေးရွာနှင့် ကက္ကူကျေးရွာအုပ်စု ကျွဲဦးကကျေးရွာ ဒေသခံများသို့ Family Kit ၈၃ ထုပ်၊ လယ်ယာသုံးဓား ၇၈ ချောင်း၊ ပေါက်ပြား ၇၈ ခုတို့ကို ပေးအပ်ခဲ့ပြီး ကျေးရွာဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ နေပြည်တော်၊ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

# နိုင်ငံတစ်ဝန်း တရားမဝင် ရထားလမ်းကူးများ၌ မတော်တဆဖြစ်ပွားမှုများ လျှော့ချနိုင်ရန် မြန်မာ့မီးရထားက စတင်ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ယခုနှစ်ပိုင်းအတွင်း နိုင်ငံတစ်ဝန်းရှိ တရားမဝင် ရထားလမ်းကူးများနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားလျက်ရှိသော မတော်တဆမှုများ လျော့နည်းကျဆင်းစေရန် နည်းမျိုးစုံ၊ ကဏ္ဍမျိုးစုံဖြင့် စီမံချက်ချကာ စတင်အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးဘမြင့်(စစ်ဆေးရေး)က ပြောသည်။

မြန်မာ့မီးရထား (အောက်မြန်မာပြည်ရုံး)၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပသော နိုင်ငံတစ်ဝန်း တရားမဝင် ရထားလမ်းကူးများနှင့် စည်းကမ်းမလိုက်နာမှုများကြောင့် ဖြစ်ပွားလျက်ရှိသော မတော်တဆမှုများ လျော့နည်းကျဆင်းရေး စတင်လုပ်ဆောင်မည့် ကဏ္ဍများနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီနှစ်အတွင်းမှာ နိုင်ငံတစ်ဝန်း တရားမဝင် ရထားလမ်းကူးတွေနဲ့ စည်းကမ်းမလိုက်နာတဲ့ ပြည်သူတချို့ကြောင့် ရထားနဲ့ပတ်သက်တဲ့ မတော်တဆမှုတွေ ဖြည်းဖြည်းချင်း များလာပါတယ်၊ ဒါကြောင့် ပြည်သူတွေ အသက်အန္တရာယ်အတွက် အထူးသဖြင့် ခရီးသွားပြည်သူတွေ အသက်အန္တရာယ်မဖြစ်စေဖို့ မြန်မာ့မီးရထားအနေနဲ့ ပညာပေး ရုပ်ရှင်ဇာတ်လမ်းတို၊ ဇာတ်လမ်းရှည်တွေ ရိုက်ကူးထုတ်လွှင့် ပြသပေးသွားမယ်၊ လူနေထူထပ်တဲ့မြို့နယ်၊ ကျောင်းတွေမှာ အသိပညာပေးကြော်ငြာတွေ လိုက်လံဝေငှ ချိတ်ဆွဲသွားမှာဖြစ်ပြီး ကျောင်းသင်ခန်းစာများထဲမှာလည်း လူငယ်တွေ အသိပညာပေးမှုအနေနဲ့ ထည့်သွင်းရေးဆွဲနိုင်ဖို့ ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းတိုင်ပင်သွားမှာဖြစ်ပါတယ်၊ ဒ့ါအပြင် မလိုအပ်တဲ့ တရားမဝင် ရထားလမ်းကူးတွေ ဖျက်သိမ်းဖို့၊ လူကူးခုံးကျော်တံတားတွေ တည်ဆောက်ပေးနိုင်ဖို့၊ မြန်မာ့မီးရထားပိုင် သံလမ်းနယ်မြေတွေ ကန့်သတ်တားဆီးကာကွယ်ဖို့ စသော ကဏ္ဍတွေကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ၊ မြန်မာ့မီးရထားက အကောင်အထည်ဖော် ဆောင်ရွက်သလို ပြည်သူလူထုကလည်း စည်းကမ်းနဲ့အညီ လိုက်ပါကူညီဆောင်ရွက်ပေးဖို့ အထူးအရေးကြီးပါတယ်"ဟု အထွေထွေမန်နေဂျာက ပြောကြားသည်။



ရန်ကုန်မြို့ပတ်ရထား ရန်ကုန်ဘူတာကြီးမှ မထွက်ခွာမီ တွေ့ရစဉ် ဓာတ်ပုံ- မင်းထက်

နိုင်ငံတစ်ဝန်း၌ မြန်မာ့မီးရထား တရားဝင် လမ်းကူးဂိတ်များအနေဖြင့် ၁၆၆၇ ခုရှိပြီး ယင်းလမ်းကူးဂိတ်များတွင် အစောင့်ထားရှိသောဂိတ်မှာ ၇၁၈ ခုနှင့် အစောင့်မရှိသည့်ဂိတ်မှာ ၉၄၉ ခု ရှိကြောင်း၊ တရားမဝင်ဂိတ်မှာ ၂၄၈၅ ခုရှိသဖြင့် နိုင်ငံတစ်ဝန်းလုံး၌ ရထားလမ်းကူး စုစုပေါင်း ၄၁၅၂ ခု ရှိကြောင်း သိရသည်။ ဘဏ္ဍာနှစ်အလိုက် ခုံးကျော်များတွင် ရထားနှင့် ကား၊ ယာဉ်အမျိုးမျိုးတို့ တိုက်မိသော မတော်တဆမှုမှာ ၂၀၁၃-၂၀၁၄ တွင် တစ်လပျမ်းမျှ ၂ ဒသမ ၉မှု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၂၅မှု၊ ၂၀၁၅-၂၀၁၆ တွင် ၅ ဒသမ ၈မှု၊ ၂၀၁၆-၂၀၁၇ တွင် ၅ မှု ရှိခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လတ်တလော ရှစ်လအတွင်းမှာပင် ၆ ဒသမ ၆ မှုရှိပြီဖြစ်သောကြောင့် တစ်နေ့တခြား မတော်တဆမှုမှာ ရာခိုင်နှုန်းမြင့်မားလာကြောင်း သိရသည်။

ယင်းမတော်တဆမှုများကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒဏ်ရာရသူ ၁၅ ဦး၊ သေဆုံးသူမှာ ၁၀ ဦး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဒဏ်ရာရသူ ၇၇ ဦး၊ သေဆုံးသူ ၁၂ဦး၊ ၂၀၁၅-၂၀၁၆ တွင် ဒဏ်ရာရရှိသူ ၄၇ ဦး၊ သေဆုံးသူ ၁၉ ဦး၊ ၂၀၁၆-၂၀၁၇ တွင် ဒဏ်ရာရရှိသူ ၃၇ ဦး၊ သေဆုံးသူ ၁၁ ဦးနှင့် ယခုဘဏ္ဍာနှစ် ရှစ်လတာအတွင်းတွင် ဒဏ်ရာရရှိသူ ၃၅ဦး၊ သေဆုံးသူ ၁၁ ဦးအထိ ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုများထဲတွင် ရထားလမ်းကိုကျော်ပေး၍ လမ်းလျှောက်ခြင်း၊ ရထားလမ်းပေါ်တွင် လဲလျောင်းအိပ်စက်ခြင်း၊ ဝိုင်းဖွဲ့စကားပြောဆိုခြင်း၊ နားကျပ်တပ်၍ သီချင်းနားထောင်ခြင်း၊ ရထားလမ်းနှင့်မလွတ်ကင်းသည့်နေရာနှင့် ရထားသံလမ်းပေါ်တို့တွင် လမ်းလျှောက်ရင်း ဖုန်းပြောခြင်းတို့ကြောင့် အဖြစ်အများဆုံးဖြစ်ပြီး အခြားအကြောင်းအရာများကြောင့်လည်း မတော်တဆမှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

## ကွန်ကရစ်လမ်းခင်းနေမှုကို ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းမှ ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ လမ်းပိုင်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က ဒီဇင်ဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

**နန်းထိုက်(ပြန်/ဆက်)**

## ခိုကိုးရာမဲ့ သက်ကြီးမိဘများအား ကူညီထောက်ပံ့လှူဒါန်း

**အင်းတော် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဖြူစင်မေတ္တာ ခိုကိုးရာမဲ့သက်ကြီး မိဘများကူညီထောက်ပံ့ရေးအသင်းမှ လစဉ်ထောက်ပံ့ငွေကျပ် ၁၅၀၀၀ စီကို ဒီဇင်ဘာ ၂၉ ရက်က ခိုကိုးရာမဲ့ မိဘ ၁၂ ဦးအား အသင်းသားများက အဖွဲ့ သုံးဖွဲ့ခွဲကာ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ အဆိုပါအဖွဲ့မှ အသင်းသားများသည် ကျန်တော၊ တုံးပုံ၊ နားရခေါင်၊ ကြာအင်း၊ သက္ကယ်ကျင်း၊ တာပေါ၊ ကျွဲကောလေး၊ ပါအော့၊ ကျောက်အိုး၊ ကျောင်းကုန်းရွာများတွင် ခိုကိုးရာမဲ့သက်ကြီးမိဘတစ်ဦးစီနှင့် မြို့ပေါ်မှ နှစ်ဦး စုစုပေါင်း၁၂ တို့ကို လစဉ် ထောက်ပံ့ငွေကျပ်တစ်သောင်းခွဲစီအား သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## နှမ်းစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၃၀၀၀၀ ကျော် ထုတ်ချေးပေး

**သထုံ ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ တောင်သူများ နှမ်းစပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သော အရင်းအနှီးအတွက် အထောက်အပံ့ဖြစ်စေနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၃၀၀၀၀ ကျော်ကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံ တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်း၊ နှမ်းစပါး တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းတို့ဖြင့် ကျေးရွာအလိုက်ဖွဲ့စည်းပေးထားသည့် ချေးငွေကော်မတီအဖွဲ့၏ ထောက်ခံချက်၊ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)မူရင်း တင်ပြနိုင်သည့် တောင်သူများအား သုံးဦးလျှင် တစ်စုနှုန်း စုပေါင်းအာမခံချက်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သထုံမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဒေါ်အေးအေးသိန်းက ပြောသည်။

ယခင်နှစ်အထိ ဆောင်းသီးနှံချေးငွေ တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့်သာ ထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် ပိုမိုရရှိလာသဖြင့် ဆောင်းသီးနှံများကို ပိုမိုစိုက်ပျိုးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် ချေးယူထားသည့်ငွေများကို လယ်ယာလုပ်ငန်းခွင်အတွက်သာ အသုံးပြုကြရန်လိုအပ်ပြီး စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ချိန်တွင် အကြေမဆပ်နိုင်ပါက မြေနှင့်ဥပဒေနှင့်တည်ဆဲဥပဒေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



သထုံခရိုင်အတွင်း ဆောင်းသီးနှံအဖြစ် မြေပဲ၊ ပဲလွန်း၊ ဘိုကိတ်ပဲ၊ ပဲတီစိမ်း၊ မတ်ပဲများကို စိုက်ပျိုးလုပ်ကိုင်ကြပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်းသီးနှံ စိုက် ဧက ၂၈၃၇၇ ဧကအတွက် တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ကျပ် ၁ ဒသမ ၄၁၈ ဘီလျံကျော်နှင့် နှမ်းစပါး ၁၁၉၀၅ ဧက အတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ကျပ် ၁ ဒသမ ၇၈၅ ဘီလျံကျော်၊ စုစုပေါင်း ကျပ် ၃ ဒသမ ၂၀၄ ဘီလျံကျော်ကို သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်မြို့နယ်တို့ရှိ ကျေးရွာပေါင်း ၆၁ ရွာမှ တောင်သူများထံသို့ ထုတ်ချေးပေးထားကြောင်း သထုံမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**သက်ဦး(သထုံ)**

## ပဲစားပွဲတော်များ ပြုလုပ်နေခြင်းကို ကန့်ကွက်စာများ ထုတ်ပြန်ခဲ့သည့် စားသုံးသူကာကွယ်ရေးအသင်းအနေဖြင့် ဝန်ကြီးဌာနကို ပြန်လည်မတောင်းပန်ပါက တရားစွဲဆိုသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တောင်သူများ၏ အကျိုးစီးပွားအတွက် ပဲစားပွဲတော်များ ပြုလုပ်နေခြင်းအပေါ် ကန့်ကွက်စာများ ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ယခု ဒီဇင်ဘာလ ၃၁ ရက်နေ့ မတိုင်မီ တရားဝင်တောင်းပန်ရန်နှင့် မတောင်းပန်ပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

စီးပွားရေးနှင့်ကူးသန်းဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းစဉ်များအပေါ် တိကျစွာမသိဘဲ အများအကြည်ညိုပျက်စေမည့် ရေးသားမှုများ၊ စွပ်စွဲမှုများ၊ အစိုးရဌာန၊ ကုန်သည်များနှင့် အများပြည်သူအကြား သဘောထားကွဲလွဲမှုများဖြစ်စေသည့် အသုံးအနှုန်းများ ပါဝင်နေခြင်းကြောင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ပြောသည်။

ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက "အခု ပြည်တွင်းထွက် ပဲတွေမှာ ဓာတ်ကြွင်းတွေပါနေတယ်လို့ပြောရအောင် သူ့မှာ ဘာအထောက်အထားတွေ ရှိသလဲ၊ ဓာတ်ခွဲခန်းရှိသလား၊ အခုက ကျွန်တော်တို့ဌာနနဲ့ ပြည်သူကြားမှာ အထင်အမြင်လွဲမှားအောင်လုပ်တာ၊ သတ်မှတ်ထားတဲ့ရက်အတိုင်း မတောင်းပန်ဘူးဆိုရင် တရားဥပဒေအတိုင်း တရားစွဲဆိုသွားမယ်"ဟု ပြောသည်။



ဓာတ်ပုံ-ကေဇူး (AMIA)

ပဲစားပွဲတော်များ ကျင်းပနေခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းက စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စားသုံးသူကို ကာကွယ်ရမည့်အစား ပဲစိုက်တောင်သူနှင့် ကုန်သည်များ၏ မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး ဦးဆောင်ကျင်းပနေခြင်းဖြစ်သည့်အတွက် ပဲစားပွဲတော်များကိုရပ်ဆိုင်းရန်ဟု ဒီဇင်ဘာ ၁၆ ရက်က ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

"သူထုတ်ပြန်လိုက်တဲ့အကြောင်းအရာတွေထဲမှာ ကျွန်တော်တို့ဌာနက ကုန်သည်တွေအတွက် လုပ်ပေးနေသယောင် ပြောထားတယ်၊ အဓိက ကျွန်တော်တို့ အလေးထားတာက တောင်သူတွေ ဒုက္ခမရောက်ရအောင် ပြည်တွင်းပဲဈေးကွက်အပြင် ပဲအသုံးပြု စားသောက်ကုန်ပြုလုပ်နည်းသင်တန်းတွေပါ ပေးနေတာ၊ တောင်သူတွေကို ပဲဈေးကွက်မရှိလို့ ပဲမစိုက်နဲ့၊ တခြားဟာပြောင်းစိုက်ဆိုပြီး ပြောလို့မရဘူး၊ ဒေသတစ်ခုနဲ့တစ်ခု မတူဘူးလေ"ဟု ဦးလှမော်ဦးက ဆက်ပြောသည်။

လက်ရှိ ပြည်တွင်း၌ ပဲများကို စိုက်ပျိုးရာတွင် ပိုးသတ်ဆေးများကို သုံးစွဲထားသကဲ့သို့ သိုလှောင်ရာတွင်လည်း ပိုးမကျစေရေးအတွက် ပိုးသတ်ဆေးများကို သုံးစွဲနေကြသည့်အတွက် ဓာတုဓာတ်ကြွင်းများကျန်ရှိနေသည့် ပဲများကို ပြည်သူများ စားသုံးမိပါက အာရုံကြောထိခိုက်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်းနှင့် ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပွားစေနိုင်သည့်အတွက် ကန့်ကွက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းမှ ဦးဗအုပ်ခိုင်က ဒီဇင်ဘာ ၂၇ ရက်က ပြောဆိုထားသည်။

ဦးဗအုပ်ခိုင်က "အိန္ဒိယက ပဲအဝယ်ရပ်လိုက်တော့ ပြည်တွင်း ပဲဈေးကွက်က အရောင်းအဝယ်မဖြစ်တော့ ဈေးတွေကျနေတာ၊ ဂျပန်တို့၊ ဥရောပတို့ကျတော့လည်း ပိုးသတ်ဆေးဓာတ်ကြွင်းတွေများနေတော့ သူတို့က မယူဘူး၊ အဲတော့ ဒီလိုပိုးသတ်ဆေးဓာတ်ကြွင်းတွေပါနေတဲ့ ပဲတွေကို ပြည်တွင်းမှာ စားသုံးမှုမြင့်တက်စေဖို့ လုပ်နေတာကို ကန့်ကွက်တာပါ"ဟု ပြောကြားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများမှ ပဲစင်းငုံ တန်ချိန်နှစ်သိန်း၊ မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန်သုံးသိန်းကိုသာ ဝယ်ယူရန်ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ကန့်သတ်ချက်များ ထုတ်ပြန်လိုက်ခြင်းကြောင့် အိန္ဒိယပဲဈေးကွက်ကို အားထားနေရသည့် ပြည်တွင်းပဲဈေးကွက်၌ ဈေးနှုန်းများကျဆင်းနေပြီး ပဲတန်ချိန်အများအပြားလည်း ကျန်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် ပဲကြာဆန်ကဲ့သို့ ပဲအသုံးပြုထုတ်လုပ်ရသည့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများတွင် ပြည်တွင်းထွက်ပဲများကို တွင်ကျယ်စွာ အသုံးပြုလာစေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက တောင်သူများအတွက် နည်းပညာသင်တန်းများပို့ချခြင်းအပါအဝင် ပဲစားပွဲတော်များကို ပြုလုပ်နေခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၉ ရက် လယ်ယာထွက်ကုန်ဈေးကွက် လေ့လာချက်များအရ ပြည်တွင်းပဲဈေးကွက်တွင် မတ်ပဲ (FAQ/RC) တစ်တန်လျှင် ကျပ် ၅၉၆၀၀၀၊ ပဲစင်းငုံ(RC) တစ်တန်လျှင် ကျပ် ၃၈၇၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**သတင်း-ဖြိုးလွင်အောင် (AMIA)**

## ရခိုင်ပြည်နယ်သတင်းများ

# သံတွဲနှင့် ကျိန္တလီမြို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ထောက်ပံ့ငွေလှူဒါန်း



**သံတွဲ ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဒီဇင်ဘာ ၂၈ရက် ညနေ ၆ နာရီ ၄၅ မိနစ်က သံတွဲမြို့ ဘုရင့်နောင်လမ်းရှိ ဓမ္မဗိမာန်တော်သို့ ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင်ဝင်း၊ ဓမ္မဗိမာန်ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဓမ္မဗိမာန်တော်အတွက် ငွေကျပ် သိန်း ၂၅၀ နှင့် ကျောက်ကြီးတိုက်နယ်ဆေးရုံ ခွဲစိတ်ခန်း အသုံးပြုရန် 15KVA မီးစက်တစ်လုံးအတွက် ငွေကျပ်သိန်း ၁၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ဓမ္မဗိမာန်ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင်ဝင်း တို့က လက်ခံရယူကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျိန္တလီမြို့သို့ ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျောင်းကော်မတီများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးကာ ရတနာမြိုင်အလင်းရောင်စာကြည့်တိုက် ပရိဘောဂများ ဝယ်ယူရန်အတွက် ငွေကျပ် ၁၅ သိန်း၊ ကျိန္တလီမြို့ အမှတ်-၂ ရပ်ကွက်ရှိ သီရိဇေယျာစာပေအသင်း စာကြည့်တိုက်အတွက် လှူဒါန်းငွေကျပ် ၁၅ သိန်းနှင့် ရတနာမြိုင် အထက သင်ထောက်ကူပစ္စည်းများ ဝယ်ယူရေးအတွက် ငွေကျပ် ၁၆၇၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက လက်ခံရယူခဲ့ကြကြောင်း သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရသေ့တောင်တံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-နေဝင်းထွန်း

***ကျောဖုံးမှ***

တံတားကြီးနှစ်စင်းမှာ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ ပေ ၈၀၀ အရှည် ရသေ့တောင်တံတားနှင့် ဘူးသီးတောင်မြို့နယ် ရသေ့တောင်-ဘူးသီးတောင် လမ်းပေါ်ရှိ ပေ ၆၀၀ အရှည် စိုင်းတင်တံတားတို့ဖြစ်သည်။

အခြားသော တံတားကြီးများမှာ ဘူးသီးတောင်-ရသေ့တောင် လမ်းပေါ်၌ တည်ရှိသည်။ ထင်ရှားသော တံတားများမှာ ပေ ၉၆၀ ရှည် ပန်ဇင်းချောင်းတံတား၊ ပေ ၁၈၀ ရှိ အောင်သာ ချောင်းတံတားနှင့် ပေ ၁၅၀ ရှည် ရေစိုးချောင်းတံတားတို့ ဖြစ်ကြသည်။ အခြားသော တံတားငယ်များလည်း ဘူးသီးတောင်-ရသေ့တောင် လမ်းကြောင်းပေါ်တွင် ရှိသေးသည်။ သို့သော် တံတား ငါးစင်းသာ အဓိကဖြစ်ပြီး စိုင်းတင်တံတားနှင့် ဘူးသီးတောင် တံတားတို့ကို အမြန်ပြီးစီးအောင် အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။ ၎င်းတံတားများ ပြီးစီးသွားပါက စစ်တွေမှ မောင်တောသို့ ကားလမ်းပေါက်သွားပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်၊ ဇေယျာ**

# မောင်တောမြို့နယ်တွင် NVC နှင့် NID များ ပြုလုပ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မောင်တောမြို့နယ် ရွှေဇားကျေးရွာတွင်နေထိုင်သော အစ္စလာမ်ဘာသာဝင်များအား ဒီဇင်ဘာ ၂၅ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ NVC (National Verification Card) ပြီးစီးမှု ၁၄၅၇ ဦးဖြစ်ပြီး NID (National Electronic ID) ပြီးစီးမှုမှာ ၁၅၀၃ ဦးဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။

**သတင်းစဉ်**

# ဒီဇင်ဘာအားကစားလ နောက်ဆုံးပတ် စစ်တွေမြို့၌ စုပေါင်းလမ်းလျှောက်

**စစ်တွေ ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဒီဇင်ဘာအားကစားလ နောက်ဆုံးပတ် လူထုစုပေါင်းလှုပ်ရှားမှု လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မှ စတင်၍ မေယုလမ်း၊ နာရီစင်အဝိုင်း၊ ရှုခင်းသာ ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်ကြပြီး စစ်တွေကမ်းခြေတွင် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်ရှိ ပြည်သူများ အင်အား တစ်ထောင်ကျော်ခန့် စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**



# ရဲချုပ်တံခွန်စိုက်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၂၃)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲတွင် အမှတ်(၂၀) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ (နေပြည်တော်)၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် အောင်ဝင်းဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။

ရဲချုပ်က ယခုကျင်းပသည့် တောတွင်းခရီးကြမ်း ငါးမိုင်အပြေးတက်ပြိုင်ပွဲကို တပ်ဖွဲ့ဝင်များ လေ့ကျင့်သားပြည့်ဝပြီး သတ်မှတ်ထားသည့် ကြံ့ခိုင်မှုစွမ်းရည် စံနှုန်းများ ပြည့်ဝစေရန်၊ စည်းကမ်း စိတ်ဓာတ်နှင့် အမိန့်နာခံမှု တိုးတက်ကောင်းမွန်စေရန်၊ ကိုယ်ခန္ဓာကြံ့ခိုင်ပြီး ပင်ပန်းဒဏ် ခံနိုင်မှုနှင့် တစ်ဦးတစ်ယောက်ကောင်းဖြင့် မဟုတ်ဘဲ ပါဝင်ယှဉ်ပြိုင်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝရှိခြင်းဖြင့် ထက်မြက်သော တပ်ဖွဲ့ဝင်ကောင်းများ ဖြစ်လာစေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် တပ်ဖွဲ့အသီးသီးမှ မိမိတို့၏ တပ်ဖွဲ့အောင်နိုင်ရေးနှင့် တပ်ဖွဲ့ဂုဏ်ကို မြှင့်တင်လိုစိတ်အပြည့်အဝထားရှိ ယှဉ်ပြိုင်ကြပြီး ယှဉ်ပြိုင်မှုများမှ တပ်ဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းစနစ်ကျစွာ ဆောင်ရွက်တတ်မှု၊ အမိန့်နာခံတတ်မှုများ တိုးတက်ရရှိလာမည့်အပြင် အနိုင်မခံ အရှုံးမပေးလိုသည့် စိတ်ဓာတ်၊ ရဲဝံ့စွန့်စားလိုသည့် စိတ်ဓာတ်၊ ရည်မှန်းချက်ပန်းတိုင်ကို မဖြစ်မနေအရောက်လှမ်းမည်ဆိုသည့် တပ်ဖွဲ့ဝင်ကောင်းတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင်လည်း ပြည်သူက အားကိုးယုံကြည်လောက်သည့် ကြံ့ခိုင်မှုစွမ်းရည်များရှိနေစေပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မှာကြားသည်။



အဆိုပါ ပြိုင်ပွဲသို့ တပ်ဖွဲ့အလိုက် စုစုပေါင်း ၄၁ ဖွဲ့ဝင်ရောက်ယှဉ်ပြိုင်၍ ရဲချုပ်က ပထမဆုရရှိသည့် အမှတ်(၈) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲအသင်းအားလည်းကောင်း၊ ရဲအရာရှိကြီးများက ဒုတိယဆုရရှိသည့် အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အသင်း၊ တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်း ၁၂ သင်းတို့အား လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၃၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သည့် ဦးမြင့်ဆွေအား နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်သတင်း၌ 'ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ' **(အစား)** 'နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံ' ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံပါသည်။

**သတင်းစဉ်**

▲ ***ကျောဖုံးမှ***

ကျော်ဝင်းအောင်(အဖြူရောင်သွေးသစ်)၊ မိုက်သွေး(ဗမာ့သွေး)နှင့် စစ်မင်း(ရာမညအားမာန်)၊ ထယ်ကြီး (STL)နှင့် သိန်းညီညီ(အဖြူရောင်သွေးသစ်)တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ရွှေတံဆိပ်ဆုရှင်များဖြစ်ပြီး လေးချီစိန်ခေါ်ပွဲတွင် တက်လူ(ရာမညအားမာန်)နှင့် ရဲသွေးအောင်(အဖြူရောင်သွေးသစ်)၊ သူရလိမ်(ဗမာ့သွေးသစ်)နှင့် စိုးလင်းအောင် (STL)၊ အမျိုးသမီးအထူးစိန်ခေါ်ပွဲတွင် ဘရောနီကာ(ဖယ်ခုံ)နှင့် မြွေပွေးမ(မြွေဟောက်မင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် ငွေကျပ် ၃၀၀၀၊ ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

❖ ***ကျောဖုံးမှ***

GFA အသင်းအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် အီမာနျူရယ်က သွင်းယူခဲ့သည်။ ဟံသာဝတီအသင်းမှာမူ နာမည်ကြီး ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မကွေးအသင်းနှင့် Southern အသင်းတို့ပွဲတွင် မကွေးက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းအတွက် ဂိုးများကို အောင်မြင့်ထွန်းက နှစ်ဂိုး၊ စိုးမင်းအောင်နှင့် မြတ်ထွန်းသစ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ကာ Southern အသင်းအတွက် ဂိုးများကို အောင်မိုးနှင့် ဒီမီထရီတို့က သွင်းယူခဲ့သည်။ အခြားပွဲတွင် ဇွဲကပင်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းအများစုသည် နောက်ဆုံးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး အသင်းအချို့သာ ခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ရန်ကုန်မြို့ )
၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၆၊ ၇၊ ၈)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့) နံနက် ၉ နာရီမှ ည ၈ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အမှတ် (၆)၊ အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်)၊ ဗိုလ်တထောင်မြို့နယ်

## နိုင်ငံတော်ဩဝါဒါစရိယ စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ သာသနဝေပုလ္လ ရေချမ်းအိုးကျောင်း ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တခေမာဝံသ ဘဝနတ်ထံပျံလွန်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ သာသနဝေပုလ္လ ရေချမ်းအိုးကျောင်း၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တခေမာဝံသသည် သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၈ ရက် (၂၅-၁၂-၂၀၁၇) တနင်္လာနေ့ နံနက် ဝ၆း၄၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**



မြန်မာ့ယဉ်ကျေးမှု ထွန်းကားရာ မန္တလေးမြို့တွင် ရှေးအစဉ်အလာ မပျက် ဆင်ရတနာများဖြင့် ရှင်လောင်းလှည့်လည်လာသည်ကို ဒီဇင်ဘာ ၃၀ ရက်က တွေ့ရစဉ်။
မောင်ယဉ်ကျေး

## အသိပညာပေးဆွေးနွေးပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးနှင့် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်ဇော်တို့က လုပ်ငန်းရှင်များအား ထိန်းချုပ်ဓာတုပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ **တင်မောင်-မန်းကိုယ်ပွား**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန စာအုပ်များ ထုတ်ဝေဖြန့်ချိ




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၏ အစဉ်အလာကြီးမားကျယ်ပြန့်သော မြန်မာသမိုင်းကို အကြို သမိုင်းခေတ်မှစတင်၍ ၁၉၈၈ခုနှစ်ကာလအထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကျမ်းကြီးများ ထွက်ပေါ်လာစေရန်နှင့် ပြည်သူများသို့ သမိုင်းအသိပညာများ ဖြန့်ဝေပေးနိုင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ပညာရှင်များနှင့် ၎င်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ပြုစုရေးသား၍ စဉ်ဆက်မပြတ်ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ယခုအခါ အောက်ဖော်ပြပါ စာအုပ်များကို ထုတ်ဝေထားပါကြောင်းနှင့် ဖော်ပြပါလိပ်စာ အသီးသီးတွင် ဝယ်ယူဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ဆက်သွယ်ဝယ်ယူနိုင်မည့် နေရာ |
|---|---|---|---|---|
| ၁။ | ဌာနတွင်းစွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သောစာတမ်းများ အတွဲ(၁) | မြန်မာသမိုင်းအဖွဲ့ | ၁၅၀၀/ - | သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၄၂၃၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း- ၄၁၈၄၂၆ ရန်ကုန်မြို့ပြည်လမ်း ၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန ဖုန်း - ၀၁ ၃၉၅၁၉၀၊ ၃၉၅၁၉၂ |
| ၂။ | မြန်မာနိုင်ငံရေး(၁၉၀၆-၁၉၃၀) | မြန်မာသမိုင်းအဖွဲ့ | ၂၅၀၀/- | |
| ၃။ | မြန်မာသမိုင်း မြေပုံများ | ဒေါက်တာသန်းထွန်း | ၂၀၀၀/- | |
| ၄။ | မြန်မာသမိုင်းသုတေသန စာစောင်အမှတ်(၃၃) | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့် တိုက်ဦးစီးဌာန | ၂၅၀၀/- | |

## အသက် ၇၀ အထက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများ သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အသက် ၇၀ အထက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီးများအား သက်ကြီးပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ယင်းသက်ကြီးပူဇော်ပွဲကို မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး သက်ကြီး ဘောလုံးသမားဟောင်းကြီးအများအပြားစု တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြိုင်က သက်ကြီးပူဇော်ပွဲ ကျင်းပရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး ကန်တော့ခံပုဂ္ဂိုလ်ကြီးများနှင့် မိတ်ဆက်ပေးသည်။ ဆက်လက်၍ ကန်တော့ခံ လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများအား ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား ဦးစိုးမြင့်က ဆုံးမဩဝါဒစကား ပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက သက်ကြီးပူဇော်ပွဲ ကျင်းပပေးသည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင် (ဂိုး)က ကျေးဇူးတင်စကားပြောကြားပြီး သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးသူများအား မေတ္တာလက်ဆောင် ပေးအပ်သည်။ **(အပေါ်ပုံ)**

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**



## တာချီလိတ်မြို့ကွက်သစ် အပိုင်း ၅၂ အကွက်၌ ကျူးကျော်နေထိုင်သူများအား တတိယအကြိမ် နောက်ဆုံး နို့တစ်စာပေးပို့

**တာချီလိတ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း ခ ရပ်ကွက် မြို့ကွက်သစ် အပိုင်း ၅၂ မြေဧရိယာ ဧက ၄၀ ၌ ကျူးကျော်နေထိုင်သူများကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက တတိယအကြိမ် နောက်ဆုံး ဆင့်စာများ လိုက်လံပေးပို့ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင် ဦးဆောင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ယင်းမြေပေါ်တွင် ကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူရေး အဖွဲ့ခေါင်းဆောင်ဦးစီးအရာရှိ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့စစ်အဖွဲ့များ၊ မြို့မရဲစခန်းမှ ရဲအုပ် ကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ လူနေအိမ်ရာ ဆောက်လုပ်အသုံးပြုရန် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ (တိုးချဲ့ မြို့ကွက်သစ်မြေ) မြို့ကွက်သစ် အပိုင်း ၅၂ အဖြစ် ဧရိယာ ဧက ၄၀ ကို ခွင့်ပြုချထားပေးခဲ့ရာ ယင်းမြေပေါ်တွင် နေထိုင်သူ သိစေရန် ဆင့်စာများ လိုက်လံပေးပို့ခြင်းဖြစ်ပြီး လူနေထိုင်ခြင်းမရှိသေးသော နေအိမ်များတွင်လည်းကောင်း၊ ထင်သာမြင်သာရှိသော မြေကွက်လပ်နေရာတွင် ဘုတ်ကြီးများထောင်၍ ဆင့်စာများ ကပ်ထားခြင်းများ ဆောင်ရွက်ခဲ့သည်။

"ဒီနေရာက လန ၃၉ ကျတဲ့ မြေဖြစ်ပါတယ်၊ မြေဧက ၉၀ ကျော်မှာ ဧက ၄၀ က မြို့မြေတိုးချဲ့ရေး ခွင့်ပြုထားတဲ့ မြို့ကွက်သစ် အပိုင်း ၅၂ ရပ်ကွက်ဆိုပြီး ဖော်ဆောင်ကာ မြေပေးမိန့်တွေလည်း ပေးထားပြီးဖြစ်ပါတယ်၊ အထောက်အထား ခိုင်လုံစွာမရှိဘဲနဲ့ အပြင်မှာတော့ လက်တန်း အရပ်စာချုပ်နဲ့ အရောင်းအဝယ်တွေလုပ်ကြပြီး နေထိုင်မှုအပေါ်မှာ တတိအကြိမ် နို့တစ်စာ ကပ်တာပါ၊ ပထမနဲ့ ဒုတိယအကြိမ်တော့ ကပ်ပြီးပါပြီ၊ တချို့က မဖယ်သေးတဲ့အတွက် တတိယအကြိမ်နောက်ဆုံး အသိပေးတဲ့အနေအထားပါ၊ မလိုက်နာဘူးဆိုရင် မြို့နယ်တရားရုံးမှာ ဥပဒေနဲ့အညီ ဆက်လက်အရေးယူဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

ဆင့်စာပေးပို့ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူရေးအဖွဲ့ခေါင်းဆောင် ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့စစ်အဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များသည် အာရ်စီ တစ်ထပ်အဆောက်အအုံ ၂၁ လုံး၊ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ ဆောက်လုပ်ဆဲ တစ်လုံး၊ တဲအိမ် လေးလုံး၊ သွပ်မိုးကာအိမ် သုံးလုံး၊ သွပ်ဆူးကြိုးကာ မြေကွက်လပ် ၁၇ ကွက်နှင့် ကျောက်ကြီး ဘလောက်အုတ်ကျောက်တိုင် ၁၂ ကွက် စုစုပေါင်း ၅၉ ကွက်ကို ဆင့်စာများ လက်ရောက်ပေးပို့ခြင်းနှင့် ဆင့်စာ ကပ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မြေကွက်ပေါ်တွင် ၂၀၁၀ ပြည့်နှစ်က မြို့မြေတိုးချဲ့ရေး စီမံချက်အရ ဝန်ထမ်းများအတွက် မြေကွက်ပေါင်း ၅၃၇ မြေကွက်ဖော်ထုတ်မည့် ၅၂ အကွက်တွင် ဒေသခံပြည်သူများ၊ လက်လုပ်လက်စားများ၊ ဝန်ထမ်းများက တစ်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ခုနှစ်နှစ်ကာလသို့ ရောက်ရှိသော်လည်း ကျူးကျော်နေသူများကြောင့် မြေကွက်ဖော်ဆောင်နိုင်ခြင်း မရှိ၍ ကျူးကျော်အိမ်များကို စက်တင်ဘာ ၁၄ ရက်က ပထမအကြိမ်အဖြစ် လည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်က ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ တတိယအကြိမ်ကို ဒီဇင်ဘာ ၃၀ ရက်က နောက်ဆုံးအကြိမ်အဖြစ် သတ်မှတ်ကာ တစ်လအတွင်း မဖယ်ရှားသူများကို မြို့နယ်တရားရုံးတွင် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့တွင် ငွေကျပ်သိန်းပေါင်း ၃၁၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်တပ်ဖွဲ့စု-၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် ည ၇ နာရီခွဲက ဝိုင်းမော်မြို့နယ် ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အွန်ခွန်အောင်(ခ) ဆိုင်းအောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၈၃ ခွက် (ဘိန်းဖြူအလေးချိန် ၉၆၃ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြစ်ကြီးနားမြို့ စက်မှုရပ်ကွက် ရပ်တုအပိုင်း၌ နော်လီမောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၁၄ ခွက်(ဘိန်းဖြူအလေးချိန် ၂ ဒသမ ၃၅၄ ကီလို) နှင့် လက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်း ဘိန်းဖြူဆပ်ပြာခွက် ၂၉၇ ခွက်၊ ဘိန်းဖြူအလေးချိန် ၃ ဒသမ ၃၁၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု-၃၁ ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် နောင်ကုန်းကျေးရွာအုပ်စု ဝဲကရင်ကျေးရွာ ဖာပွန်ချောင်းဘေးလမ်းကြား၌ မော်တော်ယာဉ်နှင့် အတူ စောကျော်သိန်း (ခ) စောမီးမီးအား တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၃၇၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည်ရစ်တောင့်၊ ပွိုင့် ၂၂ ကျည်အတောင့် ၃၀၊ ၅ ဒသမ ၅၆ ကျည်တစ်တောင့်နှင့် လက်ပစ်ဗုံးသုံး ဖျူးစ်တစ်ခု၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု-၉ ဟုမ္မလင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် နောင်ဖာမူကျေးရွာအုပ်စု နားနုကျေးရွာနေ သောင်းဟန် (ခ) အိုက်ဟန်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁၅၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ တို့ကိုလည်းကောင်း သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



အွန်ခွန်အောင်(ခ)ဆိုင်းအောင်နှင့် နော်လီတို့ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## အငှားယာဉ်ပေါ်၌ ခရီးသည်အမျိုးသမီးထံမှ လုယက်သူများအား အချိန်တိုအတွင်း ဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသနေသည့် ဖခင်ဖြစ်သူအား လူနာစောင့်ရန် အငှားယာဉ်ဖြင့် လိုက်ပါလာသူ အမျိုးသမီးအား အငှားယာဉ်မောင်းနှင့် ယာဉ်ပေါ်တွင် အတူပါသူများက လုယက်မှုကျူးလွန်ခဲ့ရာ ပြစ်မှုကျူးလွန်သူများကို အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၇ ရက် ည ၁၁ နာရီခန့်က ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက်ကုသနေသည့် ဖခင်ဖြစ်သူအား လူနာစောင့်ပေးရန် မ-----သည် ဒဂုံမြို့နယ် တော်ဝင်စင်တာအရှေ့ဘက်မှ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးရန် အငှားယာဉ်ကို ငွေကျပ် ၁၅၀၀ ဖြင့် ငှားရမ်းစီးနင်းလိုက်ပါခဲ့ရာ အနော်ရထာလမ်းနှင့် လမ်းမတော်မီးပွိုင့်အရောက်တွင် ယာဉ်မောင်းနှင့် ယာဉ်ပေါ်တွင် အတူပါလာသူတို့က ခရီးသည်အမျိုးသမီးထံမှ ရွှေနားဆွဲတစ်ရန်၊ ငွေကျပ် ၈၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယက်ယူဆောင်သွားသဖြင့် လသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ အငှားယာဉ်မောင်းမှာ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ်-၈၈ ရပ်ကွက်နေ သန်းကျော်ထွန်း(၂၉နှစ်) ဖြစ်ကြောင်းသိရပြီး ၎င်းအား ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီတွင် ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးရာ ပြစ်မှုကျူးလွန်ရာတွင် အလုံမြို့နယ်နေ ကျော်ကြီး(ခ)ကျော်ဇင်အောင်(၁၇နှစ်)၊ ချစ်မျိုးအောင်(ခ) ဦးချစ်(၂၀နှစ်)နှင့် ကြည့်မြင်တိုင်မြို့နယ်နေ သဲဘို(ခ) အောင်ကြီး(၁၇နှစ်) တို့အတူ ပါဝင်ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ ကျော်ကြီး(ခ) ကျော်ဇင်အောင်၊ ချစ်မျိုးအောင်(ခ) ဦးချစ်နှင့် သဲဘို (ခ) အောင်ကြီးတို့အား ဒီဇင်ဘာ ၂၉ ရက် ည ၉ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ကမ်းနားလမ်းပေါ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ သက်သေခံ ဓားနှစ်ချောင်းကို သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အား ဖော်ထုတ်ချက်အရ သက်သေခံ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၈၀၀၀၀ နှင့် နားဆွဲတစ်ရန်တို့ကို ပြန်လည်သိမ်းဆည်းရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

## ဖွဲ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ပိတောက်တုံးများဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈ ဒသမ ၅၅၃ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄ သန်းခန့် စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀ ဒသမ ၉၅၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဒီဇင်ဘာ ၂၉ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၂ မိုင် ၅ ဖာလုံ ပန်ဖတ်ကျေးရွာအနီး၌ Toyota Canter ခြောက်ဘီးယာဉ် တစ်စီး မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဖွဲ့အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွှေသစ် ၁၆ တုံး (၁ ဒသမ ၈၃၄၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၅၀၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းတုံမြို့၌ နှစ်လောင်းပြိုင်လူသတ်မှုဖြစ်

**မိုင်းဆတ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်တွင် ဒီဇင်ဘာ ၂၉ ရက်က နှစ်လောင်းပြိုင်လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းတုံမြို့၏ မြောက်ဘက် ၁၁ မိုင်ခန့်အကွာ လွယ်ခမ်းလုံကျေးရွာအုပ်စု ပါခတ်ကျေးရွာနေ ဒေါ်အီနာရှဲသည် တစ်ရွာတည်းနေ ဦးအဲယေ နေအိမ်၌ ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီခန့်က မုန့်ဝယ်နေစဉ် မိမိ၏ နေအိမ်ဘက်မှ သေနတ်သံကြား၍ နေအိမ်သို့ ပြန်လာရာ နေအိမ်ပေါ်တွင် သမီးဖြစ်သူ မနားကျို(၂၅နှစ်)နှင့် သမက်ဖြစ်သူ မောင်မော်ကျို(၃၅နှစ်)သည် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ မောင်မော်ကျို၏ ဘယ်ဘက်ဘေးတွင် သွေးများပေကျံနေသည့် အရိုးအသွား ၁ ပေ ၉ လက်မရှိ ဓားဦးချွန်တစ်ချောင်းနှင့်ဒင်ပြောင်းပါ ၄ ပေ ၁၀ လက်မခန့်ရှိ တူမီးသေနတ်တစ်လက်ကိုတွေ့ရှိရသဖြင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းခဲ့ကြောင်း သိရသည်။

ထို့နောက် မောင်မော်ကျိုနှင့် မနားကျိုတို့၏ ရုပ်အလောင်းအား ရဲဆေးစာနှင့်အတူ မိုင်းတုံမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဒေါ်အီနာရှဲက တိုင်တန်းသဖြင့် မိုင်းတုံမြို့မရဲစခန်း၌ အမှုဖွင့်လှစ်၍ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး စစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်**

## မော်လမြိုင်၌ မီးအားမြှင့်စက် အပူလွန်ကဲ၍ မီးလောင်

**မော်လမြိုင် ဒီဇင်ဘာ ၃၀**

မော်လမြိုင်မြို့ လှိုင်ရပ်ကွက် မြို့ရှောင်လမ်းတွင် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဦးသက်စိုးဦး၏ နေအိမ်အပေါ်ထပ်တွင် တပ်ဆင်ထားသည့် မီးအားမြှင့်စက်မှတစ်ဆင့် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးတင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများက မီးသတ်ယာဉ်ခြောက်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ကျိုက္ခမီမြို့နယ် ဆင်းပုန်းပိုင်နေ ဦးဌေးဝင်း၏ နေအိမ်နောက်ဖေး၌ ဆောက်လုပ်ထားသော အလျားပေ ၂၀၊ အနံ ၁၀ ပေရှိ ကြက်စာရုံ(အလွတ်)၌ ဒီဇင်ဘာ ၂၉ရက် နံနက် ၈ နာရီခွဲက ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဇင်နှင့်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေရဲစခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ထွန်း (မော်လမြိုင်)**

## ကားသူခိုးအား အချိန်တိုအတွင်း ဖော်ထုတ်နိုင်

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့တွင် မော်တော်ယာဉ်ခိုးယူသူအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဒီဇင်ဘာ ၂၇ ရက် ည ၁၀ နာရီခွဲတွင် ကိုဇော်မင်းလွင်သည် ၎င်းပိုင် ယာဉ်အမှတ် MDY 5M/------ ယာဉ်အား လမ်း ၂၀၊ ၈၁ × ၈၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက် လမ်းတောင်ဘက်ခြမ်းတွင် ညအိပ်ရပ်နားထားခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီခွဲတွင် သွားရောက်ကြည့်ရှုရာ မတွေ့ရသဖြင့် အောင်မြေသာစံရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်ခိုးယူခံရမှုနှင့်ပတ်သက်၍ စခန်းမှူး ဒုရဲမှူး မိုးသူဦးစီးသည့် အမှုစစ်အဖွဲ့ဖွဲ့စည်းကာ CCTV မှတ်တမ်းများရယူခြင်း၊ တရားလို၏ ထွက်ဆိုချက်တွင် ပါရှိသူများအနက်မှ လွန်ခဲ့သော သုံးနှစ်ခန့်က ၎င်းထံတွင် ယာဉ်မောင်းတာဝန် လုပ်ကိုင်ခဲ့သူ အောင်ဇော်မင်း(ခ) စက်ရိတ်နှင့် ပတ်သက်၍ လိုက်လံစစ်ဆေးရာ ၎င်းသည် မော်တော်ယာဉ်ပျောက်ဆုံးသည့် ဒီဇင်ဘာ ၂၈ ရက်တွင် လိုင်းကားမောင်းသည်ဟု ထွက်ဆိုခဲ့သော်လည်း စုံစမ်းချက်အရ ယင်းနေ့တွင် လိုင်းကားမောင်းနှင်ခြင်း မရှိကြောင်း သိရှိရသဖြင့် ၎င်းအား ထပ်မံမေးမြန်းရာ ပျောက်ဆုံးမော်တော်ယာဉ်အား ပခုက္ကူနှင့် ပေါက်မြို့သို့ သွားရာလမ်းတောင်ဘက်ခြမ်း စေတီအနီး ချုံစပ်တွင် ဝှက်ထားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အောင်ဇော်မင်း(ခ) စက်ရိတ်ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## မန္တလေး-လားရှိုး ဂုတ်တွင်းကားလမ်းကွေ့၌ တစ်ရက်တည်း ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်

**နောင်ချို ဒီဇင်ဘာ ၃၀**

မန္တလေး-လားရှိုးကားလမ်းပိုင်း ကျောက်မဲမြို့နယ်ဘက်ခြမ်း ဂုတ်တွင်းကွေ့အဆင်း မြေနီတောင်ကွေ့ မိုင်တိုင်အမှတ် ၈၆/၈၇ အနီး၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၃ နာရီခွဲက လားရှိုးဘက်မှ ကုန်များတင်ဆောင်၍ ဇော်ဝင်းရှိန် (၄၈နှစ်) မောင်းနှင်လာသည့် ၂၂ဘီး တွဲယာဉ်အမှတ် 4M/....ယာဉ်သည် ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားရာ ယာဉ်မောင်းမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး အခင်းဖြစ်နေရာတွင် ဆုံးသွားခဲ့သည်။ ယာဉ်တိမ်းမှောက်ရာသို့ ကျောက်မဲမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ၊ နောင်ချိုမြို့ ယာဉ်ထိန်းရဲများ၊ ရဲတပ်ဖွဲ့ဝင်များက မန္တလေး-လားရှိုးကားလမ်းပိုင်း လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် အတက်၊ အဆင်းယာဉ်များ စနစ်တကျ ကူညီ ဆောင်ရွက်ခဲ့ ကြသည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် နောင်ချိုမြို့နယ် ဂုတ်တွင်းဘက်ခြမ်း ကားလမ်းပိုင်း နီလာကွေ့ကြီး မိုင်တိုင်အမှတ် ၈၃ နှင့်၈၄ ကြားတွင် လားရှိုးဘက် အတက်တွင် ဆီဘောက်ဆာယာဉ်တစ်စီး လမ်းပေါ်တိမ်းစောင်းသွားခဲ့မှုကြောင့် ယာဉ်ကြောပိတ်ဆို့ခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် ယာဉ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်သူနှစ်ဦးအား ဖမ်းဆီးရမိ

**တာချီလိတ် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဟွေလန်းရွာအနီး ဆိုင်ကယ်ဖြင့် ငွေကျပ် သိန်းပေါင်း ၉၉ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်သူနှစ်ဦးအား နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်က နယ်မြေခံတပ်နယ်မှ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဟွေလန်းရွာအနီးသို့ ရောက်ရှိစဉ် ယောဟန်မောင်းနှင်ပြီး ကျရှားလိုက်ပါလာသည့် ဆိုင်ကယ်ကို မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၄၀ (အလေးချိန် ၀ ဒသမ ၉၉၄ ကီလိုခန့် ) ဒေသတန်ဖိုးငွေကျပ် ၉၉ ဒသမ ၄ သိန်းခန့်အား တွေ့ရှိ ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများသယ်ဆောင်လာသူ နှစ်ဦးကို ညနေ ၄ နာရီတွင် တာချီလိတ်မြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူ ယောဟန် (၂၅ နှစ်) ဟွေလန်းရွာ တာချီလိတ်မြို့နယ်နေသူနှင့် ကျရှား (၂၂ နှစ်) ကွက်သစ်ရပ်ကွက် မိုင်းဖြတ်မြို့နေသူတို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကိုင်ရိုအနီး ဘုရားရှိခိုးကျောင်းတွင် လက်နက်ကိုင်တစ်ဦးက တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၁၁ ဦးထက်မနည်းသေဆုံး



**ကိုင်ရို ဒီဇင်ဘာ ၃၀**

လက်နက်ကိုင်တစ်ဦးက ကိုင်ရိုအနီး ခရစ်ယာန်ပိုင် ဆိုင်တစ်ဆိုင်နှင့် Coptic Orthodox ဘုရားရှိခိုးကျောင်းတွင် ဒီဇင်ဘာ ၃၀ ရက်က တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထို့နောက် အဆိုပါလူအား ဒဏ်ရာများဖြင့် ဖမ်းဆီးနိုင်ခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးနှင့် ဘုရားရှိခိုးကျောင်း အာဏာပိုင်များက ပြောခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်သမားများက အဆိုပါတိုက်ခိုက်မှုမှာ ၎င်းတို့ လက်ချက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသော်လည်း ထိုကဲ့သို့ ပြောကြားမှုအတွက် မည်သည့် သက်သေအထောက်အထားမှ မရှိကြောင်း သိရသည်။

ဇန်နဝါရီ ၇ ရက်တွင်ကျင်းပမည့် Coptic Christmas ပွဲမတိုင်မီ ရဲများက ဘုရားရှိခိုးကျောင်းများတွင် လုံခြုံရေးတိုးမြှင့်ချထားကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွများသည် မကြာသေးမီနှစ်များအတွင်းက အီဂျစ်ရှိ ခရစ်ယာန်လူနည်းစုကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလက ကိုင်ရိုမြို့၏ အကြီးဆုံး ဘုရားရှိခိုးကျောင်းဖြစ်သည့် Coptic cathedral တွင်ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုနှင့် ဧပြီလက Palm Sunday တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုနှစ်ခုတွင် လူ ၂၈ ဦး သေဆုံးခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့များက ပေးပို့သော အစောပိုင်းသတင်းဖော်ပြချက်များအရ တိုက်ခိုက်မှုဖြစ်စဉ်တွင် တိုက်ခိုက်ရေးသမားနှစ်ဦးပါဝင်ခဲ့ကြောင်း၊ တစ်ဦးမှာ လုံခြုံရေးအဖွဲ့များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ အခင်းဖြစ်ရာနေရာမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထိုသို့ သတင်းဖော်ပြချက်များ ကွဲပြားနေမှုနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက မည်သည့် မှတ်ချက်ပြုပြောဆိုခြင်းမျှ မလုပ်ခဲ့ပေ။

တိုက်ခိုက်မှုဖြစ်ပြီးနောက် သေနတ်သမားကို လုံခြုံရေးတပ်ဖွဲ့က ချက်ချင်းဖမ်းဆီးနိုင်ခဲ့ပြီး တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ရိုက်တာ**

## ပါလက်စတိုင်းထောင်ပေါင်းများစွာ ဂါဇာလမ်းများပေါ်ထွက်၍ ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်

**ဂါဇာ ဒီဇင်ဘာ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို မကျေနပ်သည့်အနေဖြင့် ပါလက်စတိုင်းထောင်ပေါင်းများစွာက ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် ဂါဇာလမ်းများပေါ်ထွက်၍ ရက်သတ္တလေးပတ်မြောက်အဖြစ် ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၃၀ ရက်က ဖော်ပြခဲ့သည်။

သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ဂါဇာနယ်စပ်တစ်လျှောက် ဆန္ဒပြသူ ၅၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးအရာရှိများက ပြောခဲ့သည်။ အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လုံခြုံရေးစည်းကို နှောင့်ယှက်ရန် ကြိုးစားသည့် အဓိက ဆန္ဒပြသူများကိုသာ ပစ်ခတ်ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

အနောက်ဘက်ကမ်းနှင့် ဂါဇာတစ်လျှောက်တွင် ပါလက်စတိုင်း ၄၀၀၀ ခန့်သည် ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ မီးလောင်ဗုံးများဖြင့် ပစ်ပေါက်ခြင်း၊ တာယာများ မီးရှို့ခြင်းတို့ကို ပြုလုပ်လျက်ရှိပြီး အစ္စရေးလုံခြုံရေးတပ်ဖွဲ့များကို ဆန္ဒပြလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

ဂါဇာတွင် ဆန္ဒပြသူများက အမေရိကန်ပြည်ထောင်စု ကျဆုံးပါစေ၊ အစ္စရေးတွေ ကျဆုံးပါစေ၊ ထရန့် ကျဆုံးပါစေ ဆိုသည့် ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။

ဒီဇင်ဘာ ၂၁ ရက်က အတည်ပြုခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်သည် ထရန့်၏ ဂျေရုဆလင်ကြေညာချက်ကို ပယ်ချခဲ့ကြောင်း သိရသည်။ နိုင်ငံပေါင်း ၁၂၈ နိုင်ငံက ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ဆန္ဒမဲပေး ထောက်ခံခဲ့ကြသည်။ **ရိုက်တာ**






## အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရွှေ့ဆိုင်းရန် နှစ်နိုင်ငံ သဘောတူ

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နှင့် တောင်ကိုရီးယားတို့ကြား ပြုလုပ်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို သင့်တော်မည့် အချိန်ဖြစ်သည့် လာမည့် ဆောင်းရာသီအိုလံပစ်ရာသီသို့ ပြောင်းရွှေ့ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က ဒီဇင်ဘာ ၃၀ ရက်က ပြောခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ သို့မဟုတ် မတ်လတွင် ကျင်းပပြုလုပ်မြဲဖြစ်သည့် အဆိုပါ နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်ပြီး ဂျင်မက်တစ်က ဒီဇင်ဘာ ၃၀ ရက်က သတင်းထောက်များကို ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားအစိုးရက နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် သင့်တော်သည့် အချိန်သို့ ရွှေ့ဆိုင်းထားကြောင်း၊ အကြောင်းမှာ ပြိုင်ပွဲများနှင့် အချိန်တိုက်ဆိုင်မှုမရှိစေရန် ရွှေ့ဆိုင်းထားခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ (ပြိုင်ပွဲ = ပြုံးချမ်းအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ)

ပြန်လည်ရွှေ့ဆိုင်းထားသည့် အဆိုပါ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံ သဘောတူညီချက်အပေါ် မူတည်နေကြောင်း ဂျင်မက်တစ်က ပြောခဲ့သည်။

၎င်းအနေဖြင့် သံတမန်ရေးရာကိစ္စများနှင့် အခြားအကြောင်းများကြောင့် အဆိုပါနှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မနှောင့်နှေးချင်ကြောင်း ဂျင်မက်တစ်က ပြောကြားခဲ့သည်။ ထို့အပြင် အခြားအရေးကိစ္စများကို လတ်တလောတွင် ကိုင်တွယ်ရန် မမျှော်လင့်ချင်ကြောင်း မြောက်ကိုရီးယားနိုင်ငံအပေါ် နိုင်ငံတကာဖိအားပေးမှုများကို ရည်ညွှန်းပြီး ဂျင်မက်တစ်က ထိုသို့ ပြောကြားခဲ့သည်။

စီးပွားရေးဆိုင်ရာ အကူအညီရရန် သံတမန်ဦးဆောင်နည်းလမ်းဖြင့် ချဉ်းကပ်နေကြောင်း၊ အဆိုပါကိစ္စသည် အပြောမဟုတ် လက်တွေ့ဖြစ်ကြောင်း မြောက်ကိုရီးယားအရေးကို ရည်ညွှန်းလျက် ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံ ပေကျင်းတွင် မောင်းသူမဲ့ရထားလမ်းအပါအဝင် အဆင့်မြင့်ရထားလမ်းများ ဖွင့်လှစ်မည်

**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်နိုင်ငံ ပေကျင်းတွင် ဒီဇင်ဘာ ၃၁ ရက်၌ ရထားလမ်းသုံးခု ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်းတွင် မောင်းသူမဲ့ ရထားလမ်းလည်း ပါဝင်မည်ဖြစ်ကြောင်း မြို့တော်ပို့ဆောင်ရေးကော်မရှင်က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဖွင့်လှစ်မည့် ရထားလမ်းသည် ပေကျင်းအနောက်တောင်ဘက်ရှိ ဆင်ခြေဖုံးတစ်နေရာတွင် တည်ရှိကြောင်း သိရသည်။ ဖွင့်လှစ်မည့်ရထားလမ်းသည် ရန်ဖန်နှင့် ဖန်ရှန်တို့ကို ဆက်သွယ်ပေးမည့် ရန်ဖန်မီးရထားလမ်းဖြစ်ကြောင်း သိရသည်။ ရန်ဖန်မီးရထားလမ်းသည် တရုတ်နိုင်ငံ၏ ပြည်တွင်းဖြစ်နည်းပညာအသုံးပြု ပထမဆုံး အလိုအလျောက်စနစ်သုံး ရထားလမ်းဖြစ်သည်။ ၁၄ ဒသမ ၄ ကီလိုမီတာရှည်သော ဘူတာကိုးခုပါ အဆိုပါရထားလမ်းမှ ခရီးသည်ပေါင်း ၇၀၀၀၀ ခန့်တင်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ဒီဇင်ဘာ ၃၁ ရက်တွင် စဖွင့်မည့် ဒုတိယရထားလမ်းမှာ ၁၀ ဒသမ ၂ ကီလိုမီတာရှိ ရထားလမ်း အက်စ် ၁ ဖြစ်ကာ ယင်းသည် ပေကျင်း၏ ပထမဆုံး အလယ်အလတ်အရှိန်နှုန်းဖြင့် မောင်းနှင်နိုင်သော လမ်းဖြစ်ကြောင်း သိရသည်။ ယင်းလမ်းသည် မန်တိုဂူနှင့် ရှီကျန်ရှန် အနောက်ပိုင်း ဆင်ခြေဖုံးဒေသများနှင့် ဆက်သွယ်ပေးထားကြောင်း သိရသည်။

တတိယလမ်းမှာ ၉ ကီလိုမီတာရှိ အနောက်ဆင်ခြေဖုံးလမ်းဖြစ်ကာ ယင်းလမ်းသည် ပေကျင်းမြောက်ပိုင်းရှိ နိုင်ငံခြားသားများ သွားရောက်လည်ပတ်ရာ နွေရာသီစံနန်းနှင့် နံ့သာတောင်ကုန်းတို့ကို ဆက်သွယ်ပေးထားကြောင်း သိရသည်။ ဖော်ပြပါရထားလမ်းများဖွင့်ပြီးပါက ပေကျင်းတွင် မြေအောက်မီးရထားလမ်းပေါင်း ၂၂ လမ်းရှိလာမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်က တူရကီရှိ ဗီဇာလုပ်ငန်းများ အပြည့်အဝ ပြန်လည်စတင်သွားမည်

**အန်ကာရာ ဒီဇင်ဘာ ၃၀**

အစောပိုင်းရက်များက ဒေသခံအလုပ်သမားများနှင့် အန်ကာရာအရေးပေါ် အခြေအနေ၌ ဖမ်းဆီးခံခဲ့ရသော အမေရိကန်နိုင်ငံသားများကြား သံတမန်ရေးရာ အခြင်းများမှုများ ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တူရကီရှိ အမေရိကန်ဗီဇာလုပ်ငန်းများကို အပြည့်အဝ ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၈ ရက်က ပြောခဲ့သည်။ အမေရိကန်ဝန်ထမ်းနှစ်ဦး ထိန်းသိမ်းခံရပြီးနောက် အမေရိကန်ပြည်ထောင်စုက တူရကီတွင် ဗီဇာထုတ်ပေးခြင်းကို ရပ်ဆိုင်းခဲ့ကြောင်း၊ သို့သော်လည်း နိုဝင်ဘာလမှ စတင်ကာ ဗီဇာများကို ကြိုကြားထုတ်ပေးခဲ့ဖူးကြောင်း သိရသည်။

ယခုအခါတွင် တူရကီရှိ လုံခြုံရေးဆိုင်ရာအခြေအနေမှာ ဗီဇာလုပ်ငန်းများကို အပြည့်အဝပြန်လည်စတင်ရန် လုံလုံလောက်လောက် ရှိနေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ယုံကြည်လျက်ရှိကြောင်း၊ သို့သော်လည်း အရေးကြီးသည့် ကိစ္စရပ်များကျန်ရှိနေသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **ရိုက်တာ**

### အိုက်စ်လန်းဒ်၌ ဘတ်စ်ကားတစ်စီးမတော်တဆမှုဖြစ်ပွားရာ တရုတ်ခရီးသည် တစ်ဦးသေဆုံး

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၃၀**

မကြာသေးမီက အိုက်စ်လန်းဒ်၌ နိုင်ငံခြားသား တရုတ်ခရီးသည် ၅၀ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးသည် လစ်သူယေးနီးယားမှ ခရီးသည်များ တင်ဆောင်လာသော ကားတစ်စီးနှင့် တိုက်မိပြီး တစ်ဦးသေဆုံးခဲ့ကာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မြို့တော် ရေကျာဗစ်အရှေ့ဘက် ကီလိုမီတာ ၂၅၀ ခန့်အကွာ အဓိက ခရီးသွား လမ်းမကြီး၌ ကားနှစ်စင်းတိုက်မိမှု ဖြစ်ပွားပြီးနောက် နိုင်ငံခြားသား တရုတ်ခရီးသည် ၅၀ တင်ဆောင်လာသော ဘတ်စ်ကားမှာ လမ်းချော်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ လစ်သူယေးနီးယားမှ ခရီးသည်များတင်ဆောင်လာသော ကားပေါ်ရှိ ခရီးသွားအချို့မှာ မည်သည့်ဒဏ်ရာမှရရှိခြင်း မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုတွင် နိုင်ငံခြားသားတရုတ်ခရီးသည် တစ်ဦးသေဆုံးခဲ့ပြီး အခြား ၁၂ ဦးကို နီးစပ်ရာဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ လွန်ခဲ့သော ခြောက်လလောက်ကတည်းက တရုတ်ခရီးသည် ၄၇၅၀၀ ခန့် အိုက်စ်လန်းဒ်သို့ လာရောက်ခဲ့ကြောင်း သိရသည်။ ယင်းပမာဏသည် အိုက်စ်လန်းဒ်ခရီးသွားရာသီ၌ အိုက်စ်လန်းဒ်သို့ လာရောက်သော နိုင်ငံခြားသားခရီးသည် စုစုပေါင်း၏ ၃ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ **ရိုက်တာ**

# အပြစ်မဲ့ ယီမင်ပြည်သူတွေကို ကယ်တင်ရေး စစ်မီးတွေကို ငြိမ်းသတ်ပေး

**တင်လင်းအောင်**



ထရန့်အစိုးရဟာ ယီမင်မှာဖြစ်ပွားနေတဲ့ ကမ္ဘာ့အဆိုးရွားဆုံးလူသားချင်းစာနာနားလည်မှုဆိုင်ရာ အကြမ်းဖက်ဖြစ်စဉ်တွေမှာ ကာလရှည်ကြာ ဖိအားပေးမှုတွေ ရှိနေခဲ့ပါတယ်။ ထို့အပြင် ဟူသီအကြမ်းဖက်သမားတွေကို တာလတ်ပစ်ဒုံးကျည်တွေ၊ အခြားစစ်လက်နက်တွေနဲ့ ထောက်ပံ့မှုတွေလုပ်ဆောင်နေတယ်လို့ အီရန်ကို စွပ်စွဲလိုက်ပါတယ်။

တစ်ချိန်တည်းမှာပဲ ယီမင်အစိုးရကို အထောက်အကူပြုတဲ့အနေနဲ့ ဆော်ဒီအာရေဗျရဲ့ ရက်စက်တဲ့ ဗုံးကြဲတိုက်ခိုက်မှုတွေအကြောင်း ပြောရမှာ လောက်ဆိုးရွားတဲ့ ကိစ္စတွေမရှိတော့ပါဘူး။

အရင်ကတည်းက ကမ္ဘာ့အဆိုးရွားဆုံးလူသားချင်းစာနာနားလည်မှုဆိုင်ရာ ဘေးဒုက္ခတွေခံစားနေရလို့ ငတ်မွတ်ခြင်းကပ်ကြီး ဆိုက်ကပ်နေရုံတင်မက ဝမ်းပျက်၊ ဝမ်းလျှောရောဂါတွေ ခံစားနေရလို့ ဝမ်းနည်းမှုတွေ ယူကျုံးမရမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အထဲ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို အဲဒီ ဗုံးကြဲတိုက်ခိုက်မှုတွေဟာ အရပ်သားသေဆုံးမှုတွေကို ပိုမိုဆိုးရွားစွာ ဖြစ်စေခဲ့ပါတယ်။

ဟူသီအဖွဲ့က နိုင်ငံတောင်ပိုင်းရှိ အစိုးရတပ်ဖွဲ့ကို ထောက်ခံပေးနေတဲ့ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ကို အန်တုတိုက်ခိုက်နေတဲ့ ယီမင်ပဋိပက္ခဟာ ကုလသမဂ္ဂပြောနေတဲ့ ကမ္ဘာ့အဆိုးဆုံး လူသားချင်းစာနာ နားလည်မှုဆိုင်ရာ ဘေးဒုက္ခကြီးပဲ ဖြစ်ပါတယ်။

အနောက်အုပ်စုက လက်နက်နဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေ ပေးမှုကြောင့် ဖြစ်ပွားတဲ့ ဒေသတွင်း အဓိက ပြိုင်ဘက်တွေဖြစ်တဲ့ အီရန်နဲ့ ဆော်ဒီအာရေဗျတို့ရဲ့စစ်ပွဲဟာ လူပေါင်း ၁၀၀၀၀ ကျော်သေဆုံးခဲ့သလို လူဦးရေနှစ်သန်းကျော်ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ရပါတယ်။

လတ်တလောမှာ ယီမင်ရှိ တစ်သန်းနီးပါးရှိတဲ့ ပြည်သူတွေဟာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါတွေကို အလူးအလဲခံစားနေကြရပါတယ်။ ထို့အတူ ပါတီအချင်းချင်းတွေကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် အစားအစာထောက်ပံ့ရေးလမ်းကြောင်းတွေလည်း တားဆီးပိတ်ဆို့မှု ခံထားရတာ သိရပါတယ်။

အီရန်အနေနဲ့ကလည်း ဟူသီတို့ကို ဒုံးကျည်နဲ့ အခြားစစ်လက်နက်တွေ ထောက်ပံ့ပေးနေမှုတွေကို သက်သေမပြနိုင်ခဲ့ပါဘူး။ အကယ်၍ အဲဒီကိစ္စသာ တကယ်မှန်ခဲ့မယ်ဆိုပါက အီရန်ဟာ ၂၀၁၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်မှာဖြစ်ပါတယ်။

၂၀၁၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်မှာ ဘာပါလဲဆိုရင် တခြားနိုင်ငံတစ်နိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက်မပါဘဲ လက်နက်တွေရောင်းချမှု၊ လွှဲပြောင်းမှု မပြုရေးတို့ ပါဝင်ပါတယ်။ ဆိုခဲ့သလို အီရန်အနေနဲ့ ဟူသီတို့ကို ဒုံးကျည်နဲ့ အခြားစစ်လက်နက်တွေ ထောက်ပံ့ခဲ့တယ်ဆိုပါက အဲဒါဟာ ယီမင်မှာဖြစ်တဲ့ တိုက်ပွဲတွေကို ပိုမိုပြင်းထန်စေမှာ ဖြစ်သလို ဆွန်နီမွတ်စလင်နိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေဗျနဲ့ ရှီးယိုက်မွတ်စလင်တွေ ဦးဆောင်တဲ့ အီရန်တို့ဟာ နိုင်ငံအချင်းချင်း ပဋိပက္ခတွေဖြစ်ပွားလာမှာ မလွဲပါဘူး။

လတ်တလောမှာ ဆော်ဒီအာရေဗျရဲ့ ဗုံးကြဲတိုက်ခိုက်တဲ့လှုပ်ရှားမှုတွေနဲ့ ယီမင် အဓိကဆိပ်ကမ်းတွေနဲ့ လေဆိပ်တွေကို ပိတ်ဆို့မှုဟာ ပဋိပက္ခတွေဖြစ်ပွားစေတဲ့ အဓိက အကြောင်းတရားများပဲ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ အာရပ်စော်ဘွားများ ပြည်ထောင်စုနဲ့ အခြား ပါရှန်ပင်လယ်ကွေ့နိုင်ငံတွေ အပါအဝင်ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေကို ပစ်ခတ်နိုင်တဲ့ စစ်လက်နက်တွေ၊ လျှို့ဝှက်သတင်းအချက်အလက်တွေနဲ့ အခြားဟာတွေ အပါအဝင် ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

မကြာသေးမီက ဝါရှင်တန်အနီး စစ်အခြေစိုက်စခန်းမှာပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက အမေရိကန်ရဲ့ပါဝင်မှုကို မသိကျိုးကျွန်ပြုခဲ့ပါတယ်။

ခင်းကျင်းပြသထားတဲ့ ပစ္စည်းတွေကတော့ ပင်တဂွန်အရာရှိတွေ ပြောပြောနေတဲ့ အီရန်လုပ်ဒုံးကျည်တွေပဲ ဖြစ်ပါတယ်။ အဲဒီထဲကတစ်ခုကတော့ လွန်ခဲ့တဲ့လက ဆော်ဒီနိုင်ငံ ရီယာ့ဒ်လေဆိပ်ကို ဟူသီတို့ လှမ်းပစ်လိုက်တယ်လို့ စွပ်စွဲမှုတွေ ပြုလုပ်ထားတဲ့ ဒုံးကျည်တစ်လုံးပဲ ဖြစ်ပါတယ်။

ယီမင်စစ်ပွဲမှာ ဆော်ဒီ-အမေရိကန် ပူးပေါင်းမှုတွေ လုပ်နေတယ်ဆိုတဲ့ စကားရပ်ကိုတော့ ပြောလို့ မရပါဘူး။ သတင်းထောက်တွေရဲ့ အခြေခံမေးခွန်းတွေကို တုံ့ပြန်ဖြေကြားမှုတွေ လုပ်တဲ့အခါ ဒီဒုံးကျည်တွေဟာ ဘယ်ကလဲဆိုတာကို တိတိကျကျ ဖော်ပြ ပြောဆိုနိုင်မှုမရှိခဲ့ပါဘူး။

အခုလို စစ်လက်နက် ပစ္စည်းတွေ ပြသထားမှုရဲ့ ရည်ရွယ်ချက်ကတော့ ဒေသတွင်း မတည်မငြိမ်ဖြစ်မှုမှာ တာဝန်ရှိတဲ့ အီရန်ကို ဒဏ်ခတ်ချင်တဲ့ ရည်ရွယ်ချက်ကြောင့်လားဆိုတာတော့ မသိနိုင်သေးပါဘူး။

အခုလို လုပ်ဆောင်ချက်ကို ကြည့်မယ်ဆိုရင် လုံခြုံရေးကောင်စီကို တင်ပြခဲ့တဲ့ ၂၀၀၃ ခုနှစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ရဲ့ အီရတ်ကို ဆန့်ကျင်စစ်ပွဲပြုမယ်ဆိုတဲ့ ဖြစ်ရပ်နဲ့ ဆင်တူယိုးမှားဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလို လုံခြုံရေးကောင်စီကို တင်ပြခဲ့တဲ့ ဖြစ်ရပ်မှာ ကောလင်းပါဝဲလ်က အီရတ်ကို စစ်လက်နက်အမြောက်အမြား သိုဝှက်ထားတယ်လို့ စွပ်စွဲခဲ့ပါတယ်။

ဟူသီတို့ကို သနားကရုဏာသက်နေတဲ့ အီရန်ဟာ ၂၀၁၅ ခုနှစ်ကတည်းက ၎င်းတို့ကို ကန့်သတ်ထောက်ပံ့မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆော်ဒီအာရေဗျကလည်း အီရန်ရဲ့ လွှမ်းမိုးမှုကို စိုးရွံ့တဲ့အတွက် ဖြစ်ရပ်တိုင်းကို စစ်ဆေးမှုတွေ၊ ပိတ်ဆို့မှုတွေ လုပ်လာပါတော့တယ်။

ဆော်ဒီတို့ရဲ့ အကြိမ် ၁၅၀၀၀ ကျော်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အရပ်သားထောင်ပေါင်းများစွာ သေဆုံးခဲ့သလို ယီမင်တို့ရဲ့ ပြန်လည်တိုက်ခိုက်မှုကလည်း စစ်ပွဲအသွင်ဆောင်လာပါတော့တယ်။ ယီမင်က အခြေခံလိုအပ်ချက်တွေ များလေလေ၊ ဆော်ဒီကလည်း အဲဒီလိုအပ်ချက်တွေ ယီမင်ကို မရောက်ရေး နည်းအမျိုးမျိုးနဲ့ တားဆီးမှုတွေ လုပ်လာလေလေ ဖြစ်ပါတယ်။

ဒီအချက်တွေအပြင် မြို့တော်ဆာနားကို ထိန်းချုပ်ထားတဲ့ ဟူသီတို့ကို နှိမ်နင်းဖို့လည်း ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ဟာ မတတ်နိုင်ခဲ့ပါဘူး။ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေ၊ သူ့ရဲ့တူဖြစ်သူ တာရက်ခ်၊ ဆွေမျိုးတွေနဲ့ ဆာလေပါတီအထွေထွေအတွင်းရေးမှူးတို့ကို ဟူသီသူပုန်တို့က သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ သတင်းကို သတင်းမီဒီယာတွေမှာ မကြာသေးမီက ဖော်ပြခဲ့ကြပါတယ်။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေနဲ့ သူ့ရဲ့ပါတီလက်ထောက်အတွင်းရေးမှူး ဟာဇာအယ်လ်အာဝါဒီတို့ဟာ ဆာနားမြို့အစွန်အဖျား အရှေ့တောင်ဘက်ရှိ ခွာလန်ခရိုင်ကို ဖြတ်ကာ ဆော်ဒီကျောထောက်နောက်ခံအစိုးရ ထိန်းချုပ်ထားတဲ့ မာရစ်ဘ်ပြည်နယ်ဘက်သို့ ထွက်ပြေးရန် ကြိုးစားနေချိန်မှာပဲ ဟူသီသူပုန်တို့က သတ်ဖြတ်လိုက်တာပဲဖြစ်ပါတယ်။ ဒီလိုပဲ ဆာလေပါတီ အထွေထွေ အတွင်းရေးမှူးဖြစ်တဲ့ အာရစ်ဖ်အယ်လ်ဇူကလည်း ဆာနားမြို့မှာပဲ အသတ်ခံခဲ့ရပါတယ်။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေရဲ့တူဖြစ်သူ တာရက်ခ်ကတော့ မြို့တော်ဆာနားဟက်ဒက်ရပ်ကွက်မှာရှိတဲ့ သူ့ရဲ့အိမ်မှာ သတ်ဖြတ်ခံလိုက်ရတာပါ။ မြို့တော်အပါအဝင် နိုင်ငံ မြောက်ပိုင်းနေရာ အတော်များများကို ထိန်းချုပ်နိုင်ရန် ဟူသီသူပုန်တို့က နှစ်ပေါင်းအတော်ကြာအောင် လုပ်ဆောင်လျက်ရှိပါတယ်။ ဆော်ဒီအာရေဗျ ညွှန့်ပေါင်းအဖွဲ့ဟာ ဟူသီတို့ကို နှိမ်နင်းဖို့ကြိုးစားပေမယ့်လည်း မအောင်မြင်ခဲ့သလို အခုဆိုရင် ဟူသီတို့ဟာ ယီမင်မှာ ပိုမိုတန်ခိုး ထွားလာကြပါတယ်။ ယီမင်ဟာ အခုဆိုရင်တော့ အရှေ့အလယ်ပိုင်းမှာ အလွန်ဆိုးရွားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပါပြီ။

အမေရိကန်သမ္မတ ထရန့်ဟာ ဆော်ဒီခေါင်းဆောင်မှုအသစ်နဲ့ နီးကပ်သောဆက်ဆံရေးကို တည်ထောင်ဖို့ စိတ်အားထက်သန်လျက်ရှိမှုဟာ ယီမင်နိုင်ငံရဲ့ လူသားချင်းစာနာ နားလည်မှုဆိုင်ရာ ကပ်ဆိုးကြီးကို မျက်ကွယ်ပြုရာရောက်သလိုပါပဲ။ သမ္မတထရန့်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး ဆီးနိတ်အဖွဲ့ဝင်တွေဟာ သဘောမကျကြပါဘူး။ ဆီးနိတ်အဖွဲ့ဝင်တွေဟာ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေကို ယီမင်မှာ ကပ်ဆိုးကြီးတားဆီးနိုင်ဖို့အတွက် ရီယာ့ဒ်ကို ဝိုင်းဝန်းဖျောင်းဖျပေးဖို့ တိုက်တွန်းလျက်ရှိပါတယ်။

ယီမင်ကို လူသားချင်းစာနာနားလည်မှုဆိုင်ရာ အကူအညီတွေ မရောက်ရှိအောင် ပိတ်ဆို့တဲ့အတွက် ဆော်ဒီဟာ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေကို ချိုးဖောက်သလိုဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးအဖွဲ့တွေဟာ ယီမင်အရေးမှာ တိုက်ရိုက်ပါဝင်နေတဲ့ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်ကို အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ပေးဖို့ ကုလသမဂ္ဂကို တောင်းဆိုခဲ့ပါတယ်။

ကာလရှည်ကြာဖြစ်ပွားနေတဲ့ ယီမင်အရေးဖြေရှင်းဖို့ရာ လွယ်ကူတဲ့ကိစ္စတော့မဟုတ်ပါဘူး။ သတ်မှတ်ထားတာထက် ပိုကြာဖို့ပဲရှိပါတယ်။ ဆော်ဒီကလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ၊ ယီမင်ပြည်သူတွေဆီရောက်အောင် ပိတ်ဆို့မှုတွေကို ခဏတာဖွင့်ပေးမှုမျိုးမဟုတ်ဘဲ အစဉ်အမြဲဖွင့်ပေးရမှာဖြစ်သလို ဟူသီနဲ့ အီရန်တို့ကလည်း အပစ်ရပ်စဲရေးကို ဖော်ဆောင်ရမှာပါ။ ထို့အတူဆော်ဒီကိုလည်း အမေရိကန်က ယီမင်အရေးစိတ်အေးအောင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်ခြင်းအားဖြင့် အပြစ်မဲ့ ယီမင်ပြည်သူတွေကို ဘေးဒုက္ခအပေါင်းမှ ကယ်တင်ရမှာဖြစ်ပါကြောင်း။ ။

*ကိုးကား-နယူးယောက်တိုင်းမ်*

> “ ဆော်ဒီအာရေဗျရဲ့ ဗုံးကြဲတိုက်ခိုက်တဲ့လှုပ်ရှားမှုတွေနဲ့ ယီမင် အဓိကဆိပ်ကမ်းတွေနဲ့ လေဆိပ်တွေကို ပိတ်ဆို့မှုဟာ ပဋိပက္ခတွေဖြစ်ပွားစေတဲ့ အဓိက အကြောင်းတရားများပဲ ဖြစ်ပါတယ် ”


HTOO











# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဃ) ဒါရိုက်တာအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ် အမည်စာရင်း တင်သွင်းခံရသူအဖြစ်လည်းကောင်း၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီသူအဖြစ်လည်းကောင်း၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် ခွင့်ပြုချက်ပေးသူအဖြစ်လည်းကောင်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ငွေပေးချေရန် တာဝန်ရှိသူအားလုံးသည် ထိုသို့ပေးချေရန် တာဝန်ရှိသူက လိမ်လည်လိုသောသဘောဖြင့် မှားယွင်းတင်ပြမှုအရအပြစ်ရှိကြောင်း မပေါ်ပေါက်ဘဲ အခြားသူများက ထိုကိစ္စရပ်အတွက် အပြစ်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင် ပဋိညာဉ်စာချုပ်အရ ဆောင်ရွက်သည့် ကိစ္စရပ်များတွင်သီးခြားစီ တရားစွဲဆိုဆောင်ရွက်ပါက အလားတူ ငွေပေးချေရန် တာဝန်ရှိသော အခြားသူတစ်ဦးထံမှ ထည့်ဝင်ငွေများကို ရပိုင်ခွင့်ရှိသည်။

**ခွဲဝေသတ်မှတ်ခြင်း**

**ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်**

၂၁၅။ (က) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် အနည်းဆုံး အစုရှယ်ယာ မတည်ငွေရင်းပမာဏအဖြစ် ဖော်ပြထားသော ပမာဏသည် ပုဒ်မခွဲ(ခ)တွင်သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးချေရန် လိုအပ်သည့် ငွေပမာဏကို ဒါရိုက်တာများ၏ ထင်မြင်ချက်အရ စုစုပေါင်းငွေပမာဏ သို့မဟုတ် အဆိုပါငွေပမာဏ တစ်စိတ်တစ်ဒေသကို ပေးချေသည့်အခါ ပေးချေရန်ကျန်ရှိသည့် ငွေပမာဏ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏကို ရှယ်ယာ မတည်ငွေရင်းဖြင့်ခွဲဝေသတ်မှတ်ခြင်းမရှိခဲ့လျှင် အများပြည်သူမှ ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ကမ်းလှမ်းသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ မတည်ငွေရင်းတစ်ရပ်ရပ်ကို ခွဲဝေသတ်မှတ်ခြင်း မပြုရ၊ ထို့ပြင်ထိုငွေပမာဏ၏ အနည်းဆုံး ငါးရာခိုင်နှုန်း သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ရာခိုင်နှုန်းကို ကုမ္ပဏီသို့ ငွေသားဖြင့် ပေးချေရမည် သို့မဟုတ် ကုမ္ပဏီက လက်ခံရယူရမည်။

(ခ) အောက်ပါကိစ္စရပ်များအတွက် အနည်းဆုံးအစုရှယ်ယာ မတည်ငွေရင်း ပမာဏကို ရရှိရန် ဒါရိုက်တာများက ပြုလုပ်ဆောင်ရွက်ရမည် -

(၁) ထုတ်ဝေခြင်းမှရရှိသော အကျိုးအမြတ်ဖြင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အသုံးပြု၍ ဝယ်ယူထားသည့် သို့မဟုတ် ဝယ်ယူမည့် ပစ္စည်းတစ်ရပ်ရပ်၏ ဈေးနှုန်းတန်ဖိုး၊

(၂) ကုမ္ပဏီက ပေးချေရမည့် ကနဦးကုန်ကျစရိတ်တစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများ ပေးသွင်းရန် သဘောတူညီခြင်း သို့မဟုတ် အစုရှယ်ယာတစ်ရပ်ရပ်ကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီ ခြင်းကြောင့် ထိုသူအား ပေးချေရမည့် ကော်မရှင်ခ တစ်ရပ်ရပ်၊

(၃) အထက်ပါကိစ္စရပ်တစ်ခုခုအတွက် ကုမ္ပဏီက ချေးယူထားသော ငွေတစ်ရပ်ရပ်ကို ပြန်လည်ပေးဆပ်ခြင်းနှင့်

(၄) စီးပွားရေးလုပ်ငန်း နေ့စဉ်ဆောင်ရွက်မှုတွင် အသုံးပြုသော မတည်ငွေရင်း (working capital)။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိသော ငွေပမာဏအဖြစ်ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ငွေပမာဏအား ငွေသားဖြင့် ပေးချေရမည်ဖြစ်ပြီး အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေခြင်း မပြုဘဲ အပြည့်အဝတွက်ချက် လက်ခံရမည့်အပြင် ဤဥပဒေအရ အနည်းဆုံး ထည့်ဝင်ငွေကြေးအဖြစ် မှတ်ယူရမည်။

(ဃ) အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိသော ငွေကြေးအားလုံးကို သတ်မှတ်စီစဉ်ထားသည့်ဘဏ်တစ်ခုခုတွင် ပုဒ်မခွဲ (စ) ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ပေးအပ်သည့် အချိန်အထိ သို့မဟုတ် ပုဒ်မ ၂၁၈ အရ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခွင့်အထောက်အထား လက်မှတ်ရရှိသည့်အချိန်အထိ အပ်နှံသိမ်းဆည်းထားရှိရမည်။

(င) အစုရှယ်ယာတစ်ခုစီနှင့်စပ်လျဉ်းသည့် လျှောက်လွှာအရ ပေးချေရမည့် ငွေပမာဏသည် အစုရှယ်ယာတန်ဖိုးပမာဏ၏ ငါးရာခိုင်နှုန်းအောက် လျော့နည်းခြင်း မရှိစေရ။

(စ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း ၁၈၀ ကျော်လွန်သည့်အထိ အထက်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် အစုရှယ်ယာများ အတွက် လျှောက်ထားသူများထံမှ လက်ခံရရှိထားသည့် ငွေကြေးများ အားလုံးကို အတိုးမပါရှိဘဲ ၎င်းတို့ထံ ပြန်လည်ပေးအပ်ရမည်။အဆိုပါ ငွေကြေးများကို ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း ၁၉၀ အတွင်း ပြန်လည်ပေးချေနိုင်ခြင်း မရှိခဲ့လျှင် ကုမ္ပဏီ၏ဒါရိုက်တာများသည် ရက်ပေါင်း ၁၉၀ ပြည့်မြောက်သည့် နေ့မှ စတင်တွက်ချက်သော တစ်နှစ်လျှင်ပေးရမည့် သတ်မှတ်ဖော်ပြထားသည့် အတိုးနှင့်အတူ အဆိုပါငွေအား စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပြန်လည်ပေးချေရမည်။ သို့ရာတွင် ငွေကြေး ဆုံးရှုံးမှုသည် ဒါရိုက်တာတစ်ဦး၏ အကျင့်သိက္ခာ ပျက်ပြားခြင်း သို့မဟုတ် ပေါ့လျော့ခြင်းကြောင့် မဟုတ်ကြောင်း ထင်ရှားပေါ်ပေါက်ခဲ့လျှင် ထိုဒါရိုက်တာအပေါ်တွင် တာဝန် တစ်စုံတစ်ရာ မရှိစေရ။

(ဆ) အစုရှယ်ယာများအတွက် လျှောက်ထားသူတစ်ဦးဦးအား ဤပုဒ်မတွင်ပါရှိသည့်သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန် အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ်သည် အကျိုးသက်ရောက်ခြင်း မရှိဘဲ ပျက်ပြယ်စေရမည်။

(ဇ) ပုဒ်မခွဲ (င) တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များမှအပ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည်ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခဲ့သော အစုရှယ်ယာများအားပထမအကြိမ် ခွဲဝေသတ်မှတ်ပြီးနောက် ဆောင်ရွက်သော အစုရှယ်ယာများ ခွဲဝေသတ်မှတ်ခြင်း တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၁၆။ ပုဒ်မ ၂၁၅၊ ပုဒ်မခွဲ (ဃ) ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်သည့် ကိစ္စရပ်များတွင်ကမကထပြုသူ၊ ဒါရိုက်တာ သို့မဟုတ် ထိုသို့ဆန့်ကျင် ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရန် တာဝန်ရှိသည်။

**နည်းလမ်းမကျသော ခွဲဝေသတ်မှတ်ခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၁၇။ (က) ပုဒ်မ ၂၁၅ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ကုမ္ပဏီတစ်ခုက ပြုလုပ်သည့် ခွဲဝေချထားမှုအပေါ်လျှောက်ထားသူတစ်ဦးသည် ကုမ္ပဏီက ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးကျင်းပပြီးသည့်နေ့ရက်မှ ၂၈ ရက်အတွင်း လျှောက်ထားပါက အဆိုပါခွဲဝေမှုသည် ပျက်ပြယ်စေရမည် သို့မဟုတ် ကုမ္ပဏီက ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစည်းအဝေးအား ကျင်းပရန် မလိုသည့်အခါတွင် ခွဲဝေသတ်မှတ်ခြင်းပြုလုပ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားပါက အဆိုပါခွဲဝေမှုသည် ပျက်ပြယ်စေရမည်။ ယင်းပျက်ပြယ်ခြင်းသည် ကုမ္ပဏီမှ စာရင်းရှင်းလင်း ဖျက်သိမ်းရသည့်အကြောင်းကိစ္စဖြစ်စေကာမူ အကျိုးသက်ရောက်စေရမည်။

(ခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည် ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သိလျက်ဖြင့်ဆန့်ကျင်၍ ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ဆန့်ကျင်၍ဆောင်ရွက်မှုကို ခွင့်ပြုခဲ့လျှင် ကုမ္ပဏီနှင့် ခွဲဝေသတ်မှတ်ခြင်း ခံရသူများအပေါ် ၎င်းတို့တွင် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်။ သို့ရာတွင် ခွဲဝေသတ်မှတ်သည့်နေ့ရက်မှ နှစ်နှစ်ကာလကျော်လွန်ပြီးနောက်တွင် အဆိုပါဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအား ပြန်လည်ရရှိရန် အတွက် တရားစွဲဆိုဆောင်ရွက်ခြင်း မပြုရ။

**စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

၂၁၈။ (က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အောက်ပါ အချက်များ ပေါ်ပေါက်ခြင်းမရှိလျှင် စီးပွားရေး လုပ်ငန်းတစ်ရပ်ရပ်ကို စတင် ဆောင်ရွက်ခြင်း မပြုရ သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခွင့် မရှိစေရ -

(၁) ငွေသားဖြင့် ပမာဏတစ်ရပ်လုံးအား ပေးချေရမည့် အစုရှယ်ယာများကို အနည်းဆုံး ထည့်ဝင်ငွေကြေး ပမာဏထက် မလျော့နည်းသည့် ပမာဏ တစ်ရပ်သို့ ခွဲဝေသတ်မှတ်ခြင်း၊

(၂) ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးသည် ၎င်းတို့က ရယူမည်ဖြစ်သော သို့မဟုတ် ရယူမည်ဟု ပဋိညာဉ်ပြုလုပ်ထားသော အစုရှယ်ယာတစ်ရပ်စီအတွက် ငွေပေးချေရာတွင် ၎င်းတို့က ငွေသားဖြင့်ပေးချေရန် တာဝန်ရှိပြီး အများပြည်သူက ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ခွဲဝေသတ်မှတ်ခြင်းများ အပေါ်ပေးချေရမည့် အချိုးအစားနှင့်တူညီသော အချိုးအစားအတွက် ပေးချေခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေး ထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ငွေသားဖြင့် ပေးချေခြင်း၊

(၃) အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံတွင် ဖြည့်သွင်းဖော်ပြလျက် အတွင်းရေးမှူးက ဖြစ်စေ၊ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ တရားဝင်အတည်ပြုထားသောကြေညာချက်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီး ဖြစ်ခြင်းနှင့်

(၄) ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် သို့မဟုတ် ကမ်းလှမ်းသည့် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသော ကုမ္ပဏီအတွက်မူ အဆိုပါကုမ္ပဏီ၏အလားအလာညွှန်းတမ်းအစား ပြုစုထားသည့် ရေးသားဖော်ပြချက် တစ်စောင်(Statement in lieu of Prospectus) ကို မှတ်ပုံတင်အရာရှိထံ တင်ပြပြီး ဖြစ်ခြင်း။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင် အတည်ပြုထားသော ကြေညာချက် တစ်စောင်ကို တင်ပြလာပါက မှတ်ပုံတင်အရာရှိအနေဖြင့် ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းကို စတင်လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း၊ အဆိုပါ အထောက်အထားသည် ကုမ္ပဏီက ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ပြည့်စုံသော အထောက်အထားဖြစ်ကြောင်း ထောက်ခံအတည်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများ ပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်းအစား ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ် (Statement in lieu of Prospectus) ကို မှတ်ပုံတင်အရာရှိထံ တင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါအထောက်အထားကို ထုတ်ပေးခြင်း မပြုရ။

(ဂ) ဤပုဒ်မတွင်ဖော်ပြပါရှိသောမည်သည့်ပြဋ္ဌာန်းချက်ကမျှ ငွေကြေးထည့်ဝင်ရန် အတွက် တစ်ပြိုင်နက်တည်း ကမ်းလှမ်းချက်ကိုဖြစ်စေ၊ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ အား ခွဲဝေသတ်မှတ်ခြင်းကိုဖြစ်စေ၊ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် လျှောက်ထားခြင်းအပေါ် ပေးချေရသော ငွေကြေးတစ်ရပ်ရပ်အား လက်ခံခြင်းကိုဖြစ်စေ တားမြစ်ထားခြင်း မရှိစေရ။

၂၁၉။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၁၈ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ စီးပွားရေးလုပ်ငန်းအား စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခဲ့လျှင် ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးစီသည် အခြားသော တာဝန်ရှိမှုများကို မထိခိုက်စေဘဲ ဒဏ်ကြေးငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရမည်။

**ကော်မရှင်ခများနှင့် လျှော့ငွေများ**

**အချို့သောကော်မရှင်ခများပေးချေရန် အခွင့်အာဏာနှင့်အခြားသောကော်မရှင်ခများ၊ လျှော့ငွေများစသည်တို့ကို ပေးချေခြင်းမှ တားမြစ်ချက်များ**

၂၂၀။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကော်မရှင်ခပေးခြင်းကို ခွင့်ပြုထားပြီး ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခသည် ထိုသို့ ခွင့်ပြုထားသောပမာဏ သို့မဟုတ် နှုန်းထားထက် ကျော်လွန်ခြင်းမရှိလျှင်၊ ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခ၏ပမာဏနှင့် နှုန်းထားရာခိုင်နှုန်းတို့သည် အောက်ပါ အတိုင်းဖြစ်ခဲ့လျှင် ကုမ္ပဏီ၏အစုရှယ်ယာတစ်ရပ်ရပ်အတွက် အပြည့်အဝ ဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေး ထည့်ဝင်ရန် သဘောတူညီခြင်းအတွက်သော်လည်းကောင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက်သော်လည်းကောင်း ဤအခန်းပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် ကုမ္ပဏီကထိုသူသို့ ကော်မရှင်ခ ပေးချေနိုင်သည်-

(၁) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် အစုရှယ်ယာများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင်ထုတ်ဖော်ရေးသားထားခြင်း သို့မဟုတ်

(၂) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခြင်း မပြုသည့် အစု ရှယ်ယာများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစားပြုစုထားသည့် ရေးသားဖော်ပြချက် (Statement in lieu of prospectus) ကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လက်မှတ်ရေးထိုး ထုတ်ဖော်ရေးသားထားခြင်း၊ ယင်းတို့အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားခြင်း၊ အစုရှယ်ယာများ အတွက်ငွေကြေးထည့်ဝင်ရန်ဖိတ်ခေါ်သော ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) မဟုတ်သော ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာအား ထုတ်ဝေခဲ့လျှင် အဆိုပါဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာတွင်လည်း ထုတ်ဖော်ရေးသားထားခြင်း။

(ခ) အစုရှယ်ယာများ သို့မဟုတ် ငွေကြေးများကို ကုမ္ပဏီက ရယူမည့်ပစ္စည်း တစ်စုံတစ်ရာအတွက် ဝယ်ယူသည့်ငွေတွင်ဖြစ်စေ၊ ကုမ္ပဏီအတွက်ပြုလုပ်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ပဋိညာဉ်ပြုလုပ်ထားသည့် တန်ဖိုးတွင်ဖြစ်စေ ဖြည့်စွက်ခြင်းဖြင့်သော်လည်း ကောင်း၊ အနည်းငယ်မျှဖြစ်သော ဝယ်ယူသည့်ငွေ သို့မဟုတ် ပဋိညာဉ်ပြုလုပ်ထားသည့် တန်ဖိုးမှ ပေးချေခဲ့သည့်ငွေ သို့မဟုတ် အခြားကိစ္စတစ်ရပ်ရပ်တွင်သော်လည်းကောင်း အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ကုမ္ပဏီ၏ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန်အတွက် သဘောတူညီခြင်း၊ သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၂၂၁ တွင် ပါရှိသော ပြဋ္ဌာန်းချက်များမှအပ ထိခိုက်ခြင်း မရှိစေဘဲ မည်သည့် ကုမ္ပဏီကမျှ ယင်း၏ အစုရှယ်ယာများ သို့မဟုတ် မတည် ငွေရင်းငွေကြေးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်တစ်ရပ်ရပ်အတွက် ပုဂ္ဂိုလ် တစ်ဦးဦးသို့ ပေးချေခြင်းတွင် အသုံးပြုခွင့်မရှိရ။

**တရားဝင် ငွေပေးချေမှုအပေါ် ကန့်သတ်မှုမရှိခြင်း**

၂၂၁။ ကုမ္ပဏီကတိုက်ရိုက်ပြုလုပ်ခဲ့သော အဆိုပါငွေပေးချေမှုသည် ပုဒ်မ ၂၂၀ အရ တရားဝင်ဖြစ်သည်ဆိုလျှင် ယင်းပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီက ငွေပေးချေခြင်းကို တရားဝင်ရထိုက်သော ပွဲစားသို့ ငွေပေးချေနိုင်သည့်အခွင့်အာဏာအား ထိခိုက်စေခြင်းမရှိစေဘဲကုမ္ပဏီသို့ပစ္စည်းရောင်းချသူ၊ ကုမ္ပဏီ၏ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီထံမှငွေကြေး သို့မဟုတ် အစုရှယ်ယာများအား လက်ခံရရှိသူတစ်ဦးဦးသည် ကော်မရှင်ခတစ်ရပ်ရပ်ပေးချေမှုတွင် ထိုသို့လက်ခံရရှိသော ငွေကြေး သို့မဟုတ် အစုရှယ်ယာ၏ တစ်စိတ်တစ်ဒေသကို အမြဲအသုံးပြုခွင့်ရရှိသည် သို့မဟုတ် အသုံးပြုခွင့်ရရှိသည်ဟု မှတ်ယူရမည်။

**ကော်မရှင်ခများ၊ လျှော့ငွေများနှင့်စပ်လျဉ်း၍ လက်ကျန်ရှင်းတမ်းတွင် ရေးသားဖော်ပြရခြင်း**

၂၂၂။ အစုရှယ်ယာများ သို့မဟုတ် ပေးချေထားသည့် ငွေစုစုပေါင်း သို့မဟုတ် စာရင်းရှင်းလင်းပယ်ဖျက်ရခြင်း မရှိသေးသည့်ငွေပမာဏတို့နှင့် စပ်လျဉ်း၍ ကုမ္ပဏီသည် ကော်မရှင်ခအနေဖြင့် ငွေပမာဏတစ်ရပ်ရပ်ကို ပေးချေခဲ့လျှင် ၎င်းငွေပမာဏအားလုံးကို စာရင်းရှင်းလင်းပယ်ဖျက်ပြီးသည်အထိ ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) အားလုံးတွင် ရေးသားဖော်ပြရမည်။

**အခန်း (၂၁)**

**နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းများက ကမ်းလှမ်းသည့် အစုရှယ်ယာများ**

**အစုရှယ်ယာများအား ရောင်းချရန်အတွက် ကမ်းလှမ်းခြင်းနှင့် ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များ**

၂၂၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦးက အောက်ပါတို့ကို ပြုလုပ်ခြင်းသည် တရားဝင်ခြင်း မရှိစေရ-

(၁) ကော်ပိုရေးရှင်းတစ်ခုခုသည် ယင်း၏စီးပွားရေးလုပ်ငန်းနေရာသည် နိုင်ငံတော်အတွင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်ထားခြင်းမရှိခဲ့လျှင် နိုင်ငံတော်၏ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့် ကော်ပိုရေးရှင်း တစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းမှု တစ်ရပ်ရပ် ပြုလုပ်ခြင်း၊ သို့မဟုတ် ကော်ပိုရေးရှင်းရှိအစုရှယ်ယာများ သို့မဟုတ် ကော်ပိုရေးရှင်း၏ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေ ခံလက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ထုတ်ဝေခြင်းအတွက် ကမ်းလှမ်းသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း-

*(ဆက်လက်ဖော်ပြပါမည်)*



# မြန်မာသဒ္ဒါသင်ကြားရေး (၃၄)

**မောင်ခင်မင်(ဓနုဖြူ)**

"ကြိယာနောက်လိုက်ပစ္စည်းနဲ့ တစ်ဆက်တည်းလေ့လာဖို့ကောင်းတဲ့ ပစ္စည်းတစ်မျိုးအကြောင်း ဆက်ပြောဦးမယ်"

"ပြောပြပါဆရာ"

"နာမ်ထောက်ပစ္စည်းလို့ သဒ္ဒါစာအုပ်မှာပြတယ်၊ နာမ်တို့၊ နာမ်စားတို့ကို ထူးခြားလေးနက်အောင် အထောက်အပံ့ပြုတဲ့ ပစ္စည်းမို့ နာမ်ထောက်ပစ္စည်းလို့ ခေါ်တာပေါ့၊ သဒ္ဒါစာအုပ်မှာလည်း ပြထားတယ်"

"ဟုတ်ကဲ့ပါ၊ သာဓကလေး ပြောပြပါဆရာ"

"'ဒီကိစ္စကို ဆရာသိတယ်' ဆိုတဲ့ဝါကျကို အဓိပ္ပာယ်နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် ဆရာ"

"ဒီဝါကျမှာ နာမ်ထောက်ပစ္စည်းမပါသေးဘူး၊ ရိုးရိုးပဲဖော်ပြတာ၊ 'ဒီကိစ္စကို ဆရာပဲသိတယ်ဆိုရင်' ဘယ်လိုအဓိပ္ပာယ်ရမလဲ"

"ဆရာတစ်ယောက်တည်းပဲ သိတယ်၊ တခြားလူ မသိဘူးဆိုတဲ့ အဓိပ္ပာယ်ပါ"

"ဒီကိစ္စကို ဆရာလည်းသိတယ် ဆိုရင်ရော"

"တခြားသူတွေလည်း သိတယ်၊ ဆရာလည်း သိတယ်လို့ ဆိုလိုတာပါ"

"ဆရာတောင်သိတယ် ဆိုရင်ကော"

"လူကြီးတွေသိဖို့မလိုတဲ့ သာမန်ကိစ္စကို ဆရာတောင်သိသွားပြီလို့ ဆိုလိုတာထင်ပါတယ်"

"ဟုတ်ပါပြီ၊ ဒီတော့ 'ဆရာ'ရဲ့နောက်က 'ပဲ၊ လည်း၊ တောင်'ဆိုတဲ့ ပစ္စည်းတွေထည့်လိုက်တဲ့အတွက် အဓိပ္ပာယ်က တစ်ခုခုထူးခြားသွားတာ၊ လေးနက်သွားတာတွေ့တယ် မဟုတ်လား၊ အဲဒီလိုပစ္စည်းတွေကို နာမ်ထောက်ပစ္စည်းလို့ ခေါ်တာပေါ့"

"ဆရာ ခုနပြောတဲ့ 'တောင်'နဲ့'တည်း'ဟာ အကြောင်းအရာတစ်မျိုးတည်းကို ခံယူတဲ့ သဘောထားချင်း ကွာတာကို ပြတယ်ထင်ပါတယ်"

"ဘယ်လိုပါလိမ့်"

"ဒီ အင်္ကျီက နှစ်သောင်းတောင်ပေးရတယ် လို့ပြောတာနဲ့ ဒီအင်္ကျီက နှစ်သောင်းတည်းပေးရတယ်လို့ ပြောတာနဲ့ သဘောထားချင်း ကွာတာမျိုး ပြောတာပါဆရာ"

"သြော်…ဟုတ်ပါတယ်၊ နှစ်သောင်းတောင်ပေးရတယ်လို့ပြောရင် ဈေးကြီးတယ်လို့ သဘောထားတာပေါ့၊ နှစ်သောင်းတည်း ပေးရတယ်လို့ပြောရင်တော့ ဈေးသက်သာတယ်လို့ သဘောထားတာပေါ့၊ နှစ်သောင်းပဲ ပေးရတယ်လို့လည်း သုံးတယ်နော်"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီနာမ်ထောက်ပစ္စည်းကလေးတစ်ခုဟာ အရွယ်ပမာဏ သေးပေမယ့် သူ့နောက်မှာ အဓိပ္ပာယ်တွေအများကြီးသယ်ဆောင်ပေးနိုင်တယ်၊ အဲဒီအဓိပ္ပာယ်ကို ပါးစပ်က ထုတ်မပြောဘဲ နားလည်နိုင်တယ်"

"ဟုတ်ကဲ့ပါ"

"'သူက သဘောတော့ကောင်းပါတယ်' လို့ ပြောရင် အဲဒီ 'တော့' ရဲ့နောက်မှာ သဘောကောင်းတာနဲ့ ဆန့်ကျင်တဲ့အဓိပ္ပာယ်တွေအမျိုးမျိုးဖြစ်နိုင်တယ်မဟုတ်လား၊ ကဲ…ဖြစ်နိုင်တဲ့အဓိပ္ပာယ်တွေ ပြောကြည့်စမ်းပါဦး"

"ဒါပေမယ့် ရုပ်မချောဘူးလို့ ပြောတာလည်း ဖြစ်နိုင်ပါတယ်"

"ဒါပေမယ့် စာမတော်ဘူးလို့ ပြောတာလည်း ဖြစ်နိုင်ပါတယ်"

"အင်းပေါ့၊ စကားအဆက်အစပ်အရ ဆိုလိုတဲ့ အဓိပ္ပာယ်ကို နားလည်နိုင်တာပေါ့"

"ဟုတ်ကဲ့ ဆရာ"

"နာမ်ထောက်ပစ္စည်းတွေကို စာသုံးပစ္စည်းတွေရော၊ အပြောသုံးပစ္စည်းတွေရော လေ့လာဖို့လိုတယ်၊ 'ညီလေးသည် ကြက်သားဟင်းကိုသာ စားသည်' ဆိုရင် 'သာ' ဟာ စာသုံးပစ္စည်းပေါ့၊ အပြောသုံးဆိုရင်တော့ 'ကြက်သားဟင်းကိုပဲ စားတယ်' လို့သုံးရမှာပေါ့၊ အဲဒီလို 'သာ' နဲ့ 'ပဲ' စာသုံး၊ အပြောသုံးကွာပုံကို ယှဉ်ပြီးသင်ပေးရင်လည်း မှတ်မိနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အပြောမှာ တွင်တွင်ကျယ်ကျယ်သုံးတဲ့ပစ္စည်းတစ်ခု ရှိသေးတယ်၊ 'များ' လေ"

"ဟင်…'များ' က နာမ်အများပြု ပစ္စည်းမဟုတ်လား ဆရာ"

"လူများ၊ အိမ်များဆိုတဲ့ပစ္စည်းက နာမ်အများပြုပစ္စည်းဟုတ်ပါတယ်၊ စာသုံးပေါ့၊ အခုပြောတာက အပြောသုံးပစ္စည်းကို ပြောတာလေ၊ ဆိုပါတော့၊ 'အဖေများ ဒီအခန်းထဲမှာ ရှိသလား' လို့ မေးတဲ့စကားမှာ သုံးတဲ့ 'များ' ပစ္စည်းလိုဟာမျိုးပြောတာ"

**"အာမေဍိတ်စစ်စစ်တွေက အဓိပ္ပာယ်မရှိတဲ့ အသံတွေ များပါတယ်၊ ဒါပေမယ့် အစဉ်အဆက် ပုံမှန်ပါးစပ်ကထွက်တဲ့အသံတွေမို့ စကားလုံးအမျိုးအစားတစ်ခုအနေနဲ့ သတ်မှတ်ကြတယ်၊ 'အို… မင်းကလည်း၊ ဟင်… ဘာဖြစ်တာလဲ၊ ဟော… တွေ့ပြီ၊ ဟာ… ဒုက္ခပါပဲ၊ ဟယ်… ဖြစ်မှဖြစ်ရလေ' ဆိုတဲ့စကားတွေမှာ ရှေ့ဆုံးက ထွက်လာတဲ့ 'အို၊ ဟင်၊ ဟော၊ ဟာ၊ ဟယ်' ဆိုတဲ့အသံတွေက အာမေဍိတ်တွေပဲပေါ့"**

"သြော်…အဲဒါ…."

"အဖေများဆိုတာ အဖေတွေအများကြီးလို့ ဆိုလိုတာမဟုတ်မှန်းတော့သိတာပေါ့၊ ဒီနေရာမှာတော့ ဒီအခန်းထဲမှာ အဖေရှိမလားလို့ ထင်ပေမယ့် မသေချာလို့ မေးမြန်းကြည့်တဲ့သဘောလေ"

"ဟုတ်ကဲ့ပါ"

"တွင်တွင်ကျယ်ကျယ်သုံးတဲ့ပစ္စည်းပါ၊ 'ငါ့စာအုပ်များ မင်းဆီပါသွားသလား'"

"'ဒီကိစ္စကို လူကြီးတွေများသိသွားပြီလား' ဆိုတဲ့ စကားမျိုးတွေပေါ့၊ ဟုတ်တယ်ထင်ပေမယ့် မသေချာလို့ စုံစမ်းကြည့်တဲ့သဘော၊ သံသယသဘောတွေပါတာပေါ့"

"ဟုတ်ကဲ့ပါ"

"'များက ကြိယာနဲ့လည်း တွဲသုံးပါတယ်၊ တွေ့များ တွေ့သွားပြီလား၊ ပြောများ ပြောလိုက်သလား' ဆိုတာမျိုးတွေ သုံးတယ်လေ"

"ဟုတ်ပါတယ် ဆရာ"

"ကြိယာထောက်ပစ္စည်းတွေအကြောင်း တော်တော်ပြောပြီးပြီ၊ အသုံးများတဲ့ ကြိယာပစ္စည်းတွေထဲမှာ ကြိယာနှစ်လုံးကြားက သုံးတဲ့ပစ္စည်းတွေလည်း အသုံးများတယ်၊ 'ပြောသာ ပြောပါ၊ စားသာ စားပါ၊ ကြည့်တော့ ကြည့်တယ်၊ သိတော့သိတယ်၊ ငိုပဲ ငိုနေတယ်၊ အိပ်ပဲ အိပ်နေတယ်' ဆိုတဲ့အသုံးတွေကို ကြည့်ရင် 'သာ၊ တော့၊ ပဲ' ဆိုတဲ့ ပစ္စည်းတွေကို ကြိယာနှစ်လုံးကြားမှာ သုံးရပြီး လေးနက်အောင် သုံးတဲ့သဘော၊ ထပ်ကာထပ်ကာ ဆောင်ရွက်တဲ့သဘောတွေပါတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ…မြန်မာသဒ္ဒါစာအုပ်တွေမှာ ဝါစင်္ဂကိုးပါးလို့ ခွဲပြထားတာ နောက်ဆုံးဝါစင်္ဂက ဘာပါလိမ့်"

"အာမေဍိတ်ပါ ဆရာ"

"အာမေဍိတ်ကို ဘယ်လိုဖွင့်သလဲ"

"ထိတ်လန့်ခြင်း၊ ဝမ်းသာခြင်း၊ အံ့ဩခြင်း စသည့် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားကာ နှုတ်မှ ရုတ်တရက်ထွက်ပေါ်လာသော အသံကို အာမေဍိတ်ဟု ခေါ်သည်လို့ ဖွင့်ပါတယ် ဆရာ"

"ပါဠိစကားကို မြန်မာမှုပြုထားတဲ့ စကားပေါ့၊ သာဓကပြတော့"

"ဘာတွေပြသလဲ"

"'မြွေကြီး၊ မြွေကြီး၊ သူခိုး၊ သူခိုး၊ လိုက်ဟ လိုက်ဟ' ဆိုတဲ့ သာဓကတွေပြပါတယ်"

"'အမယ်လေး၊ အား' ဆိုတဲ့ အသံတွေလည်း ပြပါတယ်"

"တကယ်တော့ 'မြွေကြီး' တို့၊ 'သူခိုး'တို့၊'လိုက်ဟ' တို့ဆိုတာက နာမ်တွေ၊ ကြိယာတွေပဲလေ၊ စိတ်ထဲမှာ ပေါ်လာတဲ့ခံစားမှုကြောင့် ပါးစပ်က ရုတ်တရက်အသံထွက် လိုက်တဲ့အခါကျတော့ အာမေဍိတ်တွေဖြစ်လာတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"တကယ်တော့ အဲဒီသာဓကတွေက နာမ်တွေ၊ ကြိယာတွေကို အာမေဍိတ်အဖြစ်သုံးလိုက်တာမဟုတ်လား၊ အာမေဍိတ် စစ်စစ်လို့တော့ မဆိုနိုင်ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

"အာမေဍိတ်စစ်စစ်တွေက အဓိပ္ပာယ်မရှိတဲ့ အသံတွေ များပါတယ်၊ ဒါပေမယ့် အစဉ်အဆက် ပုံမှန်ပါးစပ်ကထွက်တဲ့အသံတွေမို့ စကားလုံးအမျိုးအစားတစ်ခုအနေနဲ့ သတ်မှတ်ကြတယ်၊ 'အို… မင်းကလည်း၊ ဟင်… ဘာဖြစ်တာလဲ၊ ဟော… တွေ့ပြီ၊ ဟာ… ဒုက္ခပါပဲ၊ ဟယ်… ဖြစ်မှဖြစ်ရလေ' ဆိုတဲ့စကားတွေမှာ ရှေ့ဆုံးက ထွက်လာတဲ့ 'အို၊ ဟင်၊ ဟော၊ ဟာ၊ ဟယ်' ဆိုတဲ့အသံတွေက အာမေဍိတ်တွေပဲပေါ့"

"ဟုတ်ကဲ့ပါ"

"တချို့အသံတွေက 'အ' သရကို အခြေခံတယ်လေ၊ 'အာ၊ အား၊ အို၊ အင်း' ဆိုတာမျိုးတွေ၊ 'ဟ' ကိုလည်း တွင်တွင်ကျယ်ကျယ် သုံးပါတယ်၊ 'ဟာ၊ ဟ၊ ဟဲ့၊ ဟယ်၊ ဟော' ဆိုတာတွေပေါ့၊ 'အောင်မယ်၊ အောင်မာ၊ အမလေး' ဆိုတဲ့ အာမေဍိတ်တွေကတော့ အမေကိုတတဲ့ စကားတွေလို့ ယူဆကြတယ်၊ အံ့အား သင့်တဲ့အခါ၊ ရုတ်တရက်ထိတ်လန့်သွားတဲ့အခါ၊ ကြောက်သွားတဲ့အခါ စသည်ဖြင့် ခံစားမှုတွေ ရုတ်တရက်ပေါ်လာတဲ့အခါမှာ ဆီလျော်တဲ့ အာမေဍိတ်တွေ ပါးစပ်က ထွက်လာတာပဲ၊ များသောအားဖြင့်တော့ စကားရဲ့ ရှေ့ဆုံးမှာ သုံးတယ်၊ 'ဘယ်လိုဖြစ်တာလဲဟဲ့၊ ဖြစ်မှဖြစ်ရလေဟယ်' ဆိုတာမျိုး နောက်ဆုံးက သုံးတာတွေလည်း ရှိတယ်"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ပုဒ်တွေရဲ့နောက်ကသုံးတဲ့ 'ရဲ့ ရယ်၊ ရ၊ ရာ၊ ရေ့ရေ' ဆိုတာတွေလည်း အာမေဍိတ်ထဲမှာ အကျုံးဝင်ပါတယ်၊ 'ဟုတ်တယ် အဖေရဲ့၊ မမရယ်၊ သူငယ်ချင်းရ၊ ဘာရမလဲသာဝရာ၊ ညီမလေးရေ၊ မောင်မောင်ရေ့' ဆိုတာမျိုးတွေသုံးတယ် မဟုတ်လား"

"သုံးပါတယ် ဆရာ"

"'ကွ၊ ကွာ၊ ကွဲ့၊ ကွယ်' ဆိုတဲ့ စကားတွေလည်း ပုဒ်နောက်ကသုံးတယ်မဟုတ်လား၊ လေသံအပျော့အမာကိုလိုက်ပြီး ချော့ချော့မော့မော့ ပြောတာလား…၊ တင်းတင်းမာမာပြောတာလား ဆိုတာ ခွဲခြားလို့ရပါတယ်၊ ပြောတဲ့သူရဲ့သဘောထားကို ဖော်ပြနေတာပေါ့"

"ဟုတ်ကဲ့ပါ"

"အထူးသဖြင့် နေ့တိုင်းသုံးနေတဲ့ အပြောစကားမှာ တွင်တွင်ကျယ်ကျယ် သုံးနေတဲ့ အာမေဍိတ်တွေပါပဲ၊ အာမေဍိတ်ကို ဝါစင်္ဂ တစ်ခုအဖြစ် သတ်မှတ်တဲ့ ပညာရှင်တွေရှိသလို မသတ်မှတ်တဲ့ပညာရှင်တွေလည်းရှိတယ်၊ အဲဒီအာမေဍိတ်တွေက ဝါကျဖွဲ့ထုံး စနစ်ထဲမှာမပါဘဲ ဝါကျအပြင်က သုံးတဲ့စကားတွေမို့ ထည့်မသုံးလည်းရတယ်၊ ထည့်သုံးရင်တော့ ပြောသူရဲ့ သဘောထားတို့ ခံစားမှုတို့၊ အလေးပေးမှုတို့ကို ဖော်ပြနေတယ်လို့ ဆိုနိုင်တာပေါ့ကွယ်၊ ကဲ… ဝါစင်္ဂကိုးပါးကိစ္စတော့ ဒီနေရာမှာ အဆုံးသတ်ကြရအောင်"

"ကျေးဇူးတင်ပါတယ် ဆရာ"

# အုပ်စုလိုက် တေးသီချင်းများ သီဆိုခြင်းက စိတ်ကျန်းမာရေးအခြေအနေကောင်းမွန်တိုးတက်စေနိုင်

**ကလျာမိုးမြင့်**

မိတ်ဆွေအပေါင်းအဖော်တွေနဲ့ အုပ်စုလိုက်တေးသီချင်းတွေ သီဆိုခြင်းဟာ စိတ်ကျန်းမာရေးဆိုင်ရာ အားနည်းချို့ယွင်းမှုတွေကနေ ပြန်လည်သက်သာကောင်းမွန်လာစေပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုပြီးရှိလာစေတယ်လို့ သုတေသနတစ်ခုမှာ တွေ့ရှိခဲ့ပါတယ်။

East Anglia လေ့လာမှု တက္ကသိုလ်က အဆိုတော်များအဖွဲ့ဟာ နော်ဖော့လ်ခ်မှာ ပြုလုပ်တဲ့ အပတ်စဉ်အလုပ်ရုံဆွေးနွေးပွဲတွေမှာ ပါဝင်ခဲ့ကြပြီး စိတ်ခံစားချက်နဲ့ လူမှုရေးဆိုင်ရာ စွမ်းရည်တွေမှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်ထွန်းတယ်ဆိုတာကို လေ့လာခဲ့ကြပါတယ်။

Sing Your Heart Out ပရောဂျက်လို့ အမည်ပေးထားတဲ့ ဒီလေ့လာမှုမှာ တေးသီချင်းတွေ အုပ်စုလိုက်သီဆိုမှုဟာ အချို့လူတွေကို ရောဂါဝေဒနာဟောင်းတွေ ပြန်ပေါ်တာကို မဖြစ်စေတော့ဘူးလို့ သိရပါတယ်။

ဒီလေ့လာမှုအဖွဲ့ဟာ တေးသီချင်းသီဆိုတဲ့ အဖွဲ့တွေကို တခြားသောဧရိယာတွေမှာလည်း အုပ်စုတွေဖွဲ့ပြီး ဆောင်ရွက်သွားကြဖို့ တိုက်တွန်းခဲ့ပါတယ်။ The Sing Your Heart Out ပရောဂျက်ကို ၂၀၀၅ ခုနှစ်မှာ နော်ဝစ်မှာရှိတဲ့ စိတ်ရောဂါကု ဆေးရုံတစ်ရုံမှာ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ နောက်တော့မှ လူထုအဖွဲ့အစည်းတွေဆီကို ဖြန့်ကြက်ခဲ့တာပါ။

ရည်ရွယ်ချက်ကတော့ ပြည်သူလူထုတစ်ရပ်လုံးအတွက်သာမက စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုဝေဒနာကို ခံစားနေရတဲ့ ပြည်သူတွေအတွက် ရည်ရွယ်ပြီး ဒီစီမံချက်ကိုစတင်ခဲ့တာဖြစ်ကာ လူရာပေါင်းများစွာကို အုပ်စုဖွဲ့တေးသီချင်းသီဆိုမှုတွေပြုလုပ်လာအောင် ဆွဲဆောင်နိုင်ခဲ့ပါတယ်။

အဲဒီလူတွေထဲက တစ်ဦးကတော့ အသက် ၆၇ နှစ်ရှိပြီဖြစ်တဲ့ ပင်နီဟိုလ်ဒင်ဖြစ်ပြီး သူ့ရဲ့သက်တမ်းတစ်လျှောက်လုံးမှာ စိတ်ကစဉ့်ကလျားဖြစ်တဲ့ဝေဒနာနဲ့ နေထိုင်လာရတာဖြစ်ပါတယ်။ ပင်နီက တေးသီချင်းသီဆိုတဲ့အဖွဲ့တွေကို ချီးမွမ်း



ခဲ့ပြီး သူ့ရဲ့လွန်ခဲ့တဲ့ ၁၃နှစ်ကအချိန်တွေကို ပြန်ပြီးအမှတ်ရခဲ့ပါတယ်။ ဟာမိုနီတွေနဲ့ တေးသီချင်းတွေသီဆိုရတာဟာ တော်တော်လေးကိုအံ့ဩဖို့ကောင်းတဲ့ အားဆေးတစ်ခွက်ဖြစ်ခဲ့တယ်။

အုပ်စုလိုက်သီချင်းသီဆိုတာဟာ ကျွန်မလုပ်ခဲ့ဖူးသမျှတွေထဲမှာ အကောင်းဆုံးအလုပ်တစ်ခုပဲ။ ကျွန်မတို့တစ်ယောက်နဲ့တစ်ယောက် စောင့်ကြည့်နိုင်ပြီး တစ်ယောက်နဲ့တစ်ယောက်အကူအညီပေးနိုင်တယ်လို့ ၎င်းကပြောခဲ့ပါတယ်။ သီချင်းတွေအတူတကွ သီဆိုကြပြီး လူမှုရေးအရနီးနှောဖလှယ်ကြတာဟာ ပြင်းထန်တဲ့စိတ်ဝေဒနာ ခံစားနေရသူတွေကို အကောင်းဆုံးကူညီပေးနိုင်တယ်ဆိုတာ လေ့လာသူတွေက တွေ့ရှိခဲ့ကြပါတယ်။

**ဘီဘီစီ**

ခ ရီး သွား ဆောင်း ပါး

# လှိုင်းခေါင်းဖြူဖြူတွေနှင့် ကဗျာဝကမ်းခြေ

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

ရေးမြို့မှ နံနက် ၇ နာရီခန့် ကားဖြင့်ထွက်လာသော ကျွန်တော်တို့ လမ်းပေါ်တွင် ကားအသွားအလာ ရှင်းနေသဖြင့် ပတ်ဝန်းကျင်မြင်ကွင်းကို ကောင်းစွာကြည့်ရှုလေ့လာခွင့်ရနေသည်။ ကားနှင့် ဆိုင်ကယ်အချို့သာ မောင်းနှင်သွားလာမှုကြောင့် တစ်ခါတစ်ရံ တစ်စီးနှင့်တစ်စီး ရှောင်တိမ်းရသဖြင့် သတိထားရသည်မှအပ အနှောင့်အယှက် ကင်းလေသည်။ ရေးမြို့တောင်ဘက်သို့ ဦးတည်ထွက်လာသော ကျွန်တော်တို့ကားသည် ခပ်လှမ်းလှမ်းမှ တနင်္သာရီတောင်တန်း၊ တောင်စွယ်တို့နှင့် အပြိုင်ဖြစ်လိုက်၊ တစ်ခါတစ်ရံ ကျေးရွာအချို့ကို ဖြတ်သန်းလိုက်နှင့် ခပ်မှန်မှန်အရှိန်ဖြင့်သွားနေသည်။ အချို့ရွာများက စိုက်ပျိုးရေးလုပ်ကိုင်ကာ အချို့က ရေလုပ်ငန်း လုပ်ကိုင်ကြသည်ကို သတိပြုမိသည်။

ရေးမြို့ဝန်းကျင်က စိုက်ပျိုးရေးလည်း ဖြစ်ထွန်းသည်။ ရာသီဥတုလည်း ကောင်းမွန်သည်ဖြစ်ရာ အချို့က ဆီအုန်းနှင့်နှစ်ရှည်ဘာရှည်ပင်များ စိုက်ပျိုးကြသလို စပါးစိုက်ပျိုးမှုလည်း များပြားသည်။ တကယ်တော့ ရေးမြို့သည် ရှေးမွန်ဘုရင်များလက်ထက်ကပင် မုတ္တမ-၃၂ မြို့ဝင်မြို့တစ်မြို့ဖြစ်ခဲ့ပြီး “ရေး”ဆိုသည်မှာ မွန်ဘာသာစကားဖြင့် (ရေဝ်)အသံထွက် “ရီ”မှ ဆင်းသက်လာခြင်းဖြစ်ရာ အဓိပ္ပာယ်မှာ “စကား”ဟု ဆိုသည်။ ရှေးခေတ်က ရေးမြို့တည်ရှိရာအရပ်သည် လမ်းဆုံ၊ လမ်းခွဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများ ဆုံတွေ့ကြသည့် စုရပ်သဖွယ်ဖြစ်ပြီး စကားစမြည်ပြောဆိုကြရာ အရပ်ဖြစ်ကြောင်း သိရသည်။

ရေးမြို့ကို ထားဝယ်မြို့ဟောင်း ဝေဒီမြို့တည် မင်းကြီးဓမ္မဒိန္နမဟာရာဇာနှင့် မိဖုရား ပဒုမ္မာခေမာဝတီတို့၏သမီးတော် မာရဒေဝီမင်းသမီးနှင့် ရံရွေတော်တစ်စုတို့က သက္ကရာဇ် ၉၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်တွင် တည်ထားခဲ့ကြောင်း သိရ သည်။ ယင်းမြို့တော်ကို မာရဒေဝီ မင်းသမီးက ဘုရင်မအဖြစ် စိုးစံခဲ့ပြီးနောက် ထပ် မင်းသုံးဆက် စိုးစံခဲ့ပြီးနောက် ခရစ်နှစ် ၇၈၉ တွင် ပျက်သုဉ်းခဲ့ကြောင်း သမိုင်းမှတ်တမ်းအချို့တွင် လေ့လာခဲ့ဖူးသည်။

နောက်ပိုင်း ဟံသာဝတီဘုရင် ဓမ္မစေတီမင်းက မူလမြို့ဟောင်းကို ပြုပြင်မွမ်းမံကာ မြို့တော်သစ်တည်ဆောက်ခဲ့ပြီး မြို့တော်အမည်ကို ရာဇသီဟဇေယျပူရဟု အမည်ခေါ်တွင်စေခဲ့သည်။ ယင်းမြို့တော်ကို “ရေး”ဟု စတင်ခေါ်ဆိုခဲ့သူမှာ ဟံသာဝတီခေတ်က ထင်ရှားခဲ့သော ဒေါ်ကြာဇနေမင်းသမီး ဖြစ်သည်ဟုဆိုသည်။ ရေးမြို့သည် မွန်ဘုရင်များ လက်ထက်တွင်စည်ပင်ထွန်းကားခဲ့ပြီး မြန်မာဘုရင်များ လက်ထက်၌ မြို့ဝန်၊ မြို့သူကြီးများကို ခန့်ထားအုပ်ချုပ်စေခဲ့ခြင်းဖြစ်သည်။

ကျွန်တော်ကားပေါ်လိုက်ပါရင်း ရေးမြို့အကြောင်း အတွေးဝင်နေရာမှ “ကဗျာဝရွာ ရောက်ပြီ”ဟု အတူလိုက်ပါလာသူ ကိုဘုန်းမြင့်က ပြောလိုက်သဖြင့် အတွေးပြတ်သွားသည်။ ကဗျာဝရွာက ရွာငယ်တစ်ရွာသာဖြစ်ပြီး ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျွန်တော်တို့က ကဗျာဝရွာအနီးတွင်တည်ရှိနေသော ကဗျာဝကမ်းခြေသို့ လာရောက်ခဲ့ကြခြင်းဖြစ်ရာ ကျွန်တော်တို့ ကမ်းခြေရောက်ချိန်တွင် လာရောက်အပန်းဖြေသူ ဧည့်သည်များပင် မတွေ့ရသေး။

ကျွန်တော်တို့ကားကို ကမ်းခြေအနီးဆိုင်များ နောက်တွင် ရပ်ထားလိုက်ပြီးနောက် ကမ်းခြေသို့ ဆင်းခဲ့ကြသည်။ အပန်းဖြေသူများ မရောက်ကြသေးသည်ဖြစ်ရာ ကမ်းခြေတွင် ရှင်းလင်းနေသဖြင့် ပြန့်ပြူးသော သဲသောင်ပြင်က နံနက် နေရောင်အောက်တွင် တိတ်ဆိတ်ငြိမ်းချမ်းစွာ ဝပ်ဆင်းနေသည့်အလား တွေ့မြင်ရသည်။

ရှည်လျားသော ကမ်းခြေ၊ ပြန့်ပြူးသောသဲသောင်ပြင်သို့ လာရောက်ရိုက်ခတ်နေသော ရေလှိုင်းသံများက စည်းချက်သံကဲ့သို့ ထွက်ပေါ်နေသည်ကို ကြားရသည်။ တလိမ့်လိမ့်ရိုက်ခတ်လာသော ရေလှိုင်းများက ဖြူဖွေးပြီး ကမ်းခြေရောက်သောအခါ တဖြည်းဖြည်းပြေလျော့သွားလေသည်။ ကမ်းခြေတစ်လျှောက် ဖြည်းဖြည်းချင်း လမ်းလျှောက်ကာ ပင်လယ်လေကို တစ်ဝကြီး ရှူရှိုက်နေမိသည်။ အေးမြခြင်း၊ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ပေါ့ပါးခြင်းတို့က ရင်ထဲသို့ အဆီးအတားမရှိ တိုးဝင်လာသည်။ ပင်လယ်ပြင်ဘက်သို့ မျက်နှာမူ၍ မတ်တတ်ရပ်ပြီး ဦးခေါင်းမော့ကာ၊ လက်နှစ်ဖက်ဘေးဆန့်တန်းရင်း နံနက်ခင်းနေရောင်ခြည်ကိုခံကာ ပင်လယ်လေကို ရှူရှိုက်ရသည့် ခံစားမှုက တုန္နိုင်းဖွယ်ရာပင်။

ကမ်းခြေတွင် လမ်းလျှောက်ရင်း ဟိုး...ခပ်ဝေးဝေးဆီသို့ စိမ်းညို့ညို့ကျွန်းများ၊ တောင်တန်းပျပျများကို လှမ်းကြည့်မိသည်။ ရေပြင်ပေါ်တွင် ထိုးထွက်နေသော ကျွန်းငယ်များက သီးသီးသန့်သန့်အသွင်ဆောင်လျက်ရှိနေသည်။ မြန်မာ့ပင်လယ်တွင် ကျွန်းငယ်များက လက်ညှိုးထိုးမလွဲ တည်ရှိနေခြင်းဖြစ်ရာ စက်လှေဖြင့် သွားရောက်လည်ပတ်နိုင်လျှင် ကောင်းမည်ဟုတွေးမိသည်။ ရေပြင်ပေါ်တွင် ရေလုပ်သားတို့၏ ရေယာဉ်အချို့ကို တွေ့ရသည်။

ကဗျာဝရွာမှ ရေလုပ်သားတို့၏ လှေငယ်များကို တွေ့ရပြီး နံနက်ပိုင်း ကမ်းခြေသို့ ပြန်ဝင်လာသော လှေအချို့ကို တွေ့မြင်ရသည်။ အနီးဝန်းကျင်ရွာများမှ ရေလုပ်ငန်းလုပ်ကိုင်သူများက ပင်လယ်ပြင်သို့ နေ့စဉ်ထွက်ကြရာ ပွင့်လင်းရာသီတွင် ရေပြင်၌ လှေငယ်များကို ဟိုတစ်စင်း၊ သည်တစ်စင်း တွေ့မြင်ရသည်။


ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

ကျွန်တော်တို့ ကမ်းခြေတွင် လမ်းလျှောက်ရင်း ကမ်းခြေအနီးရှိ စေတီငယ် တည်ထားရာ တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။ နဂါးနှစ်ကောင်ရုပ်တု တစ်ဖက်တစ်ချက်စီတွင် ရှိနေသော လှေကားထစ်များအတိုင်း တက်ရောက်ခဲ့ကြသည်။ ကြွေပြားခင်းထားသည်ဖြစ်ရာ လှေကားထစ်များက သန့်ရှင်းနေသည်။ စေတီရင်ပြင်ပေါ်တွင် ဦးချရှိခိုးပြီးနောက် ပတ်ဝန်းကျင်ကို လေ့လာမိသည်။ စေတီကုန်းမြင့်ခြေရင်းတွင် ကျောက်တုံးများကို တွေ့မြင်ရပြီး ပြန့်ပြူးနေသော သဲသောင်ပြင်ကို အပေါ်စီးမှ မြင်တွေ့ရသည်။

စေတီငယ်က ရွှေရောင်ဝင်းပနေပြီး တံခွန်တိုင်က မြင့်မားစွာ တည်ရှိနေသည်။ စေတီကုန်းတော်ပေါ်တွင် သာသနာ့အလံများက လေတွင်တဖျပ်ဖျပ်လွင့်လျက်၊ စေတီရင်ပြင်တော်ပေါ်မှ ကဗျာဝရွာ နေအိမ်များ၊ ကမ်းခြေမှ စျေးဆိုင်များကို မြင်တွေ့ရသည်မှာ မြင်ကွင်းက ဆန်းနေသည်။ ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေက စေတီရင်ပြင်တော်ပေါ်တွင် တဟူးဟူးထနေသည်ဖြစ်ရာ အေးစိမ့်နေသည်။

စေတီကို ဖူးမြော်ပြီးနောက် ကျွန်တော်တို့ ပြန်ဆင်းလာခဲ့ကြသည်။ ဆက်လက်ပြီး ကမ်းခြေတစ်လျှောက်တည်ဆောက်ထားသောဆိုင်များရှေ့မှ လျှောက်ကြည့်ရင်း ဆိုင်တစ်ဆိုင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ ဆိုင်အတွင်း နှီးဇန်းဖြင့်ထည့်ထားသော ပုစွန်ကြော်၊ ငါးကြော်များကို တွေ့ရသဖြင့် စျေးမေးကြည့်ရာ အကြော်နှစ်ခု ငါးရာကျပ်ဆို၍ စျေးချိုသဖြင့် စားရန်ဆုံးဖြတ်လိုက်သည်။

ကျွန်တော်တို့က ပုစွန်ကင်၊ ငါးကင်ရမလားဟု မေးကြည့်ရာ “ရတယ်၊ လုပ်ပေးမယ်”ဟု ဆိုသဖြင့် ကျွန်တော်တို့ ခေတ္တထိုင်စောင့်ကြသည်။ ကျွန်တော်တို့ ငါးကင် ပုစွန်ကင်တို့ကို စောင့်နေစဉ်မှာပင် ကမ်းခြေသို့ လာရောက်ကြသည့်ကားများ တစ်စီးပြီး တစ်စီး ဆိုက်ရောက်လာကြသည်။ ကားပေါ်မှ ဆင်းလာသူများက ကမ်းခြေသို့ ပြေးဆင်းသွားကြပြီး လွတ်လပ်စွာ ပြေးလွှားအော်ဟစ်ပျော်ရွှင်နေကြသည်။ တချို့လူငယ်များက အင်္ကျီများချွတ်ကာ ကမ်းစပ်အထိ ပြေးဆင်းပြီး ရေထဲသို့ ကူးခတ်သွားလေသည်။ သူတို့ကိုကြည့်ရင်း စိတ်ထဲပျော်ရွှင်လာမိသည်။ လူငယ်တွေဆိုတာ လွတ်လပ်မှု၊ ပျော်ရွှင်မှုများကို နှစ်သက်ကြသည်မဟုတ်လား။

ကျွန်တော်တို့ စားပွဲသို့ ပုစွန်ကင်၊ ငါးကင်များ ရောက်လာသည်။ သည်မနက်မှ ပင်လယ်ထဲက ဖမ်းမိလာသည့်ငါးများနှင့် ပုစွန်များဖြစ်ကြောင်း စားပွဲထိုးက ပြောပြသည်။ ပူပူနွေးနွေး၊ လတ်လတ်ဆတ်ဆတ်မို့လားမသိ၊ စား၍ကောင်းလှသည်။ မွှေးပျံ့နေသော ငါးကင်နံ့၊ ပုစွန်ကင်နံ့များကလည်း ဆွဲဆောင်လျက်ရှိရာ ပုစွန်ကင် ၁၀ ကောင်နှင့် ငါးကင် သုံးကောင်မှာ ပြိုက်ခနဲ ကုန်သွားလေသည်။

နောက်ထပ် ပုစွန်ငါးကောင်နှင့် ငါးကင်တစ်ကောင်ထပ်မှာပြီး ကျွန်တော်တို့ သုံးဦးစားကြပြန်သည်။ စားသောက်ပြီးနောက် ဆိုင်အတွင်းထိုင်ကာ ပင်လယ်ပြင်နှင့် ကမ်းခြေဆီသို့ ကြည့်ရှုမိသည်။ ကမ်းခြေတွင် အပန်းဖြေလာသူအချို့ဖြင့် လှုပ်ရှားသက်ဝင်နေပြီဖြစ်သည်။

ကဗျာဝကမ်းခြေသို့ ပွင့်လင်းရာသီနှင့် ပိတ်ရက်များတွင် တစ်နေ့လျှင် လူ ၅၀၀ ခန့် လာရောက်အပန်းဖြေကြကြောင်း၊ ပင်လယ်စာကို စားသုံးကြသူက များကြောင်း သိရသည်။ ကမ်းခြေသန့်ရှင်းသပ်ရပ်မှုကို ထိန်းသိမ်းပြီး တည်းခိုနေထိုင်စရာများ ဖန်တီးပေးနိုင်ပါက အပန်းဖြေသူများ ပိုမိုလာရောက်ကြမည်ဟု တွေးမိသည်။

မွန်ပြည်နယ်တွင် အပန်းဖြေကမ်းခြေများစွာရှိရာ ကမ်းခြေအသစ်များလည်း ရှိနေသည်။ မွန်ပြည်နယ်တွင် သဘာဝကပေးထားသော လက်ဆောင်များအဖြစ် လှပသောကမ်းခြေများရှိနေရာ ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုကောင်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းကောင်းတို့ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနိုင်လျှင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဟုလည်း ယုံကြည်နေမိသည်။

ကဗျာဝကမ်းခြေသို့ ရိုက်ခတ်လာသော လှိုင်းခေါင်းဖြူဖြူများပေါ်တွင် ဆော့ကစားနေကြသော လူငယ်များကို လှမ်းကြည့်နေမိသည်။ ရော်ဘာကွင်းများဖြင့် လှိုင်းစီးနေသူများကလည်း ပျော်ရွှင်နေကြသည်။ ကမ်းခြေများက လူ့စိတ်ကို အပန်းပြေစေပြီး စိတ်ဖိစီးမှုကို လျော့ကျစေသည်က အမှန်ပင်။ ကျွန်တော်တို့ ကဗျာဝကမ်းခြေက ပြန်ထွက်လာတော့နေက မွန်းတည့်နေပြီ။ ။


ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# နိုင်ငံတိုးတက်မှုအတွက် စွန့်ဦးတီထွင်သူ လူငယ်များ၏ အခန်းကဏ္ဍမြှင့်မားရေး အဓိကကျ

**ခင်ရတနာ**

ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် အခက်အခဲများ၊ ကျပ်တည်းမှုများနှင့် ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အစပြုချိန်မှ စတင်ကာ စီးပွားရေးလုပ်ငန်းများလည်း ပြန်လည်ဦးမော့လာခဲ့သည်။ စီးပွားရေးလုပ်ငန်း လုပ်ဆောင်သူများအနေဖြင့်လည်း မိမိတို့ဈေးကွက်၊ မိမိတို့ပန်းတိုင်ကို ပုံသဏ္ဌာန် အသွင်သစ်များဖြင့် ဖန်တီးထုဆစ်ရင်း နိုင်ငံအကျိုးနှင့် လုပ်ငန်း၏အကျိုးစီးပွားကို ဖော်ဆောင်ကြသူများ ဖြစ်လာသည်။ လူတန်းစားမရွေး လူနေထိုင်မှုဘဝများစွာ တိုးတက်လာစေရန်မှာ အားလုံးပါဝင်၍ သက်ဝင်လှုပ်ရှားသော စီးပွားရေးစနစ်ကြီး ပေါ်ပေါက်လာမှသာ လူသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ရရှိလာမည်ဖြစ်ပါသည်။

အမြတ်အစွန်းရရှိစေသည့် လုပ်ငန်းတစ်ခုကို လမ်းသစ်ထွင်ကာ သမားရိုးကျဆောင်ရွက်မှုများမှ ခွဲထွက်ဆောင်ရွက်ခြင်းသည် စွန့်ဦးတီထွင်ခြင်းဖြစ်သည်။ စွန့်ဦးတီထွင်သူများသည် ရှုထောင့်မျိုးစုံမှဖြစ်နိုင်ပြီး ၎င်းတို့သည် စီးပွားရေးအရအသုံးဝင်သည့် တီထွင်မှုများကို ဖန်တီးပေးကြသည်။ လုပ်ငန်းအသစ်များကို စတင်ကြသည်။ နည်းပညာအသစ်များ ပေါ်ထွက်လာလျှင် ဦးစွာအသုံးပြုကြသူများလည်းဖြစ်သည်။ စီးပွားရေးပုံစံအသစ်များ၊ ထပ်မံပြောင်းလဲထားသည့် စီစဉ်မှုများဖြင့် စားသုံးသူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြသူများမှာ စွန့်ဦးတီထွင်ကြသူများဖြစ်သည်။ စွန့်ဦးတီထွင်သူများသည် အများအားဖြင့် အသက် ၃၀ မှ ၄၀ ကြားများဖြစ်ကြသည်။ သူတို့သည် ငယ်ရွယ်စဉ်က သင်ယူစုဆောင်းထားသည့် အတတ်ပညာများကို အသုံးပြုကာ ပိုမိုကောင်းမွန်သည့် လုပ်ငန်းအသစ်များကို ဖော်ထုတ်တတ်ကြသည်။

**မြန်မာနိုင်ငံထဲမှ စွန့်ဦးတီထွင်တွေ**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းသည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၃၂ နိုင်ငံအနက် ၁၁၇ အဆင့်တွင် ရောက်ရှိနေသည်။ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက စင်ကာပူသည် ညွှန်းကိန်း ၁၁၊ မလေးရှားသည် ညွှန်းကိန်း ၅၆၊ ထိုင်းနိုင်ငံသည် ညွှန်းကိန်း၆၅၊ ကမ္ဘောဒီးယားနိုင်ငံသည် ညွှန်းကိန်း ၁၀၁၊ အင်ဒိုနီးရှားနိုင်ငံသည် ညွှန်းကိန်း ၁၀၃၊ လာအိုနိုင်ငံသည် ညွှန်းကိန်း ၉၄ စသည်ဖြင့် ရှိရာ မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် များစွာလိုအပ်နေသေးကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သည့် ဖိုရမ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်ခဲ့ပြီး လူငယ်များအတွက် လမ်းညွှန်အမှာစကားများ ပြောကြားခဲ့သည်။ အထူးသဖြင့် လူငယ်များအနေဖြင့် အကြံဉာဏ်ကောင်းများ၊ နည်းပညာအကူအညီများနှင့် မျှတသည့် ယှဉ်ပြိုင်မှုများနှင့်အတူ မြန်မာ့စီးပွားရေးအနာဂတ်ကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းထားခြင်းဖြစ်သည်။

**စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေရဲ့ လုပ်ဆောင်မှု**

စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် စီးပွားရေးအရ အကျိုး




ရှိသည့် တီထွင်မှုများကို ပြုလုပ်ကြပြီး ရှိရင်းစွဲလုပ်ငန်းများကိုလည်း ကြီးပွားတိုးတက်မှု ပိုမိုဖြစ်ထွန်းရန် ဆောင်ရွက်ပေးကြသည်။ မိမိကိုယ်တိုင်သာမက စားသုံးသူများ၊ ဝန်ထမ်းများနှင့် လူမှုအဖွဲ့အစည်းအတွက် စီးပွားရေးအရ အကျိုးကျေးဇူးများစွာကို ဖန်တီးမျှဝေပေးကြသည်။ ကုန်စည်၊ ဝန်ဆောင်မှုနှင့် နည်းစနစ်အသစ်များ ဖန်တီးကြသည့်အပြင် အခြားနေရာများမှ တီထွင်ဖန်တီးမှုများကိုလည်း ပြန်လည်အတုယူ အသုံးချကြသူများလည်းရှိသည်။ ယင်းသို့ဖော်ဆောင်ခြင်းဖြင့် စီးပွားရေးနယ်ပယ်အသစ်များကိုလည်း ဖန်တီးကြသည်။ ယခုနောက်ပိုင်းတွင် စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်များ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များကို သင်ယူမှု များပြားလာကြပြီး အကြံဉာဏ်သစ်၊ လူငယ်များ၏ စိတ်ကူးအိပ်မက်သစ်များသည်လည်း များစွာပေါ်ထွက်လာသည်ကို မြင်တွေ့ရသည်။

**စွန့်ဦးတီထွင်သူများကြောင့် အလုပ်အကိုင်များရရှိလာ**

စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် ဆန်းသစ်တီထွင်မှုနှင့် လုပ်ငန်းကြီးပွားတိုးတက်မှုနှုန်း မြင့်မားရန် ဦးစားပေးလုပ်ကိုင်ကြခြင်းကြောင့် လူအများအတွက် အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးသည့်အပြင် ဝင်ငွေလည်း ပိုမိုမြင့်မားစေနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ အစီရင်ခံစာများအရ စွန့်ဦးတီထွင်လုပ်ငန်းရှင် ၂၆၅ ဦးအနက် အလုပ်အကိုင်သစ် ဖန်တီးပေးခြင်းနှင့်ပတ်သက်၍ လုပ်ငန်းရှင် ၁၇၃ ဦးက ဖြေဆိုခဲ့ရာ အချိန်ပြည့်ဝန်ထမ်း အယောက် ၃၀ စီ ထပ်မံခန့်အပ်ရန် ရည်မှန်းထားကြသည်ကို မြင်တွေ့ရသည့်အတွက် တစ်နှစ်တာအတွင်း အလုပ်အကိုင်သစ် ၆၅၀၀ ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းရသည်။

စွန့်ဦးတီထွင်လုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် နည်းပညာ ကဏ္ဍသာမက စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်ရေးလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေး၊ အစားအသောက်ထုတ်လုပ်မှု၊ လက်လီလက်ကားရောင်းဝယ်ဖောက်ကားမှုများ၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စားသုံးသူဝန်ဆောင်မှု လုပ်ငန်းများ ပါဝင်သည်။ ထို့အပြင် လယ်သမားများနှင့် နီးကပ်စွာပူးပေါင်းပြီး ထုတ်လုပ်မှုနည်းပညာအသစ်များ အသုံးပြုကာ ကော်ဖီ၊ သရက်သီးအစရှိသည့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့လာနိုင်ကြကြောင်း မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။ ထို့ပြင် စွန့်ဦးတီထွင်မှုဝါဒရေးဆွဲခြင်းဖြင့် မြန်မာနိုင်ငံအနှံ့ရှိ ဒေသအားလုံးမှ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးလာစေ၍ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန် အထောက်အကူပြုမည်ဖြစ်သည်။

**စွန့်ဦးတီထွင် ဂေဟစနစ်မြှင့်တင်ပါ**

စွန့်ဦးတီထွင်ခြင်း လုပ်ငန်းများကို မည်သူမဆို လုပ်ဆောင်နိုင်ပါသည်။ သို့သော် စွန့်ဦးတီထွင်လုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးလာရေးအတွက် နိုင်ငံတော်မှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသည့်အခါ စွန့်ဦးတီထွင်သူများအတွက် အခွင့်အလမ်းများပေးနိုင်ရန်နှင့် ပြည်တွင်းပြည်ပဈေးကွက်များတွင် ဈေးကွက်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းသင့်ကြောင်းသိရသည်။ ထို့အပြင် စွန့်ဦးတီထွင်မှုကို စိတ်ဝင်စားသည့် လူငယ်လူရွယ်များအနေဖြင့်လည်း လုပ်ငန်းတည်ထောင်မှု အဆင့်အသီးသီးတွင် ငွေကြေးအခွင့်အလမ်းများ ရှာဖွေတတ်ရန် ကြိုးစားခြင်း၊ လူ့အရင်းအမြစ်များ တည်ဆောက်ခြင်း၊ တက်သစ်စ ရည်မှန်းချက်ကြီးမားသည့် လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို လုပ်ငန်းကြီးများ၊ စီနီယာလုပ်ငန်းရှင်များက အားပေးထောက်ပံ့ခြင်းနှင့် ကွန်ရက်များ ချိတ်ဆက်ဖန်တီးပေးခြင်းတို့ ပြုလုပ်ပေးရန်လည်း လိုအပ်သည်။ ထို့ပြင် စွန့်ဦးတီထွင်မှုကိုအားပေးသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရန် အားပေးခြင်းများကိုလည်း နိုင်ငံတော်အဆင့်မှသည် စီးပွားရေးကဏ္ဍတစ်ရပ်လုံးရှိ အလွှာအမျိုးအစား အသီးသီးတို့က ပြုလုပ်ပေးသင့်ပြီး အစိုးရနှင့် စွန့်ဦးတီထွင်သူ အသိုင်းအဝိုင်းအကြား အပြန်အလှန်တွေ့ဆုံမှုပြုလုပ်ကာ အမျိုးသားစွန့်ဦးတီထွင်မှုမူဝါဒများ ချမှတ်နိုင်ရန် အရေးကြီးကြောင်း လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ သိရှိရသည်။

**စွန့်ဦးတီထွင်သူများထံမှ နိုင်ငံတော်ကို ပေးနိုင်သည့်အရာ**

စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် တာဝန်ယူမှု ပြည့်ဝစွာဖြင့် အထူးအခွင့်အရေးပေးမှုများ၊ အကာအကွယ်ပေးမှုများနှင့် ငွေကြေးထောက်ပံ့မှုများကို မျှော်လင့်ကြသူများ မဖြစ်စေရန်သည် အလွန်အရေးကြီးသည်။ ၎င်းတို့မျှော်လင့်သည့်အရာမှာ နိုင်ငံအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ဖန်တီးပေးထားရာတွင် တရားမျှတစွာ ယှဉ်ပြိုင်လိုခြင်းနှင့် ဟန့်တားမှုများ မကြုံတွေ့လိုခြင်း ဖြစ်သည်။ နိုင်ငံတော်၏ ကြွယ်ဝချမ်းသာမှုဆိုသည်မှာ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားသော ကဏ္ဍများအပေါ်တွင် မှီခိုနေသည်ကို နားလည်သဘောပေါက်ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်တပ်တစ်အား ပါဝင်ကြသူများပင်ဖြစ်သည်။

**မြန်မာ့စွန့်ဦးတီထွင်ကြသူများ**

စွန့်ဦးတီထွင်ကြသူများသည် အလုပ်အကိုင် ဖန်တီးပေးကြသူများလည်း ဖြစ်သည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်အများစုသည် ရှေ့တွင် လုပ်ငန်းတစ်ခုထက်မနည်း တည်ထောင်ခဲ့ဖူးကြပြီး အများစုသည် ကုန်စည်အသစ်များထုတ်လုပ်ခြင်း၊ လုပ်ငန်းစဉ်အသစ်များအသုံးပြုခြင်း၊ ဈေးကွက်အသစ်များ ထိုးဖောက်ခြင်းဖြင့် လုပ်ငန်းကြီးထွားလာကြသူများဖြစ်သည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ စစ်တမ်းအရ လုပ်ငန်း အများစုသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသည်။ အချို့မှာ အရွယ်အစားပိုမိုကြီးမားပြီး အများစုမှာ အခြားသော စွန့်ဦးတီထွင်သူများကို အားကျ၍ စတင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် အများစုသည် နိုင်ငံရပ်ခြားတွင် ပညာသင်ယူဖူးခြင်း၊ အလုပ်လုပ်ကိုင်ဖူးခြင်းမရှိဘဲ မိမိနိုင်ငံအတွင်း ကြီးပြင်းလာကြသူများပင်ဖြစ်ကြောင်း လေးစားဖွယ် မြင်တွေ့ရသည်။ လုပ်ငန်းရှင် ၉၀ ရာခိုင်နှုန်းနီးပါးသည် အစိုးရထံမှလည်းကောင်း၊ နိုင်ငံတကာ အလှူရှင်များထံမှလည်းကောင်း မည်သည့်အထောက်အပံ့မျှ မရရှိကြဘဲ ကိုယ့်အားကိုယ်ကိုးကာ စုငွေများ၊ မိသားစုအသိုင်းအဝိုင်းမှ စုငွေများဖြင့် မတည်ငွေနှင့် လုပ်ငန်းလည်ပတ်ရန်အတွက် အရင်းအနှီးများ ရယူထားကြသူများဖြစ်ခြင်းကြောင့် မည်သူမဆို စွန့်ဦးတီထွင်လုပ်ငန်းများကို စတင်နိုင်မည်ဟု မျှော်မှန်းကာ စွမ်းနိုင်သမျှ ကြိုးစားကြည့်စေလိုပါကြောင်း။ ။

“မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ စစ်တမ်းအရ လုပ်ငန်းအများစုသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသည်။ အချို့မှာ အရွယ်အစားပိုမိုကြီးမားပြီး အများစုမှာ အခြားသော စွန့်ဦးတီထွင်သူများကို အားကျ၍ စတင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် အများစုသည် နိုင်ငံရပ်ခြားတွင် ပညာသင်ယူဖူးခြင်း၊ အလုပ်လုပ်ကိုင်ဖူးခြင်းမရှိဘဲ မိမိနိုင်ငံအတွင်း ကြီးပြင်းလာကြသူများပင်ဖြစ်ကြောင်း လေးစားဖွယ်မြင်တွေ့ရသည်။ လုပ်ငန်းရှင် ၉၀ရာခိုင်နှုန်းနီးပါးသည် အစိုးရထံမှလည်းကောင်း၊ နိုင်ငံတကာအလှူရှင်များထံမှလည်းကောင်း မည်သည့်အထောက်အပံ့မျှ မရရှိကြဘဲ ကိုယ့်အားကိုယ်ကိုးကာ စုငွေများ၊ မိသားစုအသိုင်းအဝိုင်းမှ စုငွေများဖြင့် မတည်ငွေနှင့် လုပ်ငန်းလည်ပတ်ရန်အတွက် အရင်းအနှီးများ ရယူထားကြသူများဖြစ်ခြင်းကြောင့် မည်သူမဆို စွန့်ဦးတီထွင်လုပ်ငန်းများကို စတင်နိုင်မည်ဟု မျှော်မှန်းကာ စွမ်းနိုင်သမျှ ကြိုးစားကြည့်စေလိုပါကြောင်း”



ခ ရီး သွား ဆောင်း ပါး

# ထာဝရအစဉ်အမြဲ စီးဆင်းစေချင်တယ် စိုင်းဒင်ရယ်

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)



ဓာတ်ပုံ- မင်းထက်

"တကယ်ဆို ဒီရာသီဟာ စိုင်းဒင်ရာသီလို့တောင် ပြောလို့ရတယ်"

စိတ်ဝင်တစားနဲ့ ကျွန်တော် မော့အကြည့်မှာပဲ "ဟုတ်တယ်အစ်ကို၊ အရင်နှစ်တွေကဆို အခုလိုဆောင်းရာသီမှာ ရေတံခွန်ကလည်းလှ၊ သွားရောက်လည်ပတ်လေ့လာသူတွေကလည်း နေ့စဉ်ပဲ၊ ခုတော့ ဒေသအခြေအနေအရ အကျည်းတန်ပြီး တော်တော်လေးကို ခြောက်ကပ်သွားတယ်" ဟု အမြန်ရေယာဉ်ပေါ်၌ ကျွန်တော်နှင့် ဘေးချင်းယှဉ်ကပ်ထိုင်ရင်း ပြောနေသော ကိုကျော်နိုင်ဦး၏ လေသံက နံနက်ခင်း ဆောင်းတွင်းလေပြည်နဲ့အတူ အမြန်ရေယာဉ် လိုက်ပါစီးမျောနေသော ရေစီးသံများကြား ကျွန်တော် အာရုံစူးစိုက် နားစွင့်နေရသည်။

ကျွန်တော် ဆောင်းပါးရေးမည် ဟူသော စိတ်ဆန္ဒကို သိနေ၍ပဲလား၊ စိတ်ဝင်တစားရှိမှုကို အကဲခတ်မိနေ၍ပဲလားမသိ။ စိုင်းဒင်ရေတံခွန်နှင့် ပတ်သက်၍ ဆက်လက်ရှင်းပြနေသည်။ "နွေကုန်လို့ မိုးဦးကျတာနဲ့ ရေတံခွန်ပုံရိပ်က ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားတာ၊ အခုလို ဆောင်းတွင်းရာသီကာလတစ်ခုမှာပဲ ပီပီပြင်ပြင်နဲ့ စိုင်းဒင်ရေတံခွန်ရယ်လို့ ဖြစ်ပေါ်ပြီး သာယာလှပတာပါ"ဟု စိတ်ဝင်တစား ဆက်လက်ရှင်းပြနေသော ကိုကျော်နိုင်ဦးအသံက အမြန်ရေယာဉ်မှထွက်ပေါ်လာသော စက်သံနှင့် ရေစီးသံစဉ်တွေကို လွှမ်းမိုးကာ ပီပီပြင်ပြင်ကြားလိုက်ရသည်။

အမြန်ရေယာဉ်သုံးစင်းဖြင့် ဘူးသီးတောင်မြို့မှလိုက်ပါလာသော ကျွန်တော်တို့ သတင်းအဖွဲ့သည် ဘူးသီးတောင်ပြည်သူ့ဆေးရုံဝန်ထမ်းများ၏ နယ်လှည့်ဆေးကုသမှုခရီးစဉ်နှင့်အတူ လိုက်ပါဖြစ်ခဲ့ကြသည်။ ဆောင်းတွင်းနံနက်ခင်း အေးချမ်းမှုကို အန်တုကာ လိုက်ပါလာကြခြင်းဖြစ်သည်။ မေယုတောင်တန်းသွယ်မှ တိုက်ခတ်လာသော ဆောင်းတွင်းလေအေးက ယနေ့ခေတ်လူငယ်စကားအရ ပြောရလျှင် 'နိုင်း'လောက် ရှိပေမည်။ သို့သော် ကျွန်တော်တို့အဖွဲ့ စိတ်အစဉ်က စိုင်းဒင်ရယ်လို့ ရှေးရှုနေသော ပြင်းပြသည့် စိတ်ဆန္ဒအောက်တွင် ချမ်းအေးမှုက ပျက်ပြယ်သွားခဲ့ရသည်။

ကျွန်တော်တို့အဖွဲ့လိုက်ပါလာသော အမြန်ရေယာဉ်သုံးစင်းသည် ပန်ဇင်းချောင်းအတွင်း ၁၅ မိနစ်စီးဆင်းရုံဖြင့် စိုင်းဒင်ချောင်းအတွင်းသို့ ရောက်သွားခဲ့သည်။ စိုင်းဒင်ချောင်းအတွင်း ရောက်သွားသည်နှင့် ဘေးဘက်တောင်တန်းများကို သတိထားမိလိုက်သည်။ ပြောရလျှင် စိုင်းဒင်ချောင်း ဘေးဝဲယာတွင် တောင်တန်းများက ကာရံထားသည့်အလား ဖြစ်နေသည်။ မေယုတောင်စွယ်လေးတွေပင်ဖြစ်သည်ဟု အမြန်ရေယာဉ် မောင်းသည့်ဆရာက ကျွန်တော် စေ့ငုမေးမြန်းမှုကို လှမ်းပြောသည်။

သိပ်မကြာ။ စိုင်းဒင်ချောင်း အကောက်အကွေ့များကြား စီးမျောလိုက်ပါရင်း ၂၅ မိနစ်ဝန်းကျင်တွင် မှိုင်းပျပျ သစ်အုပ်ကလေးတစ်ခုနှင့်အတူ ကျေးရွာလေး တစ်ရွာကို မြင်တွေ့လိုက်ရပြီဖြစ်သည်။ စိတ်အစဉ်မှာ စိုင်းဒင်ရေတံခွန်ရောက်ပြီလား ဟူသော မေးမြန်းမှုများက ရင်ထဲအကြိမ်ကြိမ် မေးမြန်းနေမိစဉ်။ ရောက်ပါပြီ။ သို့သော် စိတ်ဆန္ဒအရ စိုင်းဒင်ရေတံခွန်ကို ရောက်သည်တော့မဟုတ်။ ဆေးအဖွဲ့နှင့် အတူ လိုက်ပါလာသော ကျွန်တော်တို့သတင်းအဖွဲ့သည် စိုင်းဒင်ပြိုင်းချောင်းကျေးရွာသို့ ရောက်ခဲ့ကြခြင်းဖြစ်သည်။

ကမ်းခြေအရောက် အမြန်ရေယာဉ်ပေါ်မှ ဆင်းလိုက်သည်နှင့် အမျိုးသမီး၊ အမျိုးသား၊ လူကြီး၊ လူငယ်၊ လူလတ်၊ ကလေးမကျန် စောင့်မျှော်နေသည့် မျက်လုံးအစုံက ကျွန်တော်တို့အဖွဲ့ဆီ။ ယင်းအထဲတွင် အသက် ၇၀ ဝန်းကျင် အဘိုးဦးမောင်သိန်းမှာ ကျွန်တော်တို့အဖွဲ့ကို မြင်လိုက်သည်နှင့် ဝမ်းသာကြည်နူးသောပုံရိပ်ကို အထင်းသား တွေ့လိုက်ရသဖြင့် အနီးနားသို့ ကျွန်တော်သွားရောက်ကာ တရင်းတနှီး မိတ်ဆက်ဖြစ်ခဲ့သည်။ "အဘက ဒီမှာရောက်တာကြာပြီလား ခင်ဗျ၊ စိုင်းဒင်ရေတံခွန်က ဒီနဲ့ ဝေးသေးလား" ကျွန်တော့်အမေး မဆုံးခင်မှာပင် "ဒီနားလေးပဲငါ့တူ၊ ခဏပဲသွားရမှာ၊ လမ်းလျှောက်သွားလို့တော့ မရဘူး၊ သမ္ဗန်နဲ့ပဲ သွားရတာ၊ ငါ့တူတို့သွားချင်လို့လား၊ ဦးလိုက်ပို့ပေးမယ်လေ"ဟူသော ရင်တွင်းစကားသံက တရစပ်ပွင့်ထွက်လာသဖြင့် ကျွန်တော့်စိတ်ထဲ ဝမ်းသာပီတိဖြစ်သွားသည်။



ဓာတ်ပုံ- မင်းထက်

မှန်ပါသည်။ ကျွန်တော်တွေးထင်မိသည့်အတိုင်းပင် စိုင်းဒင်ချောင်းဝန်းကျင်၌ ကုန်းလမ်းခရီးအနေဖြင့် အရိပ်အယောင် မတွေ့မြင်ရ။ ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် ခရီးဝေးနီး ရေလမ်းကိုပဲ ဦးစားပေးသွားနေကြရသည်ကို ဒေသခံတစ်ဦးထံမှ ကြားသိထားခဲ့ရဖူးသည်။ သို့မို့ကြောင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသောကဏ္ဍအသီးသီးမှာ နောက်ကျကျန်ရစ်နေခဲ့ရပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။

စိုင်းဒင်ချောင်းဘေးတွင် တည်ရှိသော စိုင်းဒင်ပြိုင်းချောင်းကျေးရွာသည် ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း တည်ရှိသည်။ စိုင်းဒင်ချောင်းကိုအစွဲပြုကာ ယင်းကျေးရွာကို စိုင်းဒင်ပြိုင်းချောင်းကျေးရွာဟု အမည်တွင်စေခဲ့ပြီး ဝန်းကျင်တွင် ကျေးရွာပေါင်း ၃၀ ခန့်ရှိသည်။ ကျေးရွာအများစုမှာ ရခိုင်၊ မြို၊ ခမီနှင့် ဒိုင်းနက်စသော ဒေသခံတိုင်းရင်းသားအများစုတို့ ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် အတူ အေးချမ်းစွာ နေထိုင်ခဲ့ကြကြောင်း သိခဲ့ရသည်။ ယင်းကျေးရွာများ၏ ဝန်းကျင်ပသာဒ လှပမှု ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း စသော အမှီသဟဲပြုမှုများသည် စိုင်းဒင်ချောင်းကို အမှီပြု၍ ရှင်သန်နေကြရသည်။ ပြောရလျှင် ဒေသခံပြည်သူများအတွက် စိုင်းဒင်ချောင်းသည် သူတို့၏ အသက်သွေးကြောပင် ဖြစ်နေသည်။

အိန္ဒိယလွင်ပြင်မှ စတင်စီးဆင်းကာ ဖြစ်ပေါ်လာသော စိုင်းဒင်ချောင်းသည် ရခိုင်ကမ်းမြောင်ဒေသတွင် အကြီးမားဆုံးသော ရေတံခွန်တစ်ခုအဖြစ် ယနေ့တိုင် ရှင်သန်စီးဆင်းလျက်ရှိသည်။ စိုင်းဒင်ချောင်း အမှီသဟဲပြုကာ ဖြစ်ပေါ်ခဲ့မှုကြောင့် စိုင်းဒင်ရေတံခွန်ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။ ရေတံခွန်အမြင့်မှာ ပေ ၇၀ ခန့်ရှိပြီး အကျယ်အဝန်းအားဖြင့် ပေ ၇၀၀ ဝန်းကျင် ကျယ်ဝန်းကာ အမြင့်ပေ ၅၀၀၀ ရှိသော ဝဲယာ တောင်တန်းနှစ်ခုကြား တသွင်သွင် စီးဆင်းလျက်ရှိနေသည်။ သဘာဝရေအားလျှပ်စစ်နှင့် သဘာဝဝါးတောများ ပေါက်ရောက်ဝန်းရံလျက်ရှိမှုကြောင့် ယခင် ခေတ်အဆက်ဆက်ကပင် ထုတ်ယူသုံးစွဲရန် ကြိုးပမ်းခဲ့ကြသော်လည်း ယနေ့တိုင် မအောင်မြင်ခဲ့ပေ။ စိုင်းဒင်ရေတံခွန်ကို ရေအားလျှပ်စစ်ထုတ်လွှတ်ရန် ပြီးခဲ့သော ၂၀၁၁ ခုနှစ်တွင် ပြည်ပကုမ္ပဏီတစ်ခုက နိုင်ငံတော်ခွင့်ပြုချက်ဖြင့် Survey လုပ်ရာတွင် မြေအောက်လျှင်ကြောတစ်ခု တွေ့ရှိခဲ့မှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန် စီမံကိန်းမှာ ရပ်တန့်ခဲ့ရကြောင်းနှင့် ယခင်ကလည်း ပြည်တွင်း ပြည်ပကုမ္ပဏီများအနေဖြင့် အကြိမ်ကြိမ် လာရောက်လေ့လာ စမ်းသပ်မှုများပြုလုပ်ခဲ့ကြသော်လည်း အောင်မြင်မှုမရှိခဲ့ဘဲ ပျက်သုဉ်းသွားခဲ့ရကြောင်း သိရသည်။

စိုင်းဒင်ရေတံခွန်သည် ဘူးသီးတောင်မြို့နယ်တွင်းရှိ ကျေးလက်ဒေသအလှကို ဖန်တီးပေးသည့်အပြင် ဝန်းကျင်ဒေသများဖြစ်သော မောင်တော၊ စစ်တွေ၊ ရသေ့တောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လာရောက်လည်ပတ်ရာ နေရာတစ်ခုလည်းဖြစ်သည်။ ယခင်နှစ်များအတွင်းတွင် ယခုကဲ့သို့ ဆောင်းတွင်းရာသီ၌ နေ့စဉ်နှင့်အမျှ စည်ကားလျက်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။ စိုင်းဒင်ရေတံခွန်အထက်တွင်ရှိသော ချောင်းမြောင်းများကို အမှီသဟဲပြုလုပ်ကိုင်စားသောက်နေသော ဒေသခံပြည်သူများသည် အဆိုပါစိုင်းဒင်ချောင်း ရေတံခွန်မှ ဝါးများကို ဖောင်ဖွဲ့မျှောကာ သယ်ဆောင်ရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသည်။

အိန္ဒိယနိုင်ငံလွင်ပြင်မှစီးဆင်းကာ ဖြစ်ပေါ်လာသော စိုင်းဒင်ချောင်းသည် ယခုအခါ ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်ဒေသဝန်းကျင် ကျေးရွာများမှ တိုင်းရင်းသား ပြည်သူများအား လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး စသော အသက်မွေးဝမ်းကျောင်း အမှီသဟဲပြုနေမှုများအတွက် အထောက်အကူပြုလျက်ရှိသည်။ စိုင်းဒင်ချောင်း ထာဝရစီးဆင်းနေမှုသည် ဒေသခံပြည်သူများ၏ အသက်သွေးကြောဖြစ်၍ ပြည်သူများ အတွေးပုံရိပ်တွင် စိုင်းဒင်ချောင်း အစဉ်အမြဲ စီးဆင်းနေမှုမှာ ထာဝရဘုရားသခင်ကပေးသော ဆုလာဘ်တစ်ခုပင် ဖြစ်ပေသည်။ ။

"စိုင်းဒင်ချောင်းကိုအစွဲပြုကာ ယင်းကျေးရွာကို စိုင်းဒင်ပြိုင်းချောင်းကျေးရွာဟု အမည်တွင်စေခဲ့ပြီး ဝန်းကျင်တွင် ကျေးရွာပေါင်း ၃၀ ခန့်ရှိသည်။ ကျေးရွာအများစုမှာ ရခိုင်၊ မြို၊ ခမီနှင့် ဒိုင်းနက်စသော ဒေသခံတိုင်းရင်းသားအများစုတို့ ရှေးနှစ်ပေါင်းများစွာကတည်းကပင် အတူအေးချမ်းစွာနေထိုင်ခဲ့ကြကြောင်း သိခဲ့ရသည်။ ယင်းကျေးရွာများ၏ ဝန်းကျင်ပသာဒ လှပမှု၊ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း စသော အမှီသဟဲပြုမှုများသည် စိုင်းဒင်ချောင်းကို အမှီပြု၍ ရှင်သန်နေကြရသည်။ ပြောရလျှင် ဒေသခံပြည်သူများအတွက် စိုင်းဒင်ချောင်းသည် သူတို့၏ အသက်သွေးကြောပင် ဖြစ်နေသည်"

# ပဲစင်းငုံသီးနှံပေါ်ချိန် ဈေးကောင်းမရ၍ တောင်သူများအရှုံးပေါ်

**မလှိုင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ပဲစင်းငုံသီးနှံပေါ်ချိန်တွင် ဈေးကောင်းမရရှိသဖြင့် တောင်သူများ အရှုံးပေါ်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ပဲစင်းငုံသီးနှံသည် နှစ်စဉ်ဈေးကောင်းရရှိသဖြင့် တောင်သူများ စီးပွားရေးအရ တွက်ခြေကိုက်သလို နွားစာအတွက်လည်း အဆင်ပြေသဖြင့် တောင်သူအများစု အတွက် နှစ်စဉ် မပါမဖြစ် စိုက်ပျိုးသည့်သီးနှံဖြစ်ရာ ယခုနှစ် ပဲစင်းငုံသီးနှံပေါ်ချိန်တွင် ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၁၁၀၀၀ မှ ၁၂၀၀၀ ခန့်သာ ရောင်းရသဖြင့် တောင်သူများ တွက်ခြေမကိုက်ဘဲ အရှုံးပေါ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူလုပ်လာတဲ့ သက်တမ်းတစ်လျှောက် ပဲစင်းငုံဈေးက ဒီနှစ် အဆိုးဆုံးပါပဲ၊ ခါတိုင်းနှစ်တွေမှာ ဈေးမကောင်းဘူးဆိုရင်တောင် သီးနှံစပေါ်ချိန် တစ်တင်းကို နှစ်သောင်း၊ နှစ်သောင်းခွဲကျော် ရောင်းရပါတယ်၊ နောက်ပိုင်းဆို ပိုပြီး ဈေးကောင်းတတ်ပါတယ်၊ ဒီနှစ်တော့ တောင်သူတွေ အတော်နစ်နာပြီး အရှုံးပေါ်ပါတယ်၊ သီးနှံဈေးကောင်းမရတဲ့အပြင် အလုပ်သမားခအပါအဝင် အခြားသွင်းအားစုတွေက ဈေးမကျတော့ ပိုဆိုးတာပေါ့"ဟု တောင်သူ ဦးငွေစန်းက ပြောသည်။

မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံအများစုမှာ မိရိုးဖလာတောင်သူလုပ်ငန်းကို အဓိက ထား လုပ်ကိုင်ကြပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ မလှိုင်မြို့နယ်၌ သီးနှံမျိုးစုံစိုက်ပျိုးပြီး ပဲစင်းငုံသီးနှံကို မိုးဦးကာလ မေလဆန်းပိုင်းမှစတင်ပြီး နှမ်း၊ မြေပဲ၊ ဝါ၊ ပဲတီစိမ်း၊ ပဲနောက် စသည့် သီးနှံများနှင့် ရောနှော၍ သီးညှပ်အနေဖြင့်လည်းကောင်း၊ ပဲစင်းငုံသီးသန့်စိုက်ခင်းအနေဖြင့်လည်းကောင်း စိုက်ပျိုးကြပြီး နိုဝင်ဘာလကုန် ဒီဇင်ဘာလဆန်းပိုင်းတွင် နုတ်သိမ်းကြရကြောင်း သိရသည်။ **အောင်ငွေး(မလှိုင်)**

# သခွားမွှေး စမ်းသပ်စိုက်ပျိုးမှုအောင်မြင်၍ မကြာမီ တရုတ်ဈေးကွက်သို့ တင်ပို့မည်

**ရေတာရှည် ဒီဇင်ဘာ ၃၀**

တရုတ်ဈေးကွက်၏ ဝယ်လိုအားကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ဆွာချောင်းအနီးတွင် စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိသော ဝူခုန်းသခွားမွှေးစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ၍ မကြာမီ ဈေးကွက်သို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ကိုယ်တိုင်စိုက်ပျိုးနေသည့် တောင်သူတစ်ဦးက ပြောကြားသည်။

"တရုတ်နိုင်ငံရဲ့ မြေအနေအထားထက် ကျွန်တော်တို့ဆီကမြေက ပိုစိုက်ပျိုးလို့ကောင်းတယ်၊ သူတို့ဘက်က မျိုးကို ဈေးကြီးကြီးနဲ့ တင်ပို့ရောင်းချတယ်၊ အဲဒီမျိုးကိုပဲ ကျွန်တော်တို့ဘက်က တောင်သူတွေက စိုက်တော့ အောင်မြင်တယ်၊ ဈေးကွက်ကောင်းတယ်၊ အခု စစိုက်တဲ့ ဝူခုန်းသခွားမွှေးဆို ဈေးကွက်ကောင်းတယ်၊ တစ်လုံးကို တစ်ကီလို နှစ်ကီလိုခွဲလောက်အထိ ကြီးတယ်၊ ဒီမှာစိုက်တဲ့အခါကျတော့ တစ်ဧကကို အပင်ရေ ၆၀၀၀ လောက် ဝင်တယ်၊ ရေသွင်း၊ မြေသြဇာ၊ အပင်နဲ့ အသီးကိုပြုစုဖို့ အလုပ်သမားစရိတ် အားလုံးတွက်ကြည့်ရင် ၂၅ သိန်းနဲ့ သိန်း ၃၀ ကြား ကုန်ကျစရိတ်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ယခုစိုက်ပျိုးသည့် ဝူခုန်းသခွားမွှေးမှာ တိုင်ထောင်မျိုးဖြစ်ကာ အရွက်အားကို ထိန်းသိမ်းရခြင်းနှင့် အသီးကို စက္ကူအိတ်များဖြင့်သွပ်၍ ပိုးမွှားများကျရောက်ခြင်းမရှိစေရန် ဆောင်ရွက်ရခြင်းတို့ကြောင့် အလုပ်သမားစရိတ်များစွာရှိသော်လည်း လက်ရှိ မူဆယ် ပေါက်ဈေးနှုန်းအရ တစ်လုံးလျှင် နှစ်ထောင်ကျပ်နှင့်အထက် ဈေးရှိနေသည့်အတွက် စိုက်ပျိုးသူများအဖို့ အကျိုးအမြတ်များစွာရရှိနိုင်ကြောင်း ခန့်မှန်းမှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

# မြန်မာအမျိုးသမီးအသင်း ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လစ်လပ်လျက်ရှိသော မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်နေရာအတွက် လာမည့်နှစ်ဆန်းပိုင်းတွင် နိုင်ငံခြားသားနည်းပြတစ်ဦး ခန့်အပ်မည်ဖြစ်ပြီး ၎င်းရောက်ရှိလာပါက ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ဇွန် ၂၁ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပမည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုနှင့်ဝေးကွာနေမှုကို အဆုံးသတ်နိုင်ရန်လိုအပ်နေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီး ဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားရန်နှင့် အမျိုးသမီးဘောလုံးသမားများ ထွက်ပေါ်လာရန် KBZ Bank Women's League ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ကျင်းပလျက်ရှိပြီး ဒုတိယ ရာသီကို ဒီဇင်ဘာ ၂၇ ရက်မှစ၍ ကျင်းပလျက်ရှိသည်။



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း။ ဓာတ်ပုံ-စိုးညွန့်

မြန်မာ အမျိုးသမီးအသင်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ခန့်အပ်မည့် ဂျပန်လူမျိုးနည်းပြချုပ်မှာ ဇန်နဝါရီ ပထမပတ်တွင် ရောက်ရှိလာမည်ဖြစ်ပြီး အပြီးသတ်စာချုပ် ချုပ်ဆိုပြီးပါက မြန်မာ အမျိုးသမီးအသင်းအတွက် ပြင်ဆင်ဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၇ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဆုရပြီးနောက်ပိုင်း ဆယ်စုနှစ်တစ်ခုကျော် ချန်ပီယံအောင်မြင်မှုနှင့် ဝေးကွာလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ယှဉ်ပြိုင်ခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် တတိယဆုသာရခဲ့သလို ၂၀၁၈ အာရှဖလား အမျိုးသမီးပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ယခင်နည်းပြချုပ်ဟောင်း နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာနှင့် လမ်းခွဲခဲ့ပြီး ဂျပန်နည်းပြတစ်ဦးနှင့် အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော်လည်း အာရှအားကစားပြိုင်ပွဲတွင်မူ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ကာ ပြိုင်ပွဲနှစ်ခုစလုံးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိန်း**

# မကူးစက်နိုင်သောရောဂါများ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေး

**လှိုင်ကော် ဒီဇင်ဘာ ၃၀**

ရောဂါများဆက်လက်မဖြစ်ပွားစေရေးအတွက် ကြိုတင်တားဆီး ကာကွယ်ကုသနိုင်စေရန်နှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေပြီး ထိရောက်စွာကုသနိုင်စေရန်အတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသခြင်းဆိုင်ရာ အသိပေး ဆွေးနွေးတင်ပြပွဲကို လှိုင်ကော်မြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသခြင်းနှင့်ပတ်သက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရီက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ အရှေ့တောင် အာရှနိုင်ငံများတွင် မကူးစက်နိုင်သောရောဂါများကြောင့်သေဆုံးသည့် လူဦးရေမှာ တစ်နှစ်လျှင် (၈ ဒသမ ၅)သန်း ရှိကြောင်း၊ အရွယ်မတိုင်မီသေဆုံးသူ (၄ ဒသမ ၁)သန်းခန့်ရှိကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များကြောင်း၊ ရောဂါများ ကြိုတင်တားဆီးကုသနိုင်ရန်အတွက် အစိုးရနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ NGO များဖြင့် ပူးပေါင်းပြီး လူထု အခြေပြုကုသရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်းနှင့် အားလုံး ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းကြောင်း အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက် မန်နေဂျာ ပါမောက္ခ ဒေါက်တာကိုကိုကလည်း သွေးတိုးနှင့်နှလုံးသွေးကြောကျဉ်းခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်နှင့် အခြားအသက်ရှုလမ်းကြောင်းရောဂါများကို ရှာဖွေကုသမှုလုပ်ငန်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်သည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **ပြည်နယ် (ပြန်/ဆက်)**

# သီးနှံကာကွယ်ရေးနည်းပညာပေးသင်တန်း ညောင်ဦးတွင်ဖွင့်

**ညောင်ဦး ဒီဇင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဒေသတွင်းမှ တောင်သူများအတွက် သီးနှံကာကွယ်ရေး နည်းပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၈ ရက်က ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သီးနှံကာကွယ်ရေး နည်းပညာပေးသင်တန်းသို့ ခရိုင်၊ မြို့နယ်နှင့် ဥယျာဉ်ခြံရုံးတို့မှ(ဝန်ထမ်း) သင်တန်းသား၊ သင်တန်းသူ ၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်က နည်းပညာပေးသင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စိန်တစ်လုံးသရက်စိုက်ပျိုးနည်းနှင့် သရက်ပင်များတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများအကြောင်း၊ ဖျက်ပိုး အမျိုးအစားခွဲခြားပြီး ဘက်စုံကာကွယ် နှိမ်နင်းနည်းများအကြောင်း စသည်တို့ကို သင်ကြားပို့ချပေးခဲ့သည်။

ထို့အပြင် ခရိုင်မျိုးစေ့ တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေက စပါးခေါင်နှံမျိုးပွားနည်းအကြောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက သဘာဝမြေသြဇာ (မြေဆွေး)ပြုလုပ်နည်းအကြောင်း၊ စိုက်ပျိုးရေးဥယျာဉ်ခြံတာဝန်ခံ ဒေါ်မြင့်စန်းကြည်က ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး လိုက်နာသိရှိရမည့် အခြေခံအချက်များ၊ ဦးစီးအရာရှိ ဒေါ်မင်းမင်းသွင်က ဝါသီးနှံတွင် ကျရောက်လေ့ရှိသည့် ဖျက်ပိုးများအကြောင်း စသည်တို့ကိုလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပျော်ရွှင်စရာကလေးတို့ကမ္ဘာ အစီအစဉ်ဖြင့် ပြိုင်ပွဲများပြုလုပ်

**ချောင်းဆုံ ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ကလေးငယ်များ ဉာဏ်ရည် ထက်မြက်စေရန်၊ မှတ်ဉာဏ်စွမ်းအား တိုးတက်ကောင်းမွန်လာစေရန်နှင့် ပြောရဲဆိုရဲ သည့် အလေ့အကျင့်ကောင်းများ ရှိလာစေရန် ရည်ရွယ်ပြီး ပျော်ရွှင်စရာကလေးတို့ကမ္ဘာ အစီအစဉ်ဖြင့် ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် ကလေးများအတွက် အရုပ်ခေါက်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်တိုးတက်ရေးအတွက် ပုံပြောပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး ပြိုင်ပွဲတွင် ကလေးငယ် ၂၀ မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ပြန်/ဆက်ဝန်ထမ်းများက ပြိုင်ပွဲဝင် ကလေးများအား အချိုရည်နှင့်မုန့်များကျွေးမွေးပြီး စာရေးကိရိယာများ လက်ဆောင်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ငွေစာရင်းရေးသွင်းမှုသင်တန်း ဖွင့်လှစ်ပို့ချ

**သဲကုန်း ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း ကျေးရွာများအနက် စီမံကိန်း ငါးယူနစ်မှ စီမံကိန်းဝင်များအား မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ ငွေစာရင်းရေးသွင်းမှုပုံစံများ သိရှိနားလည်စေရန်ရည်ရွယ်၍ မြို့နယ်မြစိမ်းရောင် ကော်မတီဝင်များ၊ ဌာနဝန်ထမ်းများမှ ဒီဇင်ဘာလ နောက်ဆုံးပတ်က ချင်းကုန်းကျေးရွာအုပ်စု ဓမ္မာရုံ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး၊ မြေ(၁)ကွက်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ သိုလှောင်ရုံ(၃)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ မြေ(၁)ကွက်တို့အား (၅)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့်လည်းကောင်း ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး၊ မြေ(၁)ကွက်**

Lot(1) (၁) သိုရုံ ၁၉/၂၀(၂)လုံးတွဲ(၁)လုံး(၁၂၀'×၆၀'×၁၅') (သွပ်၊သွပ်၊ကွန်)၊အုပ်စု (၁)၊ နာဂလိုဏ်ဂူဝင်း၊ မရမ်းကုန်းမြို့နယ်။

Lot(2) (၂) (၈၀'×၁၀၀')ရှိမြေကွက်၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ ဖန်ချက်စက်လမ်း။

(ခ) **ရှမ်းပြည်နယ်မှ သိုလှောင်ရုံ(၃)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ မြေ(၁)ကွက်**

Lot(3) (၁) မြေဒသမ ၅၀၆ဧကနှင့် သိုလှောင်ရုံ(၃)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေး။

(ဂ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၁၈ရက်မှ၃၁-၁-၂၀၁၈ရက်ထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ

(ဃ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁-၂-၂၀၁၈ရက် ၁၂း၀၀နာရီ

(င) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၂-၂၀၁၈ရက် မွန်းလွဲ ၁၃း၀၀နာရီ

(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး၊ လားရှိုးမြို့

(ဆ) **Depositပေးသွင်းနိုင်သည့် ဘဏ်များ** - တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(ဇ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဈ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်။

၂။ အဆိုပါသိုလှောင်ရုံ(၄)လုံး၊ အခြားအဆောက်အအုံ(၁)လုံး၊ မြေ(၂)ကွက်၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၈၂-၂၂၀၃၀၃၉ သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
## (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)

# သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၂၀၁၈ပညာသင်နှစ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ ဖွင့်လှစ်မည့်ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) (ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး)သင်တန်းများ ဝင်ခွင့်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးအခြေခံပညာအထက်တန်း(က)အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) ကုသရေးဦးစီးဌာနနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်ခွဲ)၊ (ဓာတ်မှန်)ရာထူးဖြင့် အနည်းဆုံးလုပ်သက် (၅)နှစ်တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်။
(င) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက (၃)နှစ်ဆက်တိုက်ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာပိတ်ရက်မှာ ၁၆-၁-၂၀၁၈ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

၃။ ပူးတွဲလျှောက်လွှာပုံစံအတိုင်း ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေးသို့ မပျက်မကွက်ပေးပို့လျှောက်ထားရမည်။

**မှတ်ချက်**။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီး ပေးပို့သောလျှောက်လွှာများ၊ သတ်မှတ်ချက်မပြည့်စုံသောလျှောက်လွှာများ၊ သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကိုလုံးဝ (လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ/နှုတ်ဖြေ စာမေးပွဲများဖြင့်စစ်ဆေးရွေးချယ်ပါမည်။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၆-၁-၂၀၁၈ရက် (သောကြာနေ့)ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူပေးပို့ရမည့်အချက်များ

(က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ
(ခ) ဝန်ထမ်းစိစစ်ရေးကတ်(မိတ္တူ)နှင့်ဝန်ထမ်းကိုယ်ရေးကတ်(မိတ္တူမှန်)
(ဂ) အခြေခံပညာအထက်တန်း (သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူမှန်)
(ဃ) ၆လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံတစ်ပုံကို လျှောက်လွှာတွင်ကပ်ပြီးအပို နှစ်ပုံကိုပူးတွဲပို့ရန်(ကျောဘက်တွင် အမည်နှင့် မှတ်ပုံတင်အမှတ်ဖော်ပြပါရန်)
(င) လက်ရှိတာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံစာ(မူရင်း)

၆။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၃၀၁၇ သို့ပေးသွင်းရမည်။

**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး ငွေစာရင်းအမှတ် MD-၀၁၃၀၁၇သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး(ဖုန်း-၀၂-၅၈၀၃၇၊ ၀၂-၅၇၀၁၂-လိုင်းခွဲ၂၀၂)တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၏ Website:http://www.umtmandalay. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး(နေပြည်တော်)

# ယာဉ်မောင်းသင်တန်းကျောင်း

၆-၁-၂၀၁၈ရက် စတင်ဖွင့်လှစ်မည်။ စနေ၊ တနင်္ဂနွေ ပုံမှန်သင်တန်းနှင့် အမြန်သင်တန်းများကို Auto/Manual Saloon ကားသစ်များဖြင့် (ပိတ်ရက်မရှိ) သင်ကြားပေးနေပါသည်။

မြို့မဈေးမှအကြို/အပို့စီစဉ်ပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - ပုဗ္ဗသီရိမြို့၊ ရွာတော်(ကညန)ရုံးနှင့် ကပ်လျက် (နေပြည်တော်)
ဖုန်း-၀၆၇-၅၁၀၀၃၂၊ ၀၉-၄၀၂၇၀၁၉၂၆၊ ၀၉-၅၃၆၆၁၈၆

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

